www.burmeseclassic.com

# ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်

## ဦးလွမ်းအောင်

ကျွန်တော်ရေးခဲ့ရာ
အတွေးစာစုများ



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

မျက်နှာဖုံး
မောင်မြင့်ဌေး

အတွင်းစာစီ
စန်းစန်းထွေး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)
အမှတ်(၂၇၉/ခ)၊လမ်း(၄၀)၊(၉)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်။

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ရတနာမြိုင်လမ်း၊(၁၂)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ

အုပ်ရေ
၅၀၀

တန်ဖိုး
ကျပ် ၂၀၀၀

---

ထုတ်ဝေသည့် ကတ်တလောက်အညွှန်း
ငြိမ်းမြင့် ပါစိုင်း စစ်ကိုင်းရောက်ရောက်
ညီလွှမ်းအောင် - ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၄၊
၁၈၂ စာ၊ ၁၃.၄၆၂ စင်တီ × ၂၁.၀၈၂ စင်တီ၊
(၁) ငြိမ်းမြင့် ပါစိုင်း စစ်ကိုင်းရောက်ရောက်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

အကျဉ်းထောင်နှင့် ပတ်သက်သော အကြောင်းအရာများ၊ အဖြစ်အပျက်၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို 'နရသိန် ရသမြောက် လျှို့ဝှက်သည်းဖိုမှုခင်းမဂ္ဂဇင်း'အမည်ဖြင့် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလမှစ၍ လစဉ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် နရသိန်မဂ္ဂဇင်း စတင်ထုတ်ဝေစဉ်ကပင် မဂ္ဂဇင်း၏ မူဝါဒများကို ထိန်းကျောင်းရန် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့ရပါသည်။ နရသိန်သည် ဌာနဆိုင်ရာထုတ်ဝေခွင့်ဖြင့် ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်ဖြစ်သော်လည်း အနှစ်ကင်းမဲ့သည့် မဂ္ဂဇင်းတစ်စောင်မဖြစ်အောင်၊ တစ်ဖက်စောင်းနင်းမဖြစ်အောင် သတိထား၍ ထိန်းကျောင်းခဲ့ပါသည်။ 'နရသိန်'ဟူသော အမည်သည်ပင်လျှင် ကျွန်တော်ပေးခဲ့သော အမည်ဖြစ်ပါသည်။ ထို့ကြောင့် စာပေနယ်တွင် နရသိန်သည် အထိုက်အလျောက် နေရာရခဲ့ပါသည်၊ အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်၊ တာဝန်ခံအယ်ဒီတာ ဆရာ မောင်ညိုအေး(ပန်းတော)နှင့် ကျွန်တော်တို့နှစ်ဦးသည် အညှိအနှိုင်း၊ အဆုတ်အတက်၊ အလျှော့အတင်းတို့ဖြင့် ပေါင်းစပ်ချင့်ချိန်၍ မဂ္ဂဇင်းကို ထိန်းကျောင်းရွက်လွှင့်ခဲ့ကြပါသည်။ ကျွန်တော်တို့ မဂ္ဂဇင်းကို စတင်ထုတ်ဝေစဉ်က အကျဉ်းထောင်နှင့် ပတ်သက်သော အကြောင်းအရာများကို ရေးသည့် စာအုပ်ဆို၍ နရသိန်တစ်အုပ်တည်းသာ ရှိပါသည်။ ကိုညိုအေးနှင့် ကျွန်တော်၊ သူကျွမ်းကျင်သည်ကို ကျွန်တော်မသိ၊ သူ မသိသည်ကို ကျွန်တော်သိသည်။ နှစ်ယောက်ပေါင်းလိုက်တော့ နရသိန်ကို မောင်းနှင်နိုင်စွမ်းက အတော်ခရီးရောက်ခဲ့ပါသည်။ နရသိန်သည် ကျွန်တော်တို့ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ ကျွန်တော်တို့နှစ်ယောက် ပျော်ရွှင်တက်ကြွစွာ ခရီးနှင်ခဲ့ကြသည်။

မဂ္ဂဇင်းတစ်အုပ်တွင် အယ်ဒီတာ့ အာဘော်မပါလျှင် အင်္ဂါမစုံဟု ကျွန်တော်ယူဆသည်။ **မဂ္ဂဇင်းတစ်ခု၏ အယ်ဒီတာ့အာဘော်သည် မှာ ထိုမဂ္ဂဇင်း၏ မူဝါဒ၊ ယုံကြည်မှု၊ ရပ်တည်ချက်နှင့် သဘောထားကို**

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြလျက်ရှိသည်ဟု ဆိုကြပါသည်။ ထို့ပြင် ရောက်ရှိနေသော ခေတ်၊ အခြေအနေ၊ အချိန်အခါတစ်ခုအတွက်လည်း ကျွန်တော် တာဝန်ကျေချင်ပါသည်။ ထို့ကြောင့် နရသိန်မဂ္ဂဇင်း၏ အယ်ဒီတာ့အာဘော်ကို ကျွန်တော် တာဝန်ယူ၍ရေးပါသည်။ ရေးလို့ ရသလောက် ရေးသင့်သည်များကို အယ်ဒီတာ့ အာဘော်တွင် ကျွန်တော်ရေးပါသည်။ ထိုက်သင့်သလောက် တာဝန်ကျေအောင် တွေးမိသမျှ ကလောင်ဖြင့် တို့ထိ၍ ကျွန်တော်ရေးခဲ့သည်။ အသိပေးခဲ့သည်။ နှိုးဆော်ခဲ့သည်။ တိုက်တွန်းခဲ့ပါသည်။ အကြောင်းအမျိုးမျိုးတို့ဖြင့် ၂၀၁၄ ခုနှစ်၊ မေလအတွက် ထုတ်ဝေခဲ့သော 'ဘဝသစ်'တစ်ဖြစ်လဲ နရသိန်မဂ္ဂဇင်းသည် နောက်ဆုံး ထုတ်ဖြစ်ခဲ့ရပါသည်။

BURMESE CLASSIC

ဤတွင် ရေးဖော်ရေးဖက်တချို့နှင့် စာဖတ်သူအချို့က တိုက်တွန်းအကြံပေးမှုများ ရှိလာပါသည်။ နရသိန်တွင် ကျွန်တော်ရေးခဲ့သော အယ်ဒီတာ့အာဘော်များကို စုစည်း၍ စာအုပ်ထုတ်ရန်ဖြစ်ပါသည်။ ကျွန်တော် သဘောကျသွားသည်။ ကျွန်တော့်အတွက် မှတ်တမ်းအနေဖြင့် စုစည်းပြီးသားလည်း ဖြစ်သွားပါမည်။ ထို့ပြင် ဆောင်းပါးအချို့ကိုပါ ပေါင်းစပ်စုစည်း ထည့်သွင်းလိုက်ပါသည်။ အားလုံးခြုံလိုက်တော့ ကျွန်တော် ရေးခဲ့မိသော ကျွန်တော်၏ အတွေးစာစုများ ဖြစ်သွားပါသည်။

ကျွန်တော့်စာများကို ဖတ်ပြီး မကြိုက်သူများ၊ သဘောထားကွဲလွဲသူများရှိပါလိမ့်မည်။ သို့သော် ဒါက အကြောင်းမဟုတ်။ သဘာဝပင်ဖြစ်ပါသည်။ ကျွန်တော်ကတော့ တာဝန်ကျေပွန်မှုတစ်ခုအတွက် မှတ်ကျောက်အတင်ခံလိုက်ချင်သေးသည်။ ဒါကြောင့် ကျွန်တော့်ကလောင်ကို ဇက်ဖွင့်၍ လွှတ်ကြည့်လိုက်ပါသည်။ 'ငါ့မြင်း ငါစိုင်း-စစ်ကိုင်းရောက်ရောက်'ဟုပင် ဆိုရချေတော့မည်။

ညိုလွမ်းအောင်

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

# တို့ဗိုလ်ချုပ်

(၁) အမျိုးသားခေါင်းဆောင်

(၂) အောင်ဆန်းနော်-တေဇနော်

www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသားခေါင်းဆောင်

'ဖေဖော်ဝါရီ ၁၃မှာ ဗိုလ်ချုပ်မွေးနေ့ပါ'ဟု အော်ဟစ် ရွတ်ဆိုပြီး မည်သည်တို့ လုပ်ကြဦးမည်နည်း။ ဖေဖော်ဝါရီလထဲမှ ချစ်သူများနေ့ (Valentine's Day) ဖေဖော်ဝါရီ (၁၄)ရက်ကိုသာ သိပြီး ဗိုလ်ချုပ်မွေးနေ့ကို မသိသော လူငယ်များအား အပြစ်တင်ကြဦးမည်လား။ ဗိုလ်ချုပ်ပုံတွေ အခုမှ ပြန်မြင်ရတာ ဝမ်းသာလိုက်တာ၊ ကြည်နူးလိုက်တာ၊ မျက်ရည်တောင် ကျချင်တယ်ဟု ပြောဆိုကြသော ရင်လှိုင်းခတ်သံများအပေါ် မည်သို့ ခံစားပေးကြမည်နည်း။

လောလောဆယ်တွင်တော့ အဝေးပြေးကားဂိတ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ မီးပွိုင့်၊ လမ်းဆုံ၊ လမ်းမ နေရာတကာအနှံ့ မြေပြင်တွင် ချခင်းပြီး၊ လက်တွင်းကိုင်ဆောင်ပြီး ရောင်းစားခံနေရသော အဆင့်မမီသည့် ဗိုလ်ချုပ်ပုံတွေကို ကြည့်ပြီး မည်သူတွေကို မည်သို့ပြောရမည် မသိ။ စနစ်တကျ၊ အဆင့်တန်းရှိရှိ၊ အဆင့်မီမီဖြစ်အောင် ထိန်းသိမ်းရန်သင့်ပါသည်။ ဗိုလ်ချုပ်ကို ချစ်သည့် ပြည်သူများ၏ ရိုးသားသော စိတ်ခံစားမှုအပေါ်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်းယူပြီး တစ်ကွက်လေးလွတ်လိုက်သည်နှင့် လုပ်စားပစ်လိုက်ကြသော လောဘသားများကို နာကြည်းချင်သည်။

ဗိုလ်ချုပ်ကို ဘာကြောင့် ချစ်ကြတာလဲ၊ ဗိုလ်ချုပ်ကို ဘာကြောင့် လေးစားကြတာလဲ၊ ဗိုလ်ချုပ်ကို ဘာကြောင့် အရေးထားကြတာလဲ၊ ရေးသားထားကြသည်များ၊ ပြောဆိုခဲ့ကြသည်များမှာ ထောင်းလမောင်းကြေ၍ စုံတကာစေ့ခဲ့ပြီမို့ ထပ်မံရေးရန်၊ ပြောရန် မလိုအပ်တော့ပါပြီ။ အချုပ်ဆိုရလျှင် ချစ်ထိုက်၊ လေးစားထိုက်၊ အရေးထားထိုက်၍သာဖြစ်သည်ဟု ဆိုရပါမည်။ အမျိုးသားသူရဲကောင်း (National Hero) ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းတွင် တစ်ယောက်သာ ရှိနိုင်ပါသည်။

ဗိုလ်ချုပ်ကို ချစ်ရုံ၊ လေးစားရုံ၊ အရေးထားရုံမျှဖြင့် မပြီးပါ။ ဗိုလ်ချုပ်တွင် စံနမူနာယူစရာ၊ အားကျစရာ၊ အတုယူစရာ ပင်ကိုယ်စရိုက်တွေနှင့် စွမ်းရည်များစွာရှိပါသည်။ ထိုများစွာထဲမှ တစ်ခုသာ တိုက်တွန်းချင်းပါသည်။ အားလုံး . . .အားလုံး (ဟိုဘက်၊ ဒီဘက် ဘက်ပေါင်းစုံမှ အားလုံး) ဗိုလ်ချုပ်လို ရိုးသားသင့်ကြပါကြောင်း . . .။

*၂၀၁၂၊ ဖေဖော်ဝါရီ၊ နရသိန်မဂ္ဂဇင်း*

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်းနော် တောဇနော်

ဖေဖော်ဝါရီလတစ်လသို့ ရောက်ခဲ့ပြန်ချေပြီ၊ ပြက္ခဒိန်နှစ်၏ လအလိုက် ဗိုလ်ချုပ်အောင်ဆန်းကို သတိရစေသော လများတွင် ဖေဖော်ဝါရီလလည်း ပါဝင်သည်။ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်မွေးနေ့၊ ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၏ ဦးဆောင်ပွဲကိုင် စသည်တို့ဖြင့် ဗိုလ်ချုပ်ကို နှစ်ထပ်ကွမ်း သတိရစေသော လလည်းဖြစ်ပါသည်။

ဗိုလ်ချုပ်ကို ဘာကြောင့် သတိရကြသနည်း။

ဗိုလ်ချုပ်၏ ပုံရိပ်သည် ပြည်သူလူထု၏ နှလုံးသားအတွင်း စွဲထင်နေသောကြောင့်ဖြစ်ပါသည်။ ဗိုလ်ချုပ်လိုလူမျိုး နောက်ထပ် မပေါ်သေးသော ကြောင့်လည်းဖြစ်ပါသည်။

ဗိုလ်ချုပ်ဟု ရင်တွင်းမှလာသောချစ်ခြင်း၊ ယုံကြည်ကိုးစားခြင်း၊ ရိုသေလေးစားခြင်းတို့ ပျော်ဝင်နေသောအသံဖြင့် ခေါ်လျှင် ဗိုလ်ချုပ်အောင်ဆန်းကို ခေါ်ခြင်းဖြစ်သည်ဟု လူတိုင်းသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် ပြည်သူလူထု၏ အားကိုးရာ၊ မှီတွယ်ရာ၊ တိုင်တည်ရာ ဝိဘာသဖွယ်လည်းဖြစ်ပါသည်။ ပြည်သူလူထုသည် ဘေးဒုက္ခအန္တရာယ်များနှင့် ကြုံတွေ့ရတိုင်း၊ လှိုင်းကြီး လေထန်၊ မုန်တိုင်းဒဏ်ကို ခံရ၍ စိတ်ဒုက္ခ သောကကြီးစွာရောက်သည့်အခါတိုင်း 'ငါတို့ဗိုလ်ချုပ်သာ ရှိရင်'ဟု တမ်းတ မိတတ်ကြပါသည်။ လွမ်းဆွတ်မိတတ်ကြပါသည်။ ရာဇဝင်အတွင်းမှအပ ခေတ်သစ် မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်သည် ပြည်သူတို့ မေ့ပျောက်၍မရ သည့် တစ်ဦးတည်းသော အမျိုးသား သူရဲကောင်းဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀)လွန်ကာလများက ဗိုလ်ချုပ်နှင့် ပတ်သက် သော အထိမ်းအမှတ်နေ့၊ လများတွင် တစ်တိုင်းပြည်လုံး၌ ဟောပြောပွဲ များ၊ စာစီစာကုံးပြိုင်ပွဲများ၊ ဗိုလ်ချုပ်နှင့် ပတ်သက်သော သီချင်းများ၊ ဗိုလ်ချုပ်၏ မိန့်ခွန်းပြောသံများတို့ဖြင့် စည်ဝေလှုပ်ရှားကာ စိတ်ဓာတ်များ မြင့်မားတက်ကြွနေခဲ့ကြဖူးပါသည်။

လူငယ်များသည် 'ဟတ်လား . . . ဟတ်လား'ဆိုသော ဗိုလ်ချုပ် ၏ ပြောဟန်၊ 'ကုန်းလုပ် ကျုံးလုပ်မှ ပြနေ လန်နေအောင်လုပ်မှ တန်ကာ ကျမယ်' 'ဖာနိုင်ငံကြီးဖြစ်သွားမယ်' စသော ပွင့်လင်းကြမ်းတမ်းစွာ၊ ရိုးသား စွာပြောသော စကားများကို သဘောကျကြသည်။ အတုခိုး ဟောပြော လေ့ကျင့်ခဲ့ကြပါသည်။ လူသေသော်လည်း တစ်တိုင်းပြည်လုံးရှိ လူကြီး လူငယ်အားလုံးတို့၏ နှလုံးသည်းပွတ်ကို ဗိုလ်ချုပ်က သိမ်းကျုံးဆုပ်ကိုင် ဆွဲယူထားနိုင်ခဲ့ပါသည်။

ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၍ ရိုးသားနှိမ့်ချစွာ နေထိုင်တတ်သည့် အာရှ ခေါင်းဆောင်များထဲတွင် 'ဦးလေးဟို'ဟုခေါ်သော ဗီယက်နမ်နိုင်ငံ၏ ခေါင်းဆောင်ကြီး ဟိုချီမင်းသည် ထင်ရှားပါသည်။ ဟိုချီမင်း၏ တာယာ ဖိနပ်သည် ကမ္ဘာကျော်ဖြစ်ပါသည်။





ရန်ကုန်မြို့၊ နတ်မောက်လမ်းသွယ်ရှိ ဗိုလ်ချုပ်အောင် ဆန်းပြတိုက် (ဗိုလ်ချုပ်၏ နေအိမ်ဟောင်း) ကို ကြည့်မိလျှင် ဗိုလ်ချုပ်၏ နှိမ့်ချသော စိတ်ထား၊ ရိုးသားမှု၊ တင်းတိမ်ရောင့်ရဲမှုတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ထားသော ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာ၊ မြင့်မြတ်သော နိုင်ငံရေးသီလတို့ကို တွေ့မြင်နိုင်ပါသည်။ ဗိုလ်ချုပ်သည် ထင်ရှားသော နိုင်ငံတကာခေါင်းဆောင်များနှင့် အဖက်ဖက်က နှိုင်းယှဉ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

'ကြည် . . . ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်'ဆိုသော ဗိုလ်ချုပ် ၏ ဂွန်ခင်မြောက် စာတိုလေးသည် ရိုးသားအေးဆေး၍ သိမ်မွေ့နူးညံ့သော ချစ်ခြင်းရနံ့တို့ ထုံမွှမ်းနေသော ဗိုလ်ချုပ်၏ အသည်းနှလုံးကို ဖော်ပြလျက် ရှိပါသည်။

ဆရာ ဒဂုန်တာရာ ဖော်ပြခဲ့သော "အရိုင်း"သည် စင်စစ် ပကတိ စင်းလုံးချောသော၊ ဖုံးကွယ်မှုမပါ၊ ဟန်မဆောင်တတ်သော၊ နိုင်ငံနှင့် ပြည်သူအတွက်ကိုသာ ဦးထိပ်ထားသော၊ ပေးဆပ်ခြင်းများစွာဖြင့် စွန့် လွှတ်သွားခဲ့သော ပြည်သူတို့၏ "အရိုင်း" သို့မဟုတ် "ပြည်သူတို့၏ ဗိုလ်ချုပ်" ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အဘွားအိုတစ်ဦးပြောသော 'မသေခင် ဗိုလ်ချုပ်လိုလူမျိုး တွေ့လိုက်ချင်စမ်းပါဘိတော့'ဟု ပြောသံကို ကြားခဲ့ရဖူး ပါသည်။ အဘွားအို ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ ပါပြီ။ နှစ်ကာလများ မနည်းမနောကုန်လွန်ဖြတ်သန်းခဲ့ကြပါပြီ။

ယနေ့ကာလသည် နိုင်ငံတော်အတွက် များစွာအရေးကြီးသော အချိန်ကာလအချိုးအကွေ့တစ်ခုဖြစ်ပါသည်။ ဗိုလ်ချုပ်သည် ပြယုဂ်သက်သက် မဟုတ်ပါ။ ပြည်သူတို့၏ နှလုံးသားထဲက သူရဲကောင်း၊ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ 'ဒီနေ့ကာလမျိုးမှာ ဗိုလ်ချုပ်လို ခေါင်းဆောင်တစ်ဦးသာ ပေါ်ပေါက်လာခဲ့ရင်'ဟု ပြည်သူတွေက တမ်းတ မျှော်လင့်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၊ နတ်မောက်လမ်းသွယ်ရှိ ဗိုလ်ချုပ်အောင် ဆန်းပြတိုက် (ဗိုလ်ချုပ်၏ နေအိမ်ဟောင်း) ကို ကြည့်မိလျှင် ဗိုလ်ချုပ်၏ နှိမ့်ချသော စိတ်ထား၊ ရိုးသားမှု၊ တင်းတိမ်ရောင့်ရဲမှုတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ထားသော ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာ၊ မြင့်မြတ်သော နိုင်ငံရေးသီလတို့ကို တွေ့မြင်နိုင်ပါသည်။ ဗိုလ်ချုပ်သည် ထင်ရှားသော နိုင်ငံတကာခေါင်းဆောင်များနှင့် အဖက်ဖက်က နှိုင်းယှဉ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

'ကြည်... ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်'ဆိုသော ဗိုလ်ချုပ်၏ ဂွန္တဝင်မြောက် စာတိုလေးသည် ရိုးသားအေးဆေး၍ သိမ်မွေ့နူးညံ့သော ချစ်ခြင်းရနံ့တို့ ထုံမွှမ်းနေသော ဗိုလ်ချုပ်၏ အသည်းနှလုံးကို ဖော်ပြလျက် ရှိပါသည်။

ဆရာ ဒဂုန်တာရာ ဖော်ပြခဲ့သော ''အရိုင်း''သည် စင်စစ် ပကတိ စင်းလုံးချောသော၊ ဖုံးကွယ်မှုမပါ၊ ဟန်မဆောင်တတ်သော၊ နိုင်ငံနှင့် ပြည်သူအတွက်ကိုသာ ဦးထိပ်ထားသော၊ ပေးဆပ်ခြင်းများစွာဖြင့် စွန့်လွှတ်သွားခဲ့သော ပြည်သူတို့၏ ''အရိုင်း'' သို့မဟုတ် ''ပြည်သူတို့၏ ဗိုလ်ချုပ်'' ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အဘွားအိုတစ်ဦးပြောသော 'မသေခင် ဗိုလ်ချုပ်လိုလူမျိုး တွေ့လိုက်ချင်စမ်းပါဘိတော့'ဟု ပြောသံကို ကြားခဲ့ရဖူးပါသည်။ အဘွားအို ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ နှစ်ကာလများ မနည်းမနောကုန်လွန်ဖြတ်သန်းခဲ့ကြပါပြီ။

ယနေ့ကာလသည် နိုင်ငံတော်အတွက် များစွာအရေးကြီးသော အချိန်ကာလအချိုးအကွေ့တစ်ခုဖြစ်ပါသည်။ ဗိုလ်ချုပ်သည် ပြယုဂ်သက်သက် မဟုတ်ပါ။ ပြည်သူတို့၏ နှလုံးသားထဲက သူရဲကောင်း၊ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ 'ဒီနေ့ကာလမျိုးမှာ ဗိုလ်ချုပ်လို ခေါင်းဆောင်တစ်ဦးသာ ပေါ်ပေါက်လာခဲ့ရင်'ဟု ပြည်သူတွေက တမ်းတ မျှော်လင့်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းပေးအခြေအနေအရပ်ရပ်ကလည်း စေ့ဆော်တိုက်တွန်းနေပါပြီ။ ည်သူတွေက မိုလ်ချုပ်လို ခေါင်းဆောင်မျိုး 'ငါပြောသလိုလုပ်၊ ငါလုပ် လိုလုပ်' ဆိုသော ခေါင်းဆောင်မျိုးကို လိုချင်နေကြပါသည်။ ပေါ်ပေါက် ာလိမ့်မည်ဟုလည်း ယုံကြည်ချင်ကြပါသည်။

၂၀၁၄၊ ဖေဖော်ဝါရီ၊ ဘဝသစ်မဂ္ဂဇင်း

★★★



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းပေးအခြေအနေအရပ်ရပ်ကလည်း စေ့ဆော်တိုက်တွန်းနေပါပြီ။ ည်သူတွေက ဗိုလ်ချုပ်လို ခေါင်းဆောင်မျိုး 'ငါပြောသလိုလုပ်၊ ငါလုပ် လိုလုပ်' ဆိုသော ခေါင်းဆောင်မျိုးကို လိုချင်နေကြပါသည်။ ပေါ်ပေါက် ာလိမ့်မည်ဟုလည်း ယုံကြည်ချင်ကြပါသည်။

*၂၀၁၄၊ ဖေဖော်ဝါရီ၊ ဘဝသစ်မဂ္ဂဇင်း*

★★★



# ဆန်းသစ်စ နိုင်ငံရေး

(၁) ပြည်သူက ဆုံးဖြတ်ပေးလိမ့်မည်

(၂) မြန်မာကို မြန်မာက ချစ်ပါသည်

(၃) အရပ်ဘက်အဖွဲ့အစည်းများ၏ အရေးပါမှု

(၄) ပြည်တွင်း ငြိမ်းချမ်းရေး

(၅) နှစ်သစ်နှင့် ငြိမ်းချမ်းရေး

(၆) ဖုံးလွှမ်းနေသော မောဟများ

(၇) ပြည်သူတွေကြားက ပြည်သူ့စကား

www.burmeseclassic.com

www.burmeseclassic.com



# ပြည်သူက ဆုံးဖြတ်ပေလိမ့်မည်

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလသည် နိုင်ငံတော်အတွက် သမိုင်းတွင်မည့် နိုဝင်ဘာလဖြစ်ပေပြီ။ ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် နိုင်ငံတော်၌ အုပ်ချုပ်မှုပုံစံသစ်တစ်ခုပြောင်းလဲရန်အတွက် ရွေးကောက်ပွဲကျင်းပပေတော့မည်။ နိုင်ငံတော်အတွက် အရေးကြီးသော အလှည့်အပြောင်းတစ်ခုပင်။ ပြောင်းလဲချင်သည်မှာ လူ့သဘာဝပင်ဖြစ်ပါသည်။ သို့သော် ကောင်းသော ပြောင်းလဲခြင်းဖြစ်ဖို့ လိုပါသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးသည့်အချိန်မှ ယနေ့အထိ ပြည်သူလူထုသည် ပါတီစုံရွေးကောက်ပွဲအတွေ့အကြုံ လေးကြိမ်ရှိခဲ့ပြီးဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးမှု မရင့်ကျက်သေးဟု ဆိုနိုင်ပါသည်။ ထို့ပြင် ပါတီအဟောင်း၊ အသစ်ပေါင်း (၄၀)ကျော်နေခြင်းက နိုင်ငံရေးသမားများ မည်မျှရင့်ကျက်နေပြီလဲဟူသော မေးခွန်းတစ်ခုကို ဖော်ထုတ်ပြသနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀ ပြည့်နှစ်ကလည်း ပါတီပေါင်း (၂၀၀)ကျော်ဖြင့် ကျွန်တော်တို့ နိုင်ငံတွင် နိုင်ငံရေးဒီရေတက်ခဲ့ဖူးပါသည်။ သို့သော် အသံတိတ်နေသော ပြည်သူများ၏ ပြည်သူ့ဆန္ဒသည် အဆုံးအဖြတ်ပေးနိုင်စွမ်းရှိပါသည်။ ပြည်သူကို အထင်သေး၍မရပါ။ ပြည်သူများ၌ ရပ်ခေါင်းဆောင်၊ ရွာခေါင်းဆောင်များ ရှိကြပါသည်။ ပြည်သူ့မျက်စိအမြင်ကို ဖွင့်ပေးကြမည့်သူများ ရှိကြပါသည်။ ယနေ့ပြည်သူများသည် ပါလီမန် ဒီမိုကရေစီခေတ်ကလို အလွယ်တကူ လိမ်ညာလှည့်ဖြား၍ရမည့် ပြည်သူများမဟုတ်ကြပါ။ နိုင်ငံရေးသမားများကသာ ပြည်သူ့အပေါ်နှင့် တိုင်းပြည်အပေါ် သစ္စာရှိကြဖို့ လိုပါသည်။ ပြည်သူတို့၏ လိုအင်ဆန္ဒကို သိကြဖို့ လိုပါသည်။ ပါလီမန် ဒီမိုကရေစီခေတ်က အကွဲအပြဲကိစ္စများ၊ ပုဂ္ဂိုလ်ရေးအငြိုးအတေးများ၊ အာဏာလုမှုများ၊ တိုင်းပြည်နှင့် ပြည်သူ့အတွက်ထက် ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် ဖက်တွယ်ထားကြမှုများကို ယခုရွေးကောက်ပွဲ အကြိုကာလတွင် ဂျာနယ်များ၌ အများအပြားဖော်ပြလာသည်ကို တွေ့ရပါသည်။ ပြည်သူလူထုအနေဖြင့် သင်ခန်းစာယူစရာ၊ စဉ်းစားဆင်ခြင်စရာများဖြစ်၍ ရေးသားဖော်ပြသူများကို များစွာကျေးဇူးတင်စရာကောင်းပါသည်။ တစ်ကမ္ဘာလုံး၏ နိုင်ငံအများအပြားမှ နိုင်ငံရေးသင်ခန်းစာများကိုလည်း ကျွန်တော်တို့ တွေ့ကြုံ သိမြင်ခဲ့ကြရပြီးဖြစ်ပါသည်။

ဒီအချိန်မှာ ပြည်သူလူထုက နိုင်ငံရေးကို စိတ်မဝင်စားပါဟု ဆိုကြသူများရှိပါသည်။ မှားပါသည်။ ပြည်သူက နိုင်ငံရေးကို စိတ်ဝင်စားပါသည်။ သို့သော် ပြည်သူက စိတ်ဝင်စားသော နိုင်ငံရေးမှာ ခေတ်ဟောင်း ခေတ်လွန်ခဲ့ပြီဖြစ်သော ဂိုဏ်းဂဏစွဲနိုင်ငံရေး၊ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲနိုင်ငံရေးများ မဟုတ်တော့ပါ။ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးနိုင်မည့် ပြည်သူ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး၊ အမျိုးသားနိုင်ငံရေးကိုသာ ယနေ့ပြည်သူက စိတ်ဝင်စားပါသည်။ စောင့်ကြည့်နိုင်ပါသည်။

မကြာမီ ကာလအတွင်းမှာပင် အသံတိတ်နေသော ပြည်သူတို့၏ ဆန္ဒ ပြည်သူတို့၏ အဆုံးအဖြတ်ကို ကျွန်တော်တို့ မြင်တွေ့ကြရပါလိမ့်မည်။ ပြည်သူနှင့် တိုင်းပြည်အတွက်ဟူသော ဦးတည်ချက်ဖြင့် ရှုံးသူ/ နိုင်သူ မကွဲပြားဘဲ သဘောထားကြီးကြီးဖြင့် ပူးပေါင်းကြိုဆို လိုက်နာကြရမည်သာ ဖြစ်ပါသည်။

*၂၀၁၀၊ နိုဝင်ဘာ၊ နရသိန်မဂ္ဂဇင်း*

★★★

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာကို မြန်မာက ချစ်ပါသည်

မတ်လရောက်တော့မည်။ ဒီရက်ပိုင်းအတွင်း ကျွန်တော့်အိမ်ခြံဝန်းထဲတွင် ဥသြငှက်ကလေးတစ်ကောင်၏ အော်မြည်သံကို နေ့စဉ်လို ကြားနေရသည်။ လွမ်းစရာကောင်းလှပါသည်။ နွေနှင့် ဥသြ၊ ပြီးတော့ နွေနှင့်တပေါင်း။

တစ်ခုသော တပေါင်းနွေလမှာ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများ မလွမ်းနိုင်ခဲ့ကြပါ။ လွမ်းရန် အချိန်မရှိခဲ့ကြပါ။ 'အနီးဆုံးရန်သူကို ရှာတိုက်ကြ'ဟူသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမှာစကား၊ ဖက်ဆစ်တော်လှန်ရေး၊ တော်လှန်ရေးကာလအတွင်း တောစခန်းတစ်နေရာမှာ ငှက်ဖျားရောဂါဖြင့် မထင်မရှားသေဆုံးသွားခဲ့ရသော ဗိုလ်မှူးကြီး ဗထူး၊ ကျဆုံးသွားခဲ့ရှာသော အညတရ စစ်သည်များ၏ 'လွတ်လပ်မှအမျှဝေပါ'ဆိုသော တောင်းဆိုသံများ၊ မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ ချစ်သူခင်သူ ဇနီးသားမယားတို့၏ မျက်ရည်နှင့် ရှိုက်သံများ၊ ရွက်ဝါကြွေသော တပေါင်းနွေလနှင့် လွမ်းစရာကောင်းသော ဥသြငှက်သံတို့ကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း (၆၆)နှစ်ခန့် အတိတ်ကာလ၏ မပီဝိုးတဝါး သမိုင်းဝင်ပုံရိပ်များက အာရုံဝင် ခံစားမိသော ကျွန်တော့်အတွက် ကြက်သီးမွေးညင်းဖြာထစေပါသည်။ ဆို့နင့်နာကျင်စေပါသည်။ သွေးနှင့် မျက်ရည်တို့ဖြင့် ဆက်၍ လွတ်လပ်ရေးကို ရယူခဲ့ကြရခြင်းဖြစ်ပါသည်။

လွတ်လပ်ရေးရပြီဆိုတော့လည်း မပြီးသေး။ ကေအင်ဒီအို သောင်းကျန်းမှုနှင့် ရန်ကုန်အစိုးရ၊ ရောင်စုံသူပုန်ထမှု၊ ဗိုလ်မှူးကြီးဟောင်း တင်မောင်(ဆရာ မြတ်ထန်)၏ တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်၊ ဂိုဏ်းဂဏအကွဲအပြဲ ပါဒရေးရာအကွဲ အပြဲများ၊ တရုတ်ဖြူ ကူမင်တန်များ ကျူးကျော်မှု၊ သခင်စိုးကြီး၏ ဆင်စွယ်ရွာ လူသတ်မှု၊ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ၊ ကွမ်းလုံ့ရက် (၄၀)တိုက်ပွဲ၊ ဖက်ဒရယ်မှုကြောင့် ဖြစ်ပေါ်လာသောအက်ကြောင်းများ၊ ဒီလိုအခြေအနေများကြားထဲမှာ တိုင်းပြည်က ပြိုလုလု၊ ပြည်သူလူထုက ဆန်ကောထဲ ထည့်လှိမ့်ခြင်းခံရသော ဆီးဖြူသီးများပမာပင်။

အတိတ်ကာလ၏ အကျည်းတန်သော သမိုင်းကြောင်းများကို ပြန်ကြည့်ပြီး အငြင်းအခုန်များ ရပ်သင့်ပါပြီ။ ခွဲရေး၊ တွဲရေးများ မပြောသင့်ပါပြီ။ ကနေ့ကာလတွင် ဆရာ့ဆရာများဖြစ်သော မောင်စူးစမ်း၊ သခင်တင်မြ၊ မောင်ဝံသ၊ စိုးမြင့်သိန်း၊ ကျော်ဖင်(စာနယ်ဇင်း) စသူတို့ ရေးသားသော သတင်းစာ၊ ဂျာနယ်များမှ ဆောင်းပါးများကို အလေးထား ဖတ်ဖြစ်ပါသည်၊ သင်ခန်းစာ မနည်းမနောရသည်။ တွေးခေါ်ရှုမြင်ပုံများ မှုတသည်။ အမှန်တရားနှင့် မကင်းကွာ၊ လက်ရှိ အခြေခံကြောင်းခြင်းရာနှင့် ညီညွတ်သည်။ စာတွေဖတ်ပြီး ကျွန်တော်တို့ ဘာဆက်လုပ်ကြရမလဲဟု ကျွန်တော်တွေးကြည့်သည်။ ငယ်စဉ်အခါက ကျောင်းမှာ သင်ခဲ့ရသည့် ကဗျာတစ်ပုဒ်ကို သတိရဖြစ်သည်၊ တစ်ဖက်ခြံမှာ သာယာလှပစွာ ပန်းမန်တွေ ပွင့်ဖူးဝေဆာနေတာကို ကြည့်ပြီး အားကျရုံနဲ့ မပြီးပါ။ ကိုယ့်ခြံမှာလည်း ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမည်ဟူသော အနက်အဓိပ္ပာယ်ကို မှတ်မိသည်။ တစ်ဖက်ကို ကြည့်ပြီး ဝမ်းနည်းအားကျရုံနဲ့ မပြီးပါ။ ကိုယ့်တိုင်းပြည် အေးချမ်းသာယာဖို့ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးချမ်းသာဖို့ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများ အားလုံး တူညီသော အသိအမြင်၊ အတွေးအခေါ်တို့ဖြင့် စုစည်းညီညွတ်စွာ လုပ်ကိုင်ကြရန် လိုပါပြီ။ အယူစွဲ၊ ဝါဒစွဲများ ခေတ်နောက်မှာ ကျန်ခဲ့ပါပြီ။ မြန်မာမှန်လျှင် မြန်မာပြည်ကို ချစ်ပါသည်။ မြန်မာလူမျိုးကို ချစ်ပါသည်။ မည်သူကမှ ပိုချစ်သည်ဟု ငြင်းနေရန် အကြောင်းမရှိပါ။ အသေချာဆုံး တစ်ခုတော့ တိုင်းတစ်ပါးသားများက မြန်မာကို ချစ်သည်ဆိုခြင်းထက် မြန်မာကို မြန်မာက ချစ်သည်ဆိုခြင်းက ပိုသေချာပါသည်။

*၂၀၁၁၊ မတ်လ၊ နရသိန်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



## အရပ်ဘက် အဖွဲ့အစည်းများ၏ အရေးပါမှု

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည့် တည်ဆောက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နှင့် အင်နှင့်အားနှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အရေးကြီး၍ အရေးပါသော အင်အားစုမှာ အရပ်ဘက် အဖွဲ့အစည်းများဖြစ်ပါသည်။ နိုင်ငံတော်တည်ဆောက်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ပြည်သူလူထုအား အသိပညာပေးမှု၊ စွမ်းရည်မြှင့်တင်မှုတို့အတွက် အစိုးရနှင့် ပါတီအဖွဲ့အစည်းများတို့မှ ဆောင်ရွက်မှုများသည် လုံလောက်ခြင်းမရှိသည့်အပြင် လွတ်လပ်သည့် အဖွဲ့အစည်းများ မဟုတ်သဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှု၊ အားထားမှု လျော့နည်းနိုင်ပါသည်။

အဆိုပါ ကွက်လပ်အတွက် လွတ်လပ်၍ အမှီအခိုကင်းသော အရပ်ဘက် အဖွဲ့အစည်းများက ဝင်ရောက်အားဖြည့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ တိုင်းရင်းသူတစ်ဦးက 'သူတို့ လက်နက်ကိုင်နှစ်ဖွဲ့ဆွေးနွေးရုံနဲ့ ပြီးပြီလား။ ကျွန်မတို့ ပြည်သူတွေရဲ့ သဘောမပါတော့ဘူးလား။ ဒီလိုဆွေးနွေးပွဲတွေမှာ အရပ်ဘက် အဖွဲ့အစည်းတွေ ပါဝင်ဆွေးနွေးခွင့် ရှိသင့်တယ်'ဟု မေးခွန်းထုတ် ပြောဆိုခဲ့ဖူးပါသည်။ အမှန်တကယ်မေးသင့်သော မေးခွန်းဖြစ်ပါသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်ပတ်သက်ပြီး ကိုယ်စားပြုမှုနှင့် ပွင့်လင်းမြင်သာမှုတို့အတွက် စဉ်းစား၊ ဆွေးနွေး၊ ဆောင်ရွက်မှုများတွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် အများဆုံး ၎င်း၏ မျိုးနွယ်တူ အုပ်စုကြီးတစ်ခုလုံးကို ကိုယ်စားပြုနိုင်သော်လည်း၊ ၎င်းမျိုးနွယ်ထဲမှ ကျန်အုပ်စုကွဲများကိုမူ မည်သို့မျှ ကိုယ်စားမပြုနိုင်ပါ။ ထို့ကြောင့် ပြည်နယ်တစ်ခုလုံးကိုယ်စား ၎င်းလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပြောဆိုဆွေးနွေးခွင့်မရှိနိုင်ပါ။ ထိုသို့ ကိုယ်စားပြုမှုနှင့် ပတ်သက်ပြီး ပြည်နယ်ကြီးများရှိ လူမျိုးစုများ၊ လက်နက်ကိုင်များ၏ အခြေအနေကို လေ့လာသုံးသပ်ခြင်းအားဖြင့် ထင်ရှားစွာ သိမြင်နိုင်ပါသည်။ နောက်တစ်ချက်မှာ လက်နက်ကိုင် စစ်တပ်၊ လက်နက်ကိုင် တပ်ဖွဲ့မရှိသော တိုင်းရင်းသားအုပ်စုတစ်စုသည် ပြည်နယ်အတွင်း ၎င်း၏ ရပ်တည်နေထိုင်နိုင်မှုအဆင့်အတွက် မည်သည့်နေရာ၌ သွားပြောရမည်နည်း။ နောက်ကျမှ ပြောရလျှင် အခွင့်အရေးဆုံးရှုံးသွားမည်လား။ စဉ်းစားရမည့်ကိစ္စဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာစေရန် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဆွေးနွေးကြရာ၌ ကချင်ပြည်နယ်ဖွဲ့စည်းမှုအတွက် ရှမ်းနီတိုင်းရင်းသားများ ကန့်ကွက်နေသည့်ကြားမှ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနားခရိုင်ကို ကချင်ပြည်နယ်အတွင်းသို့ ထည့်သွင်းဖွဲ့စည်းပေးခဲ့ပါသည်။ နှစ်ပေါင်းများစွာ ရှမ်းနီတိုင်းရင်းသားများ၏ နစ်နာမှုအတွက် ဗမာနိုင်ငံရေးသမား

www.burmeseclassic.com



များသမိုင်းတွင် အမည်းစက်ထင်ခဲ့ရပါသည်။ ယခု ရွေးကောက်ပွဲများတွင် သမိုင်းသင်ခန်းစာယူ၍ ကြီးစွာဆင်ခြင်သင့်ပါသည်။ အရပ်တက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်စေခြင်းအားဖြင့် ဤကဲ့သို့ သမိုင်းသင်ခန်းစာမျိုးကို ရှောင်ကြဉ်နိုင်ပါလိမ့်မည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ နောက်တစ်ချက်မှာ ပွင့်လင်းမြင်သာမှု အားနည်းခြင်းဖြစ်ပါသည်။ စစ်ရေးစစ်ရာများဖြစ်၍ ပထမပိုင်း တွေ့ဆုံမှုများတွင် နှစ်ဖက်အဖွဲ့အစည်း တံခါးပိတ် ၍ ဆွေးနွေးခဲ့ကြပါသည်။ ယခု အကြိမ်ကြိမ်ရှိနေပေပြီ။ သဘောတူညီမှုက မရသေးပါ။ ပြည်သူတွေရှေ့မှာ တိုက်ရိုက်ချပြပြီး မဆွေးနွေးရဲကြသေးဘူးလား။ ဘယ်ဘက်က အတွေးမှား၊ အမြင်မှားနေကြတာလဲ။ ဘယ်သူက အမြင်ကျဉ်းမြောင်းနေတာလဲ။ ဘယ်သူက သဘောထား တင်းမာနေတာလဲ။ ပြည်သူလူထုက သိချင်သည်၊ ကြားချင်သည်၊ မြင်ချင်သည်။ ကိုယ့်ခေါင်းဆောင်တွေရဲ့ စွမ်းရည်၊ သဘောထား၊ နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံရေးရင့်ကျက်မှု၊ အမြော်အမြင်ကြီးမှု၊ အပြောအဆိုပါးနပ်မှု၊ တည်ကြည်မှုတွေကို သူ့တိုင်းရင်းသား၊ သူ့ပြည်သူတွေက အကဲဖြတ်လိုကြပါသည်။ မြန်မာ့တပ်မတော်က နိုင်ငံကို လက်နက်ကိုင်ပြီး အုပ်ချုပ်ခဲ့သည်ဟု ပြောဆိုခဲ့ကြပါသည်။

အမှန်စင်စစ်တွင် မြန်မာ့တပ်မတော်က နိုင်ငံတော်ကို လက်နက်ကိုင်၍ အုပ်ချုပ်ခဲ့သည့်ကာလတစ်လျှောက်လုံး တိုင်းရင်းသား လက်နက်ကိုင်များကလည်း ပြည်နယ်များတွင် လက်နက်ကိုင်၍ အုပ်ချုပ်ခဲ့ကြပါသည်။ အုပ်ချုပ်နေကြဆဲလည်း ဖြစ်ပါသည်။ ယခုအခါ မြန်မာတပ်မတော်က ဗိုလ်ချုပ်ဟောင်းတွေပဲဟု ပြောပြော၊ ယူနီဖောင်းချွတ်ပြီး အရပ်ဝတ်ပြောင်း လိုက်တာပဲဟုဆိုဆို အရပ်သားအစိုးရကို အာဏာလွှဲပေးခဲ့ပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အချို့မှ တာဝန်ရှိသူများက ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့ကို ဆက်လက်ထားရှိမည်ဟု ပြောဆိုခြင်းများသည် ၎င်းတို့၏ ရာထူး၊ အာဏာနှင့် ဥစ္စာစည်းစိမ်ကို မစွန့်လွှတ်နိုင်၍လား၊ ပြည်နယ်တွင်းရှိ တိုင်းရင်းသားပြည်သူများကို လက်နက်ကိုင်၍ ဆက်လက်အုပ်ချုပ်လိုခြင်းကြောင့်လားဟု မေးခွန်းထုတ်စရာဖြစ်လာပါသည်။

နိုင်ငံတော်သည် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည်များကို တည်ဆောက်နေချိန်နှင့် တစ်ပြိုင်တည်းတွင်ပင် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေရပေသည်။ ဤကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ အရေးကြီးမှုနှင့် အရေးပါမှုကို မလွဲမသွေအသိအမှတ်ပြု၍ ပါဝင်သင့်သည့် အရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခွင့်ပေးသင့်ကြောင်း ဖော်ပြအပ်ပါသည်။

*၂၀၁၄၊ မေ၊ ဘာဝသစ် မဂ္ဂဇင်း*

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်း ငြိမ်းချမ်းရေး

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရန် ခြေလှမ်းစပြုနေပြီဖြစ်ပါသည်။ အသွင်ပြောင်းဖြစ်ပေါ်လာသော နုနုနယ်နယ် နိုင်ငံသစ်နှင့် အစိုးရအဖွဲ့သည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပေသည်။ စိတ်စေတနာမှန်နှင့် အကျိုးလိုသူများက ကောင်းသော အကြံပေးကြ၊ သတိပေးကြသလို ပြည်တွင်းပြည်ပမှ ကိုယ်ကျိုးအမိက အတ္တသမားများကလည်း ပင့်မြှောက်၊ ချွန်တွန်း၊ ရိုက်ချလုပ်နေကြသည်။ နိုင်ငံသစ်နှင့် အစိုးရအဖွဲ့သစ်အတွက် အန္တရာယ်သည် ကြီးမားနီးကပ်စွာ ရှိနေသည်။ အစိုးရအဖွဲ့သစ်သည် နိုင်ငံရေးပြောင်းလဲမှုနှင့် စီးပွားရေးပြောင်းလဲမှုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလုပ်နေရသည်။ လွယ်ကူသော ကိစ္စမဟုတ်ပါ။ အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုများစွာကို ကျော်လွှားဖြတ်ကျော်ရပါလိမ့်မည်။ ဤသည်ကို ပြည်သူအားလုံး၊ တိုင်းရင်းသားအားလုံးက သဘောပေါက်နားလည်ပေးကြရန် လိုအပ်ပါသည်။

www.burmeseclassic.com



ဂုဏ်းများစွာထဲမှ ကျော်ဖြတ်ရန် အခက်အခဲဆုံးနှင့် အကြီးမားဆုံး စိန်ခေါ်မှုမှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်ဖြစ်ပါသည်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အစိုးရမျိုး တက်လာသည် ဖြစ်စေ၊ ဤစိန်ခေါ်မှုသည် အလွယ်တကူဖြေရှင်းရနိုင်သော စိန်ခေါ်မှု မဟုတ်ပါ။ ဤပြဿနာသည် ယခုမှ ပေါ်ပေါက်လာသော ပြဿနာလည်း မဟုတ်ပါ။ သမိုင်းကြောင်းနောက်ခံနှင့် နှစ်ပေါင်းများစွာက တည်ရှိလာသော ပြဿနာများဖြစ်ပါသည်။ လူထုတစ်ရပ်လုံး၊ တိုင်းရင်းသားအားလုံး က သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်နှင့် ရှုမြင်နိုင်ကြရန် လိုအပ်ပါ သည်။

ကချင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော စစ်ပွဲများနှင့် ပတ်သက်ပြီး အင်တာနက်တွင် ရေးသားထားသော(Comments)များကို ဖတ်ရှုရသောအခါ ဗမာလူမျိုးအပါအဝင် တိုင်းရင်းသားလူငယ်များအကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသဖြင့် များစွာစိတ်မကောင်း ဝမ်းနည်းဖြစ်ရပါ သည်။ ပြည်တွင်းအင်အား စုစည်းညီညွတ်ပါမှ၊ ပြည်တွင်းအင်အား တောင့်တင်းပါမှ ပြည်ပအဖျက်အန္တရာယ်များ၊ ထောင်ချောက်ဆင်မှုများ၊ ကျူးသွင်းမှုများကို ရင်ဆိုင်ဖြတ်ကျော် အောင်မြင်နိုင်ပါလိမ့်မည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြဿနာ သည် အလွယ်တကူဖြေရှင်း၍ရနိုင်မည်မဟုတ်ပါ။ အချိန်ယူ စိတ်ရှည် သည်းခံ၍ နှစ်ဦးနှစ်ဖက် ရိုးသားပွင့်လင်းစွာ စားပွဲဝိုင်းပေါ်တွင် ညှိနှိုင်း ဆွေးနွေးကြရပေလိမ့်မည်။ ဤအဖြေမှတစ်ပါး အခြားမရှိပါ။

လက်နက်ကိုင်၍ တိုက်ပွဲဆင်နွှဲကြမည်ဆိုလျှင် သားစဉ်မြေးဆက် တိုက်ကြရပေဦးမည်။ မလိုသူများက ဘေးမှ လက်ခုပ်တီးပေးကြပါလိမ့်မည်။ မည်သူမှလည်း နိုင်မည်မဟုတ်ပါ။ စစ်မီးလျှံအတွင်း တိုင်းပြည်လောင်မြိုက် နေခြင်းသာ အဖတ်တင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုက စစ်ကို မလိုချင်ပါ။ တိုင်းပြည်၏ အကျိုးနှင့် ပြည်သူ့မျက်နှာကို ထောက်ရှု၍ အမြော်အမြင်ကြီးကြီး၊ သဘောထားကြီးကြီးဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရန်သာ လိုအပ်ပါသည်။

၂၀၁၂၊ ဩဂုတ်၊ နေရသိန်မင်္ဂလာဇင်း

★★★

www.burmeseclassic.com

www.burmeseclassic.com



# နှစ်သစ်နှင့် ငြိမ်းချမ်းရေး

ကမ္ဘာလူသားတို့ နှစ်သစ်တစ်ခုသို့ ရောက်ရှိခဲ့ပါပြီ၊ နှစ်သစ်ကို ဝမ်းပန်းတသာ အားပါးတရကြိုဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံသားတို့လည်း နှစ်သစ်ကို နည်းမျိုးစုံဖြင့် ကြိုဆိုခဲ့ကြပါသည်။ အများစုကတော့ မသိလိုက် မသိဘာသာ ငြိမ်ငြိမ်သက်သက် သမုဒ္ဒရာ ဝမ်းတစ်ထွာအရေးအခင်းတွင် နစ်မြောနေကြသည်။ နှစ်သစ်ကို သတိတရ တခမ်းတနားလုပ်၍ မကြိုဆိုနိုင်ခဲ့ကြပါ။ လူငယ်အချို့ကတော့ ရွှင်မြူးတက်ကြွစွာ၊ ပျော်ရွှင်စွာ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအရတော့ မဟုတ်ပါချေ။ အောင်မြင်ကျော်ကြား လူတန်းစားအလွှာတစ်ခု၊ လူနည်းစုတစ်စုကမူ အခွဲဝိုင်းခံ၍ အလျှုကြီးလှူသလို အားပါးတရ ပျော်ပျော်ရွှင်ရွှင် တခမ်းတနား နှစ်သစ်ကို ကြိုခဲ့ကြသည်။ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁ Count Down လုပ်သံအဆုံးတွင် Happy New Year ဟု အော်သံသည် မိုးယံသို့ လွင့်ပျံတက်သွားသည်။ ကောင်းကင်ဘုံက နတ်ဘုရားများ အလန့်တကြား ဖြစ်သွားနိုင်လောက်ပါသည်။ ဘာဘီကျူးညှော်နံ့များ ထောင်းထောင်းထ၊ ဝိုင်အရက်အရောင်များဖြင့် ခန်းမတစ်ခုလုံး ပတ္တမြားရောင်သမ်း၊ ယမကာများ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းစီး၊ ချွမ်ခနဲ၊ ခွပ်ခနဲ ဖန်ခွက်ချင်းတို့ထိတိုက်သံများကတော့ တူရိယာ အသစ်တစ်မျိုးအလား ထင်မှတ်မှားရသည်။ နှစ်သစ်ကတော့ မအီမလည် ဖြင့် ရှုံ့မဲ့လျက် ခန်းမထဲ ရောက်ရှိနေနိုင်ပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အလိုလား၊ အတောင့်တဆုံး၊ အမျှော်လင့်ဆုံး၊ အရချင်ဆုံး 'ငြိမ်းချမ်းရေး' ကတော့ နှစ်သစ်ကို မကြိုဆိုနိုင်သေးခြင်းပင် ဖြစ်ပါသည်။ ငြိမ်းချမ်းရေး အတွက် လမ်းခင်းပေးနေသူများ၊ ဦးစီးဦးဆောင်ပြုလုပ်နေသူများ ပါဝင် ကူညီကြသူများက သမိုင်းဝင်လူသားများ သမိုင်းဝင်အဖြစ်အပျက်များ ဖြစ်ကုန်ပါပြီ။ သို့သော် ငြိမ်းချမ်းရေးက ယခုထိ သမိုင်းမဝင်သေးပါ။ သမိုင်းကြွေးအဖြစ် ရှိနေဆဲဖြစ်ပါသည်။

တိုင်းပြည်တစ်ခုလုံး ငြိမ်းချမ်းပါမှ နိုင်ငံတစ်ဝှမ်းလုံး အေးချမ်းပါမှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီယာဉ်ရထားကြီးကို စုစည်း ညီညာစွာ တစ်စိတ်တစ်ဝမ်း တက်ညီလက်ညီဖြင့် နိုင်ငံတော်သစ်ဆီသို့ ရှေ့ရှုမောင်းနှင်နိုင်ကြပေလိမ့်မည်။ အငြိုးအတေး အာဃာတများ ပျောက် ပယ်ပစ်ရပါလိမ့်မည်။ မာန်မာနများ ဘေးဖယ်ထားကြရပါမည်။ ရိုးသား ဖြူစင်ခြင်း၊ နှိမ့်ချခြင်း၊ ယုံကြည်ခြင်းတို့ဖြင့်သာ ငြိမ်းချမ်းရေးကို တည် ဆောက်နိုင်ပါလိမ့်မည်။ နှစ်သစ် နှစ်ဦးအစတွင် မကြိုဆိုနိုင်ခဲ့သော်ငြား လည်း နှစ်သစ်အတွင်း၌ပင် တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် ငြိမ်းချမ်းရေးကို လက်ဝယ်ပိုင်ပိုင်ရယူ၍ အောင်ပွဲခံနိုင်ကြပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

*၂၀၁၄၊ ဇန်နဝါရီ၊ ဘဝသစ်မဂ္ဂဇင်း*

★★★

www.burmeseclassic.com

www.burmeseclassic.com



## ဖုံးလွှမ်းနေသော မောဟာများ

'တပေါင်းသာခေါင် လများနောင်'ဟု ဆိုစမှတ်ရှိသည်။ တပေါင်းလတွင် ကြည်လင်သော ကောင်းကင်ပြာကြီးဖြင့် လောကတစ်ခုလုံး သာယာကြည်နူး ဖွယ်ကောင်းလှသည်။ ရွက်ဟောင်းတို့ကြွေ၍ ရွက်နုသစ်တို့ ထိုးထွက်စ ပြုကြသည်၊ နေစွမ်းအင်နှင့် အလင်းရောင်ကို ကောင်းစွာရသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး ထင်းလင်းလျက် မြင်ကွင်းကျယ်ပြန့်သည်။ အဖော်ကွဲနေသော ဥဩငှက်တို့၏ အော်မြည်သံက လွမ်းဆွတ်ဖွယ်ကောင်းလှသည်၊ ညိုဖျော့ဖျော့ ချိုးလည်ပျောက် မောင်နှံစုံတို့၏ 'တကူကူးကူး'အော်မြည်သံက ငြိမ်းချမ်း ရေးကို တောင်းဆိုနေကြသကဲ့သို့ရှိသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း ကွင်းအတွင်းဆီမှ စစ်မိန့်ပေးသံ၊ စစ်သည်တော်တို့၏ လှုပ်ရှား ဟန်များကို စိတ်အတွေးဖြင့် မြင်ယောင် ကြားယောင်ရှိသည်။ ပြည်သူနှင့် တပ်မတော် ပူးပေါင်းကာ တော်လှန်ရေးသမိုင်းကြောင်းကို ပီပြင်စွာ ဖော် ဆောင် ထုဆစ်ခဲ့သည့်ကာလဖြစ်သည်၊ **'အနီးဆုံး ရန်သူကို ရှာတိုက်ကြ'**



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ ပညာရှိဆန်သော စစ်ထွက်မိန့်ခွန်းသည် ဖက်ဆစ်တော်လှန်ရေးကို အသက်သွင်းပေးခဲ့သည်။ အသက်၊ သွေး၊ ချွေး ဘဝများ၊ မျက်ရည်များဖြင့် တော်လှန်ရေး၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့ကြသည်။ 'လွတ်လပ်မှ အမျှဝေပါ'ဟူသော စွန့်လွှတ်သူ သူရဲကောင်းတို့၏ မှာတမ်းများက သမိုင်းမော်ကွန်းကို ရဲရဲနီစေခဲ့သည်။ အမျှဝေပြီးသည်မှာ မကြာသေးဟုထင်သည်။ ပြည်သူတွေဘဝက မအေးချမ်း၊ မလွတ်လပ်၊ ပြည်တွင်းစစ်မီးက တောက်လောင်လာသည်။ နှစ်ပေါင်းများစွာ လောင်မြိုက်ဆဲပင်။

အညာရပ်ဆီတွင် တပေါင်းလ၏ အပူရှိန်ညည်းညည်းနှင့် တံလျှပ်တို့ ရှိနေနိုင်သည်။ ညနေစောင်းများတွင် သဲလေပြင်းတို့ ချဉ်းနင်းပက်စဉ် ဝင်ရောက်လာလေ့ရှိသည်။ ကချင်ပြည်နယ်တောင်တန်းများဆီတွင် သစ်ရိပ်၊ ဝါးရိပ်၊ တောရိပ်တို့ဖြင့် အေးစိမ့်စိမ့်ရှိမည်။ မြောက်ဘက်စွန်း တောင်တန်းများဆီမှ ရေခဲတောင်များ အရည်ပျော်စီးဆင်းစပြုပြီး မြစ်ကြီးနား၊ ပမွတီးအရပ် ဆီတွင် ဧရာဝတီမြစ်ရေသည် ပျော်ကျစီးဆင်းလာသော ရေခဲရေတို့ကြောင့် ဝုန်းခနဲ ပြေးဆင်း ပြေးတက်လျှင်ပင် မခံနိုင်အောင် အေးစိမ့်လွန်းသည်။ မြစ်ရေတွင် စိမ်၍ မချိုးနိုင်ပေ။ ချင်းပြည်နယ်တွင် တောင်ကုန်း တောင်တန်း တို့၏ လျှိုမြောင်များကြား၌ မြူခိုးနှင့် တိမ်တို့ ရောယှက်လိမ်နေပေမည်။ ဗားတံတားချောင်းအဆင်း၌ မြူခိုးများအတွင်း ရေငွေ့ဖြင့် ခပ်နွေးနွေးရှိမည်။

မြန်မာနိုင်ငံတွင် ဆွစ်ဇာလန်ကဲ့သို့ မြေအနေအထားနှင့် ရာသီဥတုမျိုးလည်း ရှိသည်။ အာဖရိကကဲ့သို့ ကန္တာရဆန်သော မြေအနေအထားနှင့် ပူပြင်းသော ရာသီဥတုလည်း ရှိသည်။ တောနက်ကြီးများလည်း ရှိသည်။ ရာသီဥတုမျှတသော ဒေသများ၊ ပင်လယ်ကမ်းခြေများလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမြေဟာ တို့တစ်တွေရဲ့ နှလုံးသားဝိညာဉ်ပဲ ××× အားလုံးရဲ့ ပုဂံ'တဲ့။ တကယ်က အားလုံးရဲ့ နိုင်ငံ၊ မြန်မာတွေအားလုံးရဲ့ ရွှေနိုင်ငံဖြစ်ပါသည်။

လတ်တလောအခြေအနေက ရွှေနိုင်ငံအတွက် မရေရာသော အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေရသည်။ ပြည်တွင်းလက်နက်ကိုင် တိုက်ပွဲများနှင့် မငြိမ်းချမ်းခြင်းတို့သည် တိုင်းရင်းသားအားလုံး၊ မြန်မာတွေအားလုံး၏ အန္တရာယ်ဖြစ်ပါသည်။ တိုင်းပြည် မငြိမ်းချမ်းဘဲ ဘာမှလုပ်၍မရနိုင်ပါ။ ရွှေနိုင်ငံဟု ကြွားလည်း ကြွားရုံသာရှိမည်။ ဒီအန္တရာယ်ကို ဖယ်ရှားနိုင်ဖို့အတွက် ယခင်တုန်းကလိုပင် အနီးဆုံး ရန်သူကို ဦးစွာရှာတိုက်ကြရပါလိမ့်မည်။ ဒီအချိန်မှာ အနီးဆုံးရန်သူကတော့ ခေါင်းဆောင်အသီးသီး၏ အဇ္ဈတ္တအတွင်းသဏ္ဌာန်၌ ရှိနေ၊ စွဲထင်နေသော အတ္တ၊ မာန၊ ဒေါသ၊ အာဃာတများဖြစ်ပါသည်။ ဒါတွေကို ဦးစွာ လက်စတုံး ပယ်သတ်နိုင်ပါမှ စစ်မှန်သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါပေလိမ့်မည်။

*၂၀၁၄၊ မတ်လ၊ ဘဝသစ်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



# ပြည်သူတွေကြားက ပြည်သူ့စကား

ယနေ့ကာလသည် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန်အတွက် အစိုးရအဖွဲ့၊ လွှတ်တော်များ၊ ပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသား ပြည်သူများအားလုံးတို့မှ မျှော်လင့်ချက်ကြီးမားစွာ၊ ထက်သန်တက်ကြွစွာ၊ ယုံကြည်စိတ်ပြင်းပြစွာ ပြောဆို၊ ရေးသား၊ ဆွေးနွေး၊ ညှိနှိုင်းလုပ်ဆောင် နေကြသည့်အချိန်ဖြစ်ပါသည်။ တိုင်းပြည်တစ်ခုလုံး အေးငြိမ်းသာယာ ဖွံ့ဖြိုးတိုးတက် ကြီးပွားချမ်းသာရေးအတွက် မိမိစိတ်တွင် ထင်မြင်ယူဆ သည့်အတိုင်း ယုံကြည်သည့်အတိုင်း ပွင့်လင်းလွတ်လပ်စွာ ပြောဆိုဆွေးနွေး၊ ရေးသားခွင့်ရှိနေပြီဖြစ်သောကြောင့် တစ်တိုင်းတစ်ပြည်လုံး၊ မိသားစု စကား ဝိုင်းများ၊ မိတ်ဆွေသူငယ်ချင်းတို့၏ လက်ဖက်ရည်ဆိုင် စကားဝိုင်းများ၊ အဖွဲ့အစည်းအသီးသီးတို့၏ ဆွေးနွေးပွဲများမှသည် ပါတီများ၊ လွှတ်တော် များ၊ အစိုးရအဖွဲ့အတွင်းတို့၌လည်း စိတ်အားထက်သန် ဆန္ဒပြင်းပြစွာ ပြောဆို၊ ဆွေးနွေးညှိနှိုင်းနေကြပါသည်။

စကားဝိုင်းများ၊ ဆွေးနွေးပွဲများသည် သီးခြားစီဖြစ်သော်လည်း

www.burmeseclassic.com



အဆက်အစပ်လည်းရှိ၍ အရှိန်အဟုန်လည်း ပြင်းပါသည်။ စကားလုံးများသည် စာလုံးများအဖြစ် အသွင်ကူးပြောင်း၍ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင် စသည်တို့ဖြင့် ပြည်သူတို့၏ရင်ကို နှေးစဥ် ရိုက်ခတ်လျက်ရှိပါသည်။ စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများမှ အသံများကို နားထောင်ကြည့်သည့်အခါ တိုင်းပြည်တစ်ပြည်လုံး၊ တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်၍ ကြီးပွားချမ်းသာကြစေရန်အတွက် အလေးထားလုပ်ဆောင်ရမည့်ဆန္ဒ တူညီစွာ ထွက်ပေါ်လာသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပြည်တွင်းငြိမ်းချမ်းရေး။
(၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒသဘောထားနှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး။
(၃) ဘုံသဘောထားနှင့် ကိုက်ညီသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး။
(၄) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေး။
(၅) ပညာရေးပြုပြင်ပြောင်းလဲမှု။
(၆) စီးပွားရေးပြုပြင်ပြောင်းလဲမှု။
(၇) တရားရေးမဏ္ဍိုင်ဖြောင့်မတ် အားကောင်းရေး။
(၈) ရွေးချယ်တင်မြှောက်ခြင်းများ။

## (၁) ပြည်တွင်းငြိမ်းချမ်းရေး

အစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တို့ ဖြစ်ပွားသော စစ်ပွဲများနှင့် တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်းဖြစ်ပွားသော စစ်ပွဲများကြောင့် မြို့နယ်၊ ကျေးရွာအများအပြားသည် နှစ်ပေါင်း (၅၀/၆၀) အတွင်း ဘက်ပေါင်းစုံမှ များစွာ စုတ်ပြတ်သတ်ကာ နိမ့်ဆင်းပျက်ပြားသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ မူလက အုတ်၊ ကျောက်၊ ဂဝံ စသည်တို့ဖြင့် လုပ်ပနိုင်ခဲ့စွာ ဆောက်လုပ်ထားခဲ့သော ခမ်းနားကြီးကျယ်လှသော ချပ်(ချ်)ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဝတ်ကျောင်းများ၊ စာသင်ကျောင်းများ၊ အိမ်ကြီး ရခိုင်များတို့သည် အုတ်ပုံ–ကျောက်ပုံများ၊ မီးလောင်ငုတ်တိုများဘဝသို့ ပြောင်းလဲသွားပြီး ၎င်းတို့နေရာတွင် သစ်၊ ဝါး၊ ဓနိ၊ သက်ကယ်တို့ဖြင့် ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသော အဆောက်အအုံများ ဖြစ်ပေါ်လာ ပါသည်။ လက်နက်ကိုင်များအားလုံးကို ကြောက်ရသဖြင့် လယ်ယာစိုက်ပျိုး ရေးလည်း မလုပ်နိုင်၊ ရောင်းဝယ်ကုန်သွယ်မှုလည်း မလုပ်နိုင်၊ ပညာလည်း မသင်နိုင်သောကြောင့် ကျေးလက်ဒေသနယ်မြေရှိ ပြည်သူလူထု၏အခြေ အနေမှာ အသိပညာ၊ အတတ်ပညာနုံချာပြီး ဆင်းရဲမွဲတေကာ လူ့အဆင့် အတန်း အနိမ့်ကျဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

တိုက်ပွဲများတွင် နှစ်ဖက်စလုံး၏ စစ်စရိတ်ကို ပြည်သူလူထုက ထည့်ဝင်ကျခံနေရပါသည်။ အခွန်အကောက်များကို နှစ်ဖွဲ့စလုံး တချို့ နေရာများတွင် ဒေသအတွင်း ရှိသမျှ အဖွဲ့အားလုံးကို ပေးကြရပါသည်။ ဆန်ဆို ဆန်၊ ငါးပိဆို ငါးပိ၊ တောင်းသမျှ ပိုက်ဆံမရဘဲ ပေးရပါသည်။ ပိုက်ဆံပေးသည့်အဖွဲ့ ဆိုလျှင်လည်း သုံးသိန်းတန်နွားကို ပေါ်စားဖို့အတွက် ငါးသောင်းကျပ်နှင့် ရောင်းပေးရပြီး ကျန်နှစ်သိန်းခွဲကို ရွာမှ ကောက်ခံကာ ပိုင်ရှင်ကို ဖြည့်ပြီးပေးရပါသည်။

သူ့ဘက်က လူ၊ ငါ့ဘက်က လူ စသည်ဖြင့် စွပ်စွဲကာ နှိပ်စက်ညှင်း ပန်း ရိုက်နှက်သတ်ဖြတ်တတ်ကြသောကြောင့် စစ်ပွဲနယ်မြေရှိ ကျေးရွာများမှ ယောကျ်ားများသည် ကျေးရွာများတွင် အေးချမ်းစွာ မနေနိုင်ဘဲ ရွာစွန်၊ ရွာဖျား၊ တောင်ယာ၊ တောတွင်း၊ လယ်ကွင်း စသည်တို့တွင် လှည့်လည် တိမ်းရှောင်ပုန်းခို၍ နေထိုင် အိပ်စက်ကြရပါသည်။ သားယောကျ်ားလေး များ၏ အခြေအနေမှာ အသက် (၁၀)နှစ်ခန့် ရှိပြီဆိုသည်နှင့် မိခင်မှ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကရောက်ရပြီး အန္တရာယ်ရှိပြီဖြစ်ပါသည်။ အချို့ လက်နက်ကိုင် အဖွဲ့များက ၁၀နှစ်ကျော် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသော (၁၂/၁၃)နှစ် ကလေးများအား တပ်သားသစ်အဖြစ် စုဆောင်းခေါ်ယူကြပါသည်။ သား ယောက်ျားလေးနှစ်ယောက်ရှိလျှင် တစ်ယောက်ပေးရမည်၊ သုံးယောက်ရှိ လျှင် တစ်ယောက်ပေးရမည် စသည်ဖြင့် သတ်မှတ်ထားလေ့ရှိပါသည်။ ထို့ကြောင့် မိဘများသည် သားယောက်ျားလေးများကို လူပျိုဘော်ဝင်သည် နှင့် သာသနာ့ဘောင်သို့ သွင်းခြင်း၊ ဘုန်းကြီး, ရဟန်းပြုပေးခြင်း၊ အိမ်ထောင်ချပေးခြင်းများ ပြုလုပ်ပေးကြရပါသည်။ ဤသို့ ပြုလုပ်၍ လုံး၀ ကင်းလွတ်သွားခြင်းမျိုးတော့ မရှိပါ။ သတ်မှတ်ထားသည့်အတိုင်း လျော်ကြေးပေးရပါသည်။

ပြည်တွင်းစစ်ဖြစ်ပွားနေသည့် နယ်မြေဒေသများတွင် ကိုးတန်း၊ ဆယ်တန်းတက်သူ၊ ပညာတတ် ဘွဲ့ရ စသည်တို့ မရှိသလောက် အလွန်ရှားပါသည်။ ကျောင်းမရှိ၊ ရှိလျှင်လည်း ဆရာ မရှိနှင့် ပစ္စန္တရာဇ် အရပ်များ ဖြစ်ကုန်ကြပါသည်။ စစ်ပွဲနှင့် စစ်စရိတ်များကြောင့် သစ်တော ကြီးများ ပြုန်းတီးကုန်ပါသည်။ လယ်ယာများ ဖုန်းဆိုးတောဖြစ်ကုန်ပါ သည်။ မှောင်ခိုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်း၊ လောင်းကစားလုပ်ငန်း၊ လူကုန်ကူးခြင်းများဖြင့် စာရိတ္တများ ပျက်ပြားကာ၊ လူညွန့်တုံးကုန်ကြပါ သည်။ ပြည်တွင်းစစ်မီးကြောင့် ကျေးရွာကြီးများ၊ တန်ဖိုးရှိသော လူ့ အသက်နှင့် သယံဇာတပစ္စည်းများသည် မီးခိုးများ၊ ပြာမှုန်များ၊ မြေမှုန်များ အဖြစ်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ပြီး အသက်ရှင် ကျန်နေသူများအနေဖြင့် လည်း ဒေသတစ်ခုလုံး လူစဥ်မမီဘဲ နိမ့်ကျဆုံးရှုံး ပျက်စီးနေခဲ့ကြရပါ သည်။

ဤအခြေအနေမျိုးဖြင့် တိုင်းပြည်ကို မည်သို့ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်၊ ကြီးပွားချမ်းသာအောင် ဆောင်ရွက်နိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအရ တိုက်သော စစ်ပွဲများသည် စီးပွားရေးလိုအပ်ချက်ရသွားလျှင် စစ်ပွဲပြီးသွားပါမည်။ ဥပမာ– ပင်လယ်ထွက်ပေါက်ရလို၍ တိုက်သည်၊ ရေနံရလို၍ တိုက်သည်ဆိုလျှင် ပင်လယ်ထွက်ပေါက်ရသွားလျှင်၊ ရေနံရသွားလျှင် စစ်ပွဲပြီးဆုံးသွားနိုင်ပါသည်။ ဝါဒရေးအရဖြစ်ပေါ်သော စစ်ပွဲများသည် ဝါဒအင်အားသာလွန်သူက အနိုင်ရလျှင် စစ်ပွဲပြီးပါသည်။ ဆိုရှယ်လစ်၊ ကွန်မြူနစ်တော်လှန်ရေးတိုက်ပွဲများတွင် ပြည်သူက လက်ခံသောအချိန်၌ ဆိုရှယ်လစ်၊ ကွန်မြူနစ်များ အနိုင်ရ၍ တိုက်ပွဲပြီးသွားပါသည်။ ပြဿနာမှာ သမိုင်းကြောင်းအရဖြစ်သော ဘာသာရေး၊ လူမျိုးရေး စစ်ပွဲများဖြစ်ပါသည်။ ဤစစ်ပွဲမျိုးမှာ လက်နက်ကိုင်တိုက်လျှင် မည်သည့်အခါမှ မပြီးနိုင်ပါ။ သားစဉ်မြေးဆက် တိုက်ကြရပါလိမ့်မည်။ ဤစစ်ပွဲအမျိုးအစားအတွက် စစ်ပွဲပြီးဆုံးရန်မှာ စားပွဲဝိုင်းတွင် မျက်နှာစုံညီ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ပါး အခြားမရှိပါ။

ယနေ့ကာလတွင် စစ်ပွဲ၏ အနိဋ္ဌာရုံကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပြီးဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတို့သည် စစ်ကို မလိုချင်တော့ပါ။ စစ်ပွဲနှင့် ပတ်သက်ပြီး ခံစားခဲ့ရသည်တို့ကို ထပ်မံမခံစားလိုကြတော့ပါ။ ထို့ပြင် နည်းပညာတိုးတက် ကျယ်ပြန့်လာခြင်း၏ ကျေးဇူးကြောင့် ရုပ်ရှင်၊ ဗီဒီယို၊ တယ်လီဗေးရှင်း၊ အင်တာနက် စသည်တို့မှတစ်ဆင့် အခြားဒေသ၊ မြို့နယ်၊ ကျေးရွာ၊ နိုင်ငံများ၏ အေးချမ်းသာယာမှု၊ တိုးတက်မြင့်မားမှု၊ လူနေမှုအဆင့်အတန်းမြင့်စွာ နေထိုင်စားသောက်ရမှုတို့ကို မြင်တွေ့သိရှိကြရပြီး မိမိတို့ဒေသ၊ မြို့နယ်၊ ကျေးရွာများတွင်လည်း ထိုကဲ့သို့ အေးငြိမ်းစွာဖြင့် နေထိုင်ခံစားလိုသည့် ဆန္ဒများ ပြင်းပြစွာဖြစ်ပေါ်လာခဲ့ပါသည်။ ဤသို့ဖြင့် တိုင်းရင်းသားပြည်သူတို့၏ ပြင်းပြသောဆန္ဒနှင့် တွန်းအားကြောင့် အစိုးရအဖွဲ့နှင့် လူမျိုးစု လက်နက်ကိုင်အဖွဲ့များသည် မလွှဲမရှောင်သာ၊ မဖြစ်မနေ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာသည့်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် ပြည်တွင်းငြိမ်းချမ်းရေး အတွက် အလွယ်တကူ သဘောတူညီမှုရရှိရန် မလွယ်ကူလှပါ။ အောက်ပါ အကြောင်းအချက်များကို ဆန္ဒစွဲမပါဘဲ အရှိအတိုင်း၊ အမှန်အတိုင်း ရှုမြင်၊ ပြင်ဆင်၊ သဘောတူနိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

(က) **ခေါင်းဆောင်များ၏ သဘောထား။** ခေါင်းဆောင်များသည် ပြည်သူလူထု၏ ပြင်းပြသော ဆန္ဒနှင့် အချိန်ကာလ၏ တောင်းဆိုချက်ကို နှစ်နှစ်ကာကာ သဘောပေါက် လက်ခံပြီး တွေ့ဆုံဆွေးနွေးသူများဖြစ်ရန် လိုပါသည်။ အခြေအနေအရ မတတ်သာ၍ လက်ခံဆွေးနွေးနေရသူများဖြစ် နေပြီး အတ္တနှင့် မာနကို ခွာမချနိုင်သမျှ ဆွေးနွေးပွဲများ အောင်မြင်နိုင်မည် မဟုတ်ပါ။

"သူတို့ကတော့ ယောက်ျားကြီးတွေလေ။ စစ်သားကြီးတွေပေါ့။ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေဆိုပြီး မာနကို မချနိုင်ကြဘူး။ ကျွန်မတို့ ပြည်သူတွေ ကတော့ အေးချမ်းချင်လှပြီ။ ငြိမ်းချမ်းရေးရချင်ပြီ။ ဒီစစ်ပွဲတွေရဲ့ ဒဏ်ကို မခံစားချင်တော့ဘူး။ ဒါ ကျွန်မ နှစ်ဖက်စလုံးကို မြင်တာပဲ"

ဟု တိုင်းရင်းသူတစ်ဦးက ဝမ်းနည်းစွာ ပြောခဲ့ပါသည်။ အချို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များသည် အိမ်နီးချင်း နိုင်ငံများတွင် အခြေချ၍ ကြီးပွားချမ်းသာနေပြီဖြစ်ပါသည်။ ၎င်းတို့တွင် အချို့သည် ပညာတတ်များ မဟုတ်ကြပါ။ တိုက်ရေးခိုက်ရေးဖြင့် ရာထူး ကြီးများရလာပြီး ကျဉ်းမြောင်းသော အမြင်ရှိသူများ၊ နားတစ်ဖက်ပေါက်များ ဖြစ်ကြပါသည်။

ယခုအချိန်တွင် သူသည် လက်နက်ကိုင်တပ်ဖွဲ့တွင် အရေးပါသူ၊ ဦးစီးသူ၊ ဦးစီးချုပ်၊ ဗိုလ်ချုပ်၊ စစ်ရေးတာဝန်ခံ စသည့် ရာထူးကြီးများဖြင့် မျိုးချစ်ပုဂ္ဂိုလ်ကြီး၊ ခေါင်းဆောင်ကြီး၊ တော်လှန်ရေးပုဂ္ဂိုလ်ကြီး စသည့် အနေအထားမျိုးကို ရရှိထားသူဖြစ်ပါသည်။ သို့ဖြစ်ရာ စစ်ပွဲများမရှိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသွားသည့်အချိန်ကာလတွင် သူ၏ ဗိုလ်ချုပ်ကြီးဟူသော ရာထူး၊ အဆင့်၊ တော်လှန်ရေးသမားကြီး၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးဟူသော ဂုဏ်ပုဒ်များ အတွက် မည်သူကမှ အာမခံချက်ပေးနိုင်မည်မဟုတ်ပါ။ လက်နက်စွန့်၍ ယှဉ်ပြိုင်အရွေးခံမည်ဆိုပါကလည်း သူ၏ မျိုးနွယ်တူများထဲတွင် သူ့ထက် များစွာသာသော ပြည်သူက အထင်ကြီး လေးစားသော မျိုးရိုး၊ မျိုးနွယ်အား ဖြင့် မြင့်မားသူ၊ ပညာတတ်သူ၊ ပြည်သူ့အကျိုးလုပ်ဆောင်ခဲ့သူများ ရှိနေရာ သေချာပေါက် အရွေးချယ်ခံရနိုင်ရေးအတွက်လည်း အာမခံချက် မရှိပါ။ ထို့ပြင် မူးယစ်ဆေးဝါးလုပ်ငန်း၊ လောင်းကစားလုပ်ငန်း။ မှောင်ခို လုပ်ငန်းများနှင့် လုပ်ကိုင်ပတ်သက်နေသော ခေါင်းဆောင်များအဖို့ ထိုလုပ်ငန်းများကို ကျောခိုင်း စွန့်ခွာရန်မှာ အလွန်ပင် ခက်ခဲပါလိမ့်မည်။

ဤအခြေအနေအတွင်း ငြိမ်းချမ်းရေးရရှိသွားပါက စားဝတ်နေရေး အခက်အခဲများစွာကြုံတွေ့ရမည့် လက်အောက်မှ တပ်ဖွဲ့ဝင်များ၊ စစ်သား များ၏ ငြိမ်းချမ်းရေးကို လွယ်လင့်တကူ လက်မခံနိုင်မှုသည် သူ့အတွက် စိတ်လေးစရာ၊ ငဲ့ကွက်စရာ အကြောင်းတစ်ခုလည်း ဖြစ်နေခဲ့သည်။ သို့ဖြင့် သူသည် စစ်ပွဲနှင့် တော်လှန်ရေးကို အလွယ်တကူ စွန့်လွှတ်ရန် မဖြစ်နိုင်တော့ပါ။ ၎င်းတို့ကို စွန့်လွှတ်လိုက်ရလျှင် သူသည် သူ့မျိုးနွယ် အတွင်း၌ သာမန် မထင်မရှားလူတစ်ဦးအဖြစ် ရောက်ရှိသွားနိုင်ပါသည်။ အသက်ဘေးအန္တရာယ်နှင့် ဥစ္စာစည်းစိမ် ပျက်စီးဆုံးရှုံးရမှုကိုလည်း တွေ့ ကြုံရနိုင်ပါသည်။ ဤသည်မှာ တိုင်းရင်းသားလက်နက်ကိုင်များအတွင်း အချို့သော ခေါင်းဆောင်များ၏ အနေအထားနှင့် သဘောထားဖြစ်ပါ သည်။

အစိုးရဘက်မှ ဆွေးနွေးသော ခေါင်းဆောင်များဘက်မှ ကြည့်လျှင် လည်း သံတူကြောင်းကွဲ ထူးမခြားနားသော အခြေအနေနှင့် သဘောထား များကို တွေ့နိုင်ပါသည်။ အစိုးရဘက်မှ ဆွေးနွေးသူများသည် ဖမ္ဘားအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဗမာလူမျိုးများ၊ စစ်ဗိုလ်ချုပ်အဟောင်းများ၊ အငြိမ်းစားများ၊ လက်ရှိပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ၎င်းတို့တွင် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သော လူမျိုးကြီးဝါဒစွဲများ၊ စစ်ဗိုလ်ချုပ်တစ်ယောက်၏ မာန်မာန၊ အမူအကျင့်နှင့် အတွေးအခေါ်များ စွဲကပ်နေဆဲပင်ဖြစ်ပါသည်။ တပ်မတော်အုပ်ချုပ်မှု နှစ်ပေါင်းများစွာအတောအတွင်း ခိုင်းတာ လုပ်ခဲ့ရသည့်အလေ့အကျင့်ဖြင့်သာ နေရာရလာသူများဖြစ်သောကြောင့် နိုင်ငံရေးအသိအမြင် အတွေးအခေါ်တို့မှာ ယခုမှ စတင်ရသူအများစုဖြစ်ပါသည်။ ကိုယ်ပိုင်အတွေးအခေါ်ခံယူချက်၊ ယုံကြည်ချက်ဖြင့် ဆွေးနွေးနေရသူများမဟုတ်ဘဲ၊ အခွင့်အာဏာပေးလိုက်သည့် မူဘောင်အတွင်းမှ ဆွေးနွေးရခြင်းဖြစ်သောကြောင့် အမှားအယွင်းမရှိစေရေး၊ မိမိအား မထိခိုက်ရေးတို့ကို အမြဲထည့်သွင်း စဉ်းစားနေရပေသည်။

၎င်းတို့အများစု၏ သဘောထားမှာ အစိုးရအဖွဲ့ (သို့မဟုတ်) အထက်၏ ဆန္ဒသဘောထားအတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာပြီးမြောက်လိုသည်။ သို့သော် သတ်မှတ်ပေးလိုက်သည့် မူဘောင်အတွင်းမှလည်း မကျော်လွန်နိုင်။ ထို့ပြင် ရှိခဲ့ဖူးသော ပြည်မ (သို့မဟုတ်) ဗဟိုအစိုးရ၏ လွှမ်းမိုးထိန်းချုပ်နိုင်သော အဆင့်တစ်ဆင့်မှလည်း သမိုင်းတရားခံဖြစ်မည်စိုးသောကြောင့် အလွယ်တကူ လျှော့ချပေးလိုသောဆန္ဒအားနည်းနေကြပါသည်။ သို့ဖြင့် သတင်းစာများ၊ ဂျာနယ်များတွင်တွေ့ရသော အစည်းအဝေးခန်းမအတွင်းမှ ထွက်လာသော နှစ်ဖက်ခေါင်းဆောင်များ၏ မျက်နှာများမှာ ကြည်သာရွှင်ပြုံးမှုများ မရှိဘဲ နဖူးကြောကြီးများရှုံ့၊ မျက်မှောင်ကြီးများကုတ်ကာ မျက်လုံးအကြည့်များ မကြည်လင်ဘဲ ဝေမှိုင်းနေကြပေသည်။

**(ခ) လက်နက်ကိုင်တပ်ဖွဲ့များ။** တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များသည် မျိုးနွယ်လူဦးရေအလိုက် ရာ၊ ထောင်၊ သောင်း စသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အင်အားရှိကြပါသည်။ ဤလက်နက်ကိုင် တပ်ဖွဲ့များသည် လစာ၊ ရိက္ခာ ပုံမှန်ရရှိမှု မရှိကြပါ။ ဆက်ကြေး၊ အကောက်၊ အခွန်ရရှိမှုအပေါ် မူတည်ပြီး ထောက်ပံ့ ပေးကမ်းခြင်းဖြစ်သဖြင့် တစ်ကိုယ်ရေအတွက်ပင် လုံလောက်မှုမရှိပါ။ သို့သော် ဤသည်မှာ လက်နက်ကိုင် တော်လှန်ရေး ကာလအတွင်း၌ ပြဿနာတစ်ရပ်မဟုတ်ပါ။ နအောက်ခြေအဖွဲ့များသည် မိမိတို့ပိုင်နက် နယ်မြေအတွင်း အခြေအနေပေါ် မူတည်၍ တောင်းခံ ကောက်ယူ စားသုံးနိုင်ကြပါသည်။

လူ ၁၅ယောက်ခန့် တပ်ဖွဲ့အတွက်ဆိုလျှင် ဗိုလ်လုပ်သူသည် ရွာတွင်းသို့ လူလွှတ်လိုက်ခြင်းဖြင့် လည်းကောင်း၊ ရွာထိပ် သစ်ပင်အောက်မှ သေနတ်ဖောက်လိုက်ခြင်းဖြင့် လည်းကောင်း၊ ရွာတွင်းမှ ရွာလူကြီးနှင့် ရွာသားများ ထွက်လာကြကာ၊ လောလောဆယ်စားရန် ထမင်း၊ ဟင်းနှင့် အရက် စသည့် စားသောက်ဖွယ်များ၊ ရက်ပိုင်းအတွင်းစားရန် ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက်များ၊ ထိုက်သင့်သော ငွေကြေးများကို ထောက်ပံ့ ပေးကမ်းကြမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ၎င်းလက်နက်ကိုင်တပ်ဖွဲ့များသည် တော်လှန်ရေးကာလအတွင်း လွတ်လပ်စွာ နေထိုင်စားသောက်ရမှုအရသာကို ကောင်းစွာခံစားသိရှိကြပြီးဖြစ်ပါသည်။

ထို့ပြင် ၎င်းလက်နက်ကိုင် တပ်သားအများစုမှာ အသက် (၁၂/၁၃) အရွယ်ခန့်မှ စတင်ကာ အဓမ္မ လူသစ်စုခံရ၍ တော်လှန်ရေးတပ်သားများ ဖြစ်လာကြခြင်းကြောင့် ပညာအခြေခံနည်းပြီး သေစာ ရှင်စာ လေးငါးတန်း စသည်မျှလောက်သာ တတ်မြောက်ကြပါသည်။ သို့ဖြစ်၍ ၎င်းအများစုမှာ ဘဝရှေ့ရေးအတွက် လေးနက်စွာ မျှော်တွေးစဉ်းစားမှုများ မရှိကြပါ။ အရွယ်မရောက်ခင် ကလေးဘဝကပင် စစ်သားလုပ်ခဲ့ကြရခြင်းကြောင့် သေနတ်ပစ်ခြင်းနှင့် စစ်တိုက်ခြင်းကိုသာ တတ်မြောက်ကြပြီး အသက်မွေး ဝမ်းကျောင်းအတတ်ပညာများကို သင်ကြားရယူတတ်မြောက်ခဲ့ခြင်း မရှိကြ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး စတင်လုပ်သည့် အချိန်တွင် ရှေ့ခရီးအတွက် မရေရာသည့် အခြေအနေမျိုးကို ကြုံတွေ့ရသဖြင့် အောက်ခြေ အရာရှိငယ်နှင့် အကြပ်တပ်သားများသည် ပျာယာခတ်၍ ကြံရာမရဖြစ်သွားပြီး မြို့နယ်၊ ကျေးရွာများအတွင်း ယခင်က မကောက်ခံဘူးသော နေရာများသို့ပင် ၎င်းတို့၏အထက်မှ ကောက်ခံခြင်း မဟုတ်ဘဲ ဆက်ကြေးငွေများကို လိုက်လံ ကောက်ခံ၍ နောင်ရေးအတွက် ရယူစုဆောင်းကြပါတော့သည်။

ဤအခြေအနေကို ၎င်းတို့အဖွဲ့အစည်း၏ အထက်အကြီးအကဲများက သိရှိသော်လည်း တားဆီးဟန့်တားမှု မပြုလုပ်ကြပါ။ တားဆီးဟန့်တားမှု ပြုလုပ်လျှင်လည်း ငယ်သားများ၏ သေနတ်ပြောင်းသည် ၎င်းတို့ဘက်သို့ ပြန်လှည့်သွားစရာအကြောင်းရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အပစ်အခတ်ရပ်စဲချိန်တွင် ငယ်သားများသာ ရုတ်တရက် အခက်အခဲကြုံတွေ့ကြရပြီး အထက်လူကြီးများမှာမူ ဥစ္စာစီးပွားများ မူလကထက်ပင် ပိုမိုတိုးတက် အဆင်ပြေသွားကြသောကြောင့်ဖြစ်ပါသည်။ ဤသို့ အောက်ခြေတပ်ဖွဲ့များ ငွေကြေးလိုက်လံကောက်ခံခြင်းကို နယ်မြေရှိ အစိုးရဝန်ထမ်းနှင့် အုပ်ချုပ်သူများကလည်း မသိကျိုးကျွံပြုထားခဲ့ကြပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး ရယူရန် စဉ်းစားသည့်အခါ ဤတပ်ဖွဲ့များသည် ခေါင်းဆောင်လုပ်သူအတွက် စိတ်လေးစရာ၊ ငဲ့ကွက်စရာ အကြောင်းတစ်ခုဖြစ်လာတော့သည်။

ငြိမ်းချမ်းရေးရယူထားသည့် အချို့သော လက်နက်ကိုင် တပ်ဖွဲ့များမှ အောက်ခြေအရာရှိနှင့် စစ်သည်များ တောတွင်းလက်နက်ကိုင်ဘဝသို့ ပြန်လည်ရောက်ရှိသွားခြင်းများကို မကြာခဏ တွေ့မြင်ရပါသည်။ ထို ပြဿနာကို ဖြေရှင်းရန်အတွက် အစိုးရဘက်က နယ်ခြားစောင့်တပ်ဟူသည့် အဖြေကို ထုတ်ပေးသော်လည်း တိုင်းရင်းသားတပ်ဖွဲ့အများစုက လက်မခံခဲ့ကြပါ။ ၎င်းတို့၏ တပ်ဖွဲ့များကို နိုင်ငံတော်၏ တရားဝင် တပ်ဖွဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်လိုသော ဆန္ဒများရှိကြပေသည်။ ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရေးကို အဖြေရှာလိုကြပေလိမ့်မည်။

**(ဂ) အစွန်းရောက် အမျိုးသားရေး လှုံ့ဆော်မှုများ။** စစ်အေးတိုက်ပွဲကာလအတွင်း အနောက်နိုင်ငံကြီးများသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံကြီးများနှင့် ဩဇာခံ နိုင်ငံငယ်များအား ဖြိုကွဲပြီး အင်အားချည့်နဲ့စေရန်အတွက် အမျိုးသားရေးလှုံ့ဆော်မှုနှင့် လူ့အခွင့်အရေးကို လက်နက်အဖြစ် အောင်မြင်စွာ အသုံးပြု ဆောင်ရွက်သွားနိုင်ခဲ့ပါသည်။ ထိုသို့တိုက်ခိုက်ခြင်း၏ အောင်မြင်မှုသည် မတူညီသော တိုင်းရင်းသား လူမျိုးစုများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံငယ်အများအပြားသို့ ပြင်းထန်စွာ ရိုက်ခတ်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစု နယ်မြေများသည် ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသော်လည်း အပစ်အခတ်ရပ်စဲခြင်းကြောင့် နယ်မြေအေးချမ်းဖွံ့ဖြိုးလာသည့်အချိန်တွင် အသက် ၂၀/၂၅ နှစ်အောက် လူငယ်မျိုးဆက်တစ်ဆက်သည် စစ်ဘေးဒုက္ခ၏ ခါးသီးမှုကို ကိုယ်တွေ့ခံစားသိမြင် သဘောပေါက် နားလည်ခြင်း မရှိခဲ့ကြပါ။

၂၀၁၀–နောက်ပိုင်း ပြောင်းလဲလာသော အခြေအနေများအတွင်း လွတ်လပ်စွာပြောဆိုရေးသား လှုံ့ဆော်ခြင်းများကြောင့် တိုက်ပွဲဖြစ်ပွားခြင်းများ လျော့နည်း၍ နယ်မြေအေးချမ်းကာ ဖွံ့ဖြိုးစပြုလာသော တိုင်းရင်းသားနယ်မြေများ၌ လူငယ်များသည် အမျိုးသားရေးကို ဦးစားပေး စဉ်းစားတွေးခေါ်လာကြပါသည်။ စည်းရုံး လှုံ့ဆော်လာကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် အလွတ်သဘောပြောဆိုခဲ့ရာတွင် "------ ----ရဲ့ ဆန္ဒဟာ ကျွန်တော်တို့ လူမျိုးတွေရဲ့ ဆန္ဒပဲ။ ------ရဲ့ သဘောထားဟာ ကျွန်တော်တို့သဘောထားပဲ" ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနှင့် ပတ်သက်ပြီး ပြောဆိုခဲ့ပါသည်။ အဆို့သော

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တိုင်းရင်းသားနယ်မြေများတွင် ပြုလုပ်သည့် အခါ နယ်မြေခံ လူထုသည် ဆွေးနွေးမည့်အဖွဲ့ဘက်တစ်ဖက်ကိုသာ ထောင်၊ သောင်းချီ၍ ခမ်းနားစွာ ကြိုဆိုခဲ့ကြကြောင်း တွေ့ရပေမည်။ အသက်အရွယ်ကြီးရင့်သူ ဝန်ထမ်းဟောင်း တိုင်းရင်းသား အနုပညာရှင်ကြီး တစ်ဦးကလည်း ၎င်းတို့နယ်မြေသို့ ရောက်ရှိသွားခဲ့သည့် အတိုက်အခံပါတီ တစ်ခုမှ ခေါင်းဆောင်တစ်ဦးအား "တို့ကတော့ မင်းတို့ ဗမာတွေနဲ့ ပေါင်းမနေနိုင်ဘူး။ တို့လူမျိုးပဲ တို့ဘာသာနေမယ်"ဟု ပြောဆိုခဲ့ပါသည်။

ဤသည်မှာ အစွန်းရောက် စိတ်ဓာတ်ဖြင့် ပြည်ထောင်စုမှ ခွဲထွက်လိုသော သဘောကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ပြည်သူ့ဆန္ဒကို ဗဟိုပြု၊ ပြည်သူ့ဆန္ဒ တို့ဆန္ဒ စသည့် ကြွေးကြော်မှုများ အရေးထား၊ ဦးစားပေး၊ ခေတ်ထလာချိန်တွင် အထက်ပါအတိုင်း ပြည်သူအချို့၏ ပြောဆိုမှု၊ အားပေးမှု၊ လှုံ့ဆော်မှုကို ကြားသိရသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဤသည်ကိုပင် မိမိတို့တိုင်းရင်းသားပြည်သူ အားလုံး၏ သဘောထားဆန္ဒဟု မှတ်ယူပြီး တွေဝေသွားသည်။ သဘောထားအမြင်ပြောင်းသွားပါသည်။ ပြည်သူက ခွဲထွက်စေချင်သည်ဟု ထင်သွားပါသည်။ ပြည်သူက "လိုတာမရမချင်း အလျှော့မပေးနဲ့၊ စစ်ဆက်တိုက်။ မင်းတို့နောက်က တို့ရှိတယ်"ဟု တိုက်တွန်းနေသည်ဟု မှတ်ယူသွားပါသည်။ ဤသို့ဖြင့် မလိုအပ်သော တင်းမာမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ သို့ဖြစ်ရာ အတိမ်းအစောင်းမခံသော၊ အမှားမခံသော ယခုလို အချိန်မျိုးတွင် အစွန်းရောက် အမျိုးသားရေးလှုံ့ဆော်မှု၊ ပြောဆိုရေးသားမှု တို့သည် စစ်ပွဲများ ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို များစွာထိခိုက်စေကြောင်း အထူးသတိပြုအပ်ပါသည်။

ထို့ပြင် အထူးသတိပြုရမည့် အခြားအကြောင်းတစ်ရပ်မှာ အဆင့်မြင့် နိုင်ငံရေးကစားနည်းတစ်မျိုးဖြစ်သော အပေးအယူဖြင့် လာဘ်ထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရယူသည့် ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့မည်မဟုတ်ဘဲ ပါဝင်ပတ်သက်သူအားလုံးကို သိက္ခာကျဆင်းစေ၍ သမိုင်းကို အရုပ်ဆိုး အကျည်းတန်စေမည်ဖြစ်ပါသည်။

ထောက်လှမ်းရေးများ ခေတ်ကောင်းစဉ်ကာလက သစ်တောကြီးများပေး၍ ရယူခဲ့သော ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခြင်း စသည့် အပစ်အခတ်ရပ်စဲမှု၊ တစ်နည်းအားဖြင့်ယာယီ ငြိမ်းချမ်းရေးများသည် ယခုအထိ စစ်မှန်သော ငြိမ်းချမ်းရေးကို မရရှိသေးပါ။ မည်သူမှ မတားဆီး မထိန်းသိမ်းရဲကြသဖြင့် ပါမစ်တစ်စောင်တောလုံးပြောင်ဖြင့် သစ်တောကြီးများသာ ကုန်ဆုံးသွားသည်ကို သင်ခန်းစာယူရပါလိမ့်မည်။

## (၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒသဘောထားနှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင် တပ်မတော်အစိုးရလက်ထက်က ၎င်းတို့စိတ်ကြိုက် ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝ မရှိသည့်အခြေအနေမှ ဖွဲ့စည်းပုံအခြေခံဥပဒေရှိလာပြီး၊ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားအစိုးရ၊ လွှတ်တော်များ စသည်တို့ ပေါ်ပေါက်လာကာ၊ လုပ်ငန်းများကို အပြန်အလှန်ထိန်းကျောင်း အကောင်အထည်ဖော်ဆောင်ရွက်နေနိုင်ခြင်းသည်ပင် တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်၊ ပြောင်းလဲမှုများရှိပါသည်။ အရွေ့များ ရှိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော၊ ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေ မဖြစ်သေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ တပ်မတော်သား ၂၅ ရာခိုင်နှုန်းကိစ္စ၊ မိမိတို့အား အုပ်ချုပ်မည့်

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ၊ ဝန်ကြီးချုပ် စသည်များကို မိမိတို့ကိုယ်တိုင် ရွေးချယ်ခွင့်မရသည့်ကိစ္စ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ်ထားသည့် အာဏာများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရသို့ အာဏာခွဲဝေထားမှုအခြေအနေ စသည်ဖြင့် ပြည်သူတို့ ဘဝင်မကျသည့် အချက်များစွာ ပါရှိပါသည်။

ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေး၊ ပြည်သူ့ဆန္ဒနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဟူ၍ သဘောထားနှစ်ရပ် ကွဲလွဲခဲ့ရာ ပါတီတစ်ခု၏ ပြည်သူ့ဆန္ဒကောက်ခံချက်အရ ပြည်သူ ၈၀–ရာခိုင်နှုန်းကျော် ၉၀ ရာခိုင်နှုန်းက ပြင်ဆင်ခြင်းကို ထောက်ခံသည်ဟု သိရှိရသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သာမန်အားဖြင့် အရေးပါသော အကြောင်းအချက်များကို ပြင်ဆင်ရန် ခက်ခဲအောင် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်က သဘောတူမှသာ ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်များက မထောက်ခံလျှင် ပြင်ဆင်ခွင့်ရမည်မဟုတ်ရာ တပ်မတော်သား ကိုယ်စားလှယ်များ၏ ဆန္ဒမဲက အဆုံးအဖြတ်ဖြစ်နေပေသည်။ အငြင်းပွားဖွယ်မရှိ ပြည်သူအားလုံးဆန္ဒသဘောထားထပ်တူညီသော အကြောင်းအချက်၊ ဥပဒေများကို ပြင်ဆင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားသည် များစွာအရေးပါခဲ့ပြီဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒနှင့် ကိုက်ညီအောင် မပြင်ဆင်နိုင်လျှင် နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုသည် ရှေ့ဆက်နိုင်ခြင်းမရှိတော့ဘဲ လုံးဝ ရပ်တန့်သွားပေလိမ့်မည်။ ထိုသို့သော နိုင်ငံရေးအကျပ်အတည်းမှသည် တိုင်းပြည်သည် စစ်မီးလျှံအတွင်းသို့ ပြန်လည်ရောက်ရှိသွားနိုင်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် သဘောပေါက်ပြီးဖြစ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါသည်။ ယခုအချိန်အခါတွင် မှန်ကန်ပြတ်သားစွာ ဆုံးဖြတ်ချက်ချရမည့် လေးနက်သော သမိုင်းပေး တာဝန်တစ်ရပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပခုံးပေါ်တွင် ကျရောက်နေပေပြီ။

### (၃) ဘုံသဘောထားနှင့် ကိုက်ညီသော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး

တိုင်းရင်းသားအားလုံးက ဖက်ဒရယ်ပြည်ထောင်စုကို လိုလားကြပါသည်။ ဗမာအများစုပါသော တပ်မတော်အစိုးရအဆက်ဆက် ဖက်ဒရယ်ပေးလိုက်လျှင် ခွဲထွက်ကြလိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုကို သဘောမကျ၊ မလိုလားပါ။ မပေးချင်ကြပါ။ ယခုအခါ ဖက်ဒရယ်သည် ခွဲထွက်ရေးမဟုတ်။ ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့အကြား အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ၊ ဘဏ္ဍာရေးများ၊ ဥပဒေရေးရာများ စသည်တို့တွင် ညီညွတ်မျှတစွာ ခွဲဝေပေးခြင်းပင် ဖြစ်သည်ဟု ဆိုနေကြပါပြီ။ ယနေ့ ဖြစ်ပေါ်နေသော မကျေလည်မှုများနှင့် ပြဿနာများသည် ဤအခြေခံအကြောင်းများကြောင့်ပင် ဖြစ်ပါသည်။

လောပိတ ရေအားလျှပ်စစ်သည် ကယားပြည်နယ်မှ ရရှိခြင်းဖြစ်သော်လည်း ကယားပြည်နယ်အတွက် အကျိုးခံစားမှုက နည်းပါးလွန်းပါသည်။ လောပိတအနီးအနားက ရွာတွေပင် ထိုစဉ်က မီးမရပါ။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ကယားပြည်နယ်သားတို့ ဝမ်းပန်းတနည်း ခံစားခဲ့ကြရပါသည်။

ဖားကန့်-ကျောက်စိမ်းသည် ကမ္ဘာမှာ နာမည်ကြီးဖြစ်ပါသည်။ ကချင်ပြည်နယ်က ထွက်ခြင်းဖြစ်ပါသည်။ ကျောက်စိမ်းရောင်းချ၍ရသော ငွေကြေးအကျိုးအမြတ်ထဲမှ ကချင်ပြည်နယ်အတွက် မည်မျှခွဲဝေရရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ ကချင်ပြည်နယ်က မကျေမလည်နှင့် အမြဲမေးနေသော မေးခွန်း ဖြစ်ပါသည်။ သံတူရွှင်းတစ်ချောင်းနှင့် ကျောက်စိမ်းတူးသူတို့၊ ဈေးသည် ဈေးဝယ်တို့၊ ကုန်သည်ပွဲစား၊ ကားသမား၊ ဝန်ဆောင်သူ မြန်မာပြည်အနှံ့ အပြားမှ ပြည်သူများ၊ ကချင်ပြည်နယ်သားများ နှစ်ပေါင်း ရာနှင့်ချီပြီး မှီခိုလုပ်ကိုင် စားသောက်နိုင်မည့် ဖားကန့် ကျောက်စိမ်းနယ်မြေသည် ယခု ဆယ်စုနှစ် တစ်ခုနှစ်ခုအတွင်းမှာပင် ကုန်သလောက်ဖြစ်နေချေပြီ။ ကချင်ပြည်နယ်အတွက် အကျိုးအမြတ်က လက်ညှိုးထိုးပြစရာ မရှိပါ။ သဘာဝပတ်ဝန်းကျင် ပျက်စီး၊ ဥရုချောင်းကြီး ရေလမ်းကြောင်းပြောင်း၊ ကော်ဖီရည်တွေ ဖြစ်၊ ရွာတွေ မြေပြိုကျ၊ ပြောင်းကြွေ့ရွှေ့ကြရတာသာ အဖတ်တင်ပါသည်။ ထားဝယ် ရေနက်ဆိပ်ကမ်းကိစ္စ အစပထမ နှစ်နှင့် ချီပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘာမှ ဝင်လုပ်ပိုင်ခွင့်မရှိ။ ပြောပိုင်ခွင့် မရှိပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ယောက်က အောက်ခြေမှာ လုပ်နေသမျှ၊ စီမံနေသမျှကို ထိုင်ကြည့်နေရသည်။ ကိုယ့်တိုင်းဒေသကြီးအတွင်းမှာတောင် ဘာမှအာဏာမရှိသော၊ လုပ်ပိုင်ခွင့် မရှိသော အစိုးရဖြစ်နေသည်။

ယခုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် တော့ ရနေပါပြီ။ ဗဟို၏ ထိန်းကျောင်းမှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါ သည်။ ဤကိစ္စများမှာ အကျေအလည် ဘုံသဘောတူညီမှု ရအောင် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စများဖြစ်ပါသည်။

ချင်းပြည်နယ်ကဲ့သို့ မည်သည့်ထွက်ကုန်မှ အားထားလောက်အောင် မထွက်သော ပြည်နယ်များအတွက်လည်း ဗဟိုအစိုးရက ပံ့ပိုးပေးရပါလိမ့်ဦး မည်။ ယခင်က 'ကရင် တစ်ကျပ်၊ ဗမာ တစ်ကျပ်'ဟု ပြောကြပါသည်။ ကရင်နှင့် ဗမာလူဦးရေအချိုးအစား အလွန်ကွာခြားပါသည်။ ထို့ကြောင့် ရှင်းအောင်ပြောရပါမည်။ ကရင်တစ်ယောက် တစ်ကျပ်ရလျှင် ဗမာ

www.burmeseclassic.com



တစ်ယောက်လည်း တစ်ကျပ်ပဲ ရ,ရမည်ဟု ဆိုလိုပါသည်။ တစ်တိုင်းပြည်လုံးတွင်ရှိသော တိုင်းရင်းသားအားလုံးသည် တစ်ဦးတစ်ယောက်ချင်းအတွက် ခံစားမှုများ တူညီမျှတစေရန်ဖြစ်ရပါမည်။ ငွေကြေးခံစားမှု၊ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်၊ ဥပဒေအကာအကွယ်၊ လူ့အခွင့်အရေး စသည့် အရာအားလုံးအတွက် ဆိုလိုခြင်းဖြစ်ပါသည်။

အချို့သော အကြောင်းကိစ္စများသည် တိုင်းရင်းသားတစ်မျိုးနှင့်တစ်မျိုး မတူညီမှုများ၊ ကွဲပြားခြားနားမှုများ၊ ဝိသေသထူးသော အခြေအနေများ ရှိပါလိမ့်မည်။ ဤအကြောင်းအချက်များအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် လိုပါသည်။ ဥပမာ– ဥပဒေပြုရေးတွင် ဒေသတစ်ခု၌ လောင်းကစားဟု သတ်မှတ်ခံရသော အကြောင်းကိစ္စသည် အခြားဒေသတစ်ခု၌ ထုံးတမ်းစဉ်လာ (သို့မဟုတ်) ရိုးရာဓလေ့ (သို့မဟုတ်) ယဉ်ကျေးမှုတစ်ခု ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ နေရာအားလုံး တန်းတူချင်မှတူပါလိမ့်မည်။

စင်ကာပူလို ညီညွတ်စွာ၊ လုံ့လ ဝီရိယရှိစွာ၊ တစ်မျိုးသားလုံးကြိုးစားကြသော တိုင်းပြည်က သူနှင့် ထိုက်တန်သော ချမ်းသာကြွယ်ဝမှုကို ရရှိပါသည်။ ဆိုမာလီလို စည်းလုံးညီညွတ်မှု မရှိ၊ ပရမ်းပတာ၊ ဦးနင်းပွဲထောင်၊ ပွဲနင်း ဦးထောင် နိုင်ငံမျိုးက စင်ကာပူလို ချမ်းသာကြွယ်ဝမှု ရလိုပါသည်ဆို၍ မဖြစ်နိုင်ပါ။

ဆိုလိုသည်မှာ ဘဏ္ဍာငွေကြေးကိစ္စ၊ ပြည်နယ်၊ တိုင်း၊ ဒေသကြီးအားလုံး တညီတညွတ်တည်းဖြစ်အောင် ပြည်ထောင်စုအစိုးရက လိုက်မညှိပေးနိုင်ပါ။ ဦးဆောင်မှုကောင်းသော အစိုးရနှင့် ညီညွတ်သောပြည်သူတို့ ပါဝင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများက ပိုမိုဖွံ့ဖြိုးတိုးတက်မည်သာ ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော တစ်ဦးတစ်ယောက်ချင်း၏ ဘဝလုံခြုံရေးကို အာမခံ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပေးနိုင်သော ပြည်ထောင်စု မပြိုကွဲရေးကို လုံးဝ တာဝန်ခံနိုင်သော ဖက်ဒရယ်ပြည်ထောင်စုမှု ရရှိရန်၊ အမြော်အမြင်ကြီးစွာ၊ သဘောထားကြီးစွာ စိတ်ရှည်သည်းခံကာ ဆွေးနွေးကြရပေလိမ့်မည်။ လွယ်လွယ်နှင့်တော့ ပြီးမြောက်နိုင်လိမ့်မည်ဟု မထင်ပါ။

## (၄) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရေး

ဤအကြောင်းကိစ္စသည် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒသဘောထားနှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး ဘုံသဘောထားနှင့် ကိုက်ညီသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး စသည့် အကြောင်းအချက်များအားလုံးနှင့် ချိတ်ဆက်နေပြီး ဤအကြောင်းကြောင့်ပင် ကျန်သည့်အကြောင်းကိစ္စများ ပျက်ပြယ်သွားနိုင်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် ခေါင်းဆောင်အားလုံးသည် တော်လှန်ရေးနှင့် ဆက်စပ်၍ ဖွဲ့စည်းဖြစ်တည်လာသော ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့အပေါ် အလွန်သံယောဇဉ်ကြီးကြပါသည်။ ၎င်းတို့၏ ရဲဘော်ရဲဘက် တပ်ဖွဲ့ဝင်များကို မျက်နှာလွှဲ ခဲပစ်၊ ပစ်စလက်ခတ် ထားခဲ့လိုက်ရမည်ကို မလိုလားကြပါ။ လက်လည်း မခံကြပါ။

ဤကိစ္စမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ပြဿနာလည်းဖြစ်ပါသည်။ ဘီအိုင်အေကို ဖျက်သိမ်းပြီး ဗြိတိသျှတို့ သတ်မှတ်ပေးသော အရေအတွက်အတိုင်း တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရသောအခါ တပ်ဖွဲ့ဝင်အတော်များများ နေရပ်ဇာတိသို့ ပြန်သွားကြပြီး ကျန်အင်အားစုများကို ပြည်သူ့ရဲဘော်အဖြစ် ဖွဲ့စည်းထိန်းသိမ်းထားခဲ့ရပါသည်။ အစိုးရဘက်ကလည်း တပ်မတော်တစ်ရပ်သာ ရှိရမည်ဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟူသော မူကို အလွယ်တကူ အလျှော့ပေး၍ တိုင်းရင်းသား လက်နက်ကိုင်တပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းတည်ရှိမှုကို လက်ခံလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကေအင်အိုထကြွမှုအရေးအခင်းတွင် ကရင်လက်နက်ကိုင် တပ်ရင်းများ လူမျိုးရေးစိတ်ဓာတ်လွှမ်းမိုး၍ တောခိုသွားခဲ့ကြသည့် ခါးသီးသော အတွေ့အကြုံရှိခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ တပ်မတော်များတွင် အသွင်သဏ္ဌာန်၊ အမျိုးအစား၊ အယူအဆမတူသော တပ်ဖွဲ့များ မရှိဘဲ တပ်ဖွဲ့တစ်ခုသာရှိသောကြောင့်လည်း ဖြစ်ပါသည်။

တိုင်းရင်းသားများဘက်ကမူ ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်အစိုးရနှင့် ကိုယ့်တပ်မတော်ရှိသော အဖြစ်ကို လိုလားတောင်းဆိုနိုင်ကြပါသည်။ လူဦးရေအချိုးအစားအလိုက် ကချင်တပ်၊ ကရင်တပ်၊ မွန်တပ် စသည်ဖြင့် ဖွဲ့စည်းလိုကြပေမည်။ မိမိလူမျိုးကာကွယ်ရေးဦးစီးချုပ်နှင့် မိမိတပ်ကို အုပ်ချုပ်လိမ့်မည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်များ ကောင်စီဖွဲ့စည်း၍ အစိုးရမှ ခန့်အပ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (သို့မဟုတ်) ဦးစီးချုပ်များကောင်စီက ရွေးချယ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်ပြီး ပြည်ထောင်စု တပ်မတော်ကို အုပ်ချုပ်ရပေမည်။ သို့သော် ဤသို့ဆောင်ရွက်ရန်မှာမူ များစွာခဲယဉ်း၍ ပြည်တွင်းစစ်မီးတောက်လောင်ပြီး တိုင်းပြည်အစိတ်စိတ်အမြွာမြွာ ပြိုကွဲမည့် ဘေးအန္တရာယ်ဆိုးဖြင့် တွေ့ကြုံရနိုင်ပါသည်။

လူမျိုးအရ တပ်ဖွဲ့များကို ဖွဲ့စည်းမည်ဆိုလျှင် ရှမ်းပြည်နယ်တစ်ခုတည်း၌ပင် ရှမ်းတပ်၊ ပအိုဝ်းတပ်၊ ဝတပ်၊ ကိုးကန့်တပ်၊ ပလောင်တပ်၊ လားဟူတပ် စသည်ဖြင့် တိုင်းရင်းသား တပ်ပေါင်းများစွာပေါ်ပေါက်လာပေလိမ့်မည်။ လူမျိုးစုတပ်များအတွင်း နယ်မြေလုသည့် စစ်ပွဲများမှစ၍ ပြည်နယ်တစ်ခုလုံး စစ်မီးတောက်လောင်သွားပါလိမ့်မည်။ ထို့ပြင် ဘာသာစကား၊ အနေအထိုင်၊ အစားအသောက်၊ လေ့ကျင့်မှု၊ ဖွဲ့စည်းအုပ်ချုပ်မှုတို့ မတူသဖြင့် ဒေသန္တရစစ်ဆင်ရေးများကို တိုက်ခိုက်နိုင်မည်ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော စစ်ပွဲကြီးများကို ပူးတွဲတိုက်ခိုက်ရန် ခက်ခဲပေလိမ့်မည်။ နိုင်ငံတကာ တပ်မတော်များနှင့် ဆက်သွယ်၊ ဆက်ဆံရန်လည်း အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။ တစ်ခုတည်းသော တပ်မတော်ဖြစ်လျှင်မူ တပ်မတော်အတွင်း၌ လူမျိုးရေးအရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ ခွဲခြားမှုမရှိရန် များစွာအရေးကြီးပါသည်။ တစ်ချိန်က တပ်မတော်အတွင်း၌ 'စီပိုး'ဟူသော ဝေါဟာရဖြင့် ဘာသာရေး ဖိနှိပ်ခွဲခြားမှုကြောင့် ခရစ်ယာန် ဘာသာဝင်များ တပ်မတော်မှ ထွက်သွားကြခြင်း၊ တပ်မတော်သို့ ဝင်ရောက်မှုမရှိခြင်းတို့ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။

## (၅) ပညာရေးပြုပြင်ပြောင်းလဲမှု

တိုင်းပြည်တစ်ပြည်အား ပြုပြင်ပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုသည် အရေးအကြီးဆုံး၊ အဓိကအကျဆုံး၊ အခြေခံအကျဆုံးဖြစ်ပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှု အောင်မြင်စွာ မဆောင်ရွက်နိုင်ဘဲ အခြားမည်သည့်ပြောင်းလဲမှုကိုမှ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ တပ်မတော်အစိုးရအဆက်ဆက်လက်ထက်တွင် ပညာရေးသည် များစွာဆုတ်ယုတ်၊ နိမ့်ကျသွားခဲ့ပါသည်။ အကြောင်းမှာ ပညာရေးကို အစမ်းသပ်ခံအဖြစ် ပြုလုပ်ခြင်း၊ နိုင်ငံရေးနှင့် ယှဉ်၍ စဉ်းစားထိန်းသိမ်း ဆောင်ရွက်ခြင်းများကြောင့် ဖြစ်ပါသည်။

အခြေခံပညာအဆင့်တွင် ခွဲရေး၊ တွဲရေး၊ စဉ်ဆက်မပြတ် ပညာရေး စသည့် စမ်းသပ်မှုများ။ တက္ကသိုလ်ကောလိပ်အဆင့်တွင် မအောင်မြင်သော စာပေးစာယူ၊ အဝေးသင် စသည့်လုပ်ဆောင်မှုများတို့ကြောင့် ဖြစ်ပါသည်။ တာဝန်ရှိသူတို့က မည်သို့ပင် ခုခံကာကွယ်ပြောဆိုစေကာမူ စာပေးစာယူ၊ အဝေးသင် စသည်တို့မှ အောင်မြင်လာသော ဘွဲ့ရများသည် စံချိန်မီ



www.burmeseclassic.com

www.burmeseclassic.com



သော ဘွဲ့ရများ ဖြစ်မလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးမှုများစွာ၊ သက်သေ သာဓကများစွာနှင့် ဖော်ပြနိုင်ပါသည်။

သို့သော် ၎င်းမျိုးဆက်များသည် ယခုအခါ ခရိုင်အဆင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများအဖြစ်ပင် တာဝန်ယူနေကြပြီ ဖြစ်ပေသည်။ ဌာနဆိုင်ရာများ၏ လုပ်ငန်းစွမ်းရည်နှင့် အုပ်ချုပ်မှုစွမ်းရည် ကျဆင်းမှုတို့တွင် ဤအချက်သည် အခြေခံအကြောင်းတစ်ခုဖြစ်ပါသည်။ ဌာနဆိုင်ရာများအနေဖြင့် ၎င်းဘွဲ့ရများအား မရှိသုံးအဖြစ် သုံးခဲ့ရပြီး လိုအပ်သော စွမ်းရည်နှင့် အဆင့်အတန်းရရှိရန် ဌာနတွင်း စွမ်းရည်မြှင့် သင်တန်းများဖြင့် မြှင့်တင်ကုစား ဆောင်ရွက်ခဲ့ကြရပါသည်။ တက္ကသိုလ်၊ ကောလိပ်များအား ကျောင်းသားများ လွယ်ကူစွာ မစုဝေးနိုင်ရန်အတွက် အစွန်အဖျားနေရာများ၊ အရိပ်မဲ့ လယ်ကွင်းများသို့ ပြောင်းရွှေ့ဖြန့်ခွဲဖွင့်လှစ်ပါသည်။ အရေးပေါ် ဆရာ၊ ဆရာမများ လက်ပူတိုက် တိုးချဲ့ခန့်အပ်၍ သင်ကြားစေခဲ့ပါသည်။ သုံးနှစ်နှင့် ဘွဲ့ပေးသော ကာလတွင် ကျောင်းသားများသည် မည်မည်ရရ မသင်ရဘဲ၊ ကောင်းစွာ မတတ်မြောက်ဘဲ ဘွဲ့ရခဲ့ကြကြောင်း ဝန်ခံခဲ့ကြပါသည်။

နယ်တစ်ခုတွင်ရှိသော အထက်တန်းကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာ အားနည်းလွန်းသောကြောင့် ကျောင်းအုပ်ဆရာကြီးနှင့် သွားရောက်ဆွေးနွေးရင်း ဆယ်တန်းစာမေးပွဲတွင် ကျောင်းသားများ ကော်ပီစာရွက်အသေးများဖြင့် ခိုးချခြင်း၊ ဆရာ, ဆရာမများက မပြောရဲကြခြင်း အကြောင်းများသို့ စကားရောက်သည့်အခါ ကျောင်းအုပ်ဆရာကြီးက 'ကျောင်းသားတွေ စာညံ့တာလည်း မပြောနဲ့လေ၊ အခုသင်နေတဲ့ ဆရာ၊ ဆရာမတွေကလည်း အဲဒီလိုခိုးချပြီး အောင်လာကြတာပဲ'ဟု ပြောပါသည်။ အလွန်ဝမ်းနည်းစရာကောင်းသော စကားဖြစ်ပါသည်။ လူနည်းစုကြောင့် အနန္တဂိုဏ်းဝင်ဆရာတို့၏ ဂုဏ်သိက္ခာထိခိုက်ခံရပေသည်။ တက္ကသိုလ်အဆင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ ကျူရှင်ယူရသည့်ဆိုခြင်းမှာ အံ့ဩစရာကောင်းသော ပညာရေးစနစ်ပင်ဖြစ်ပါသည်။ ဘွဲ့ယူစာတမ်းများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ စာတမ်းများကို အခြားပုဂ္ဂိုလ်များအား ငွေကြေးအခပေး ရေးခိုင်းကြသည်ဟု ကြားသိရခြင်းမှာ ပညာရေးစိုးရိမ်ရေမှတ်ပင် ဖြစ်ပါသည်။ ဤဆိုးမွေများ၏ ဒဏ်ကို တိုင်းပြည်အနေဖြင့် နှစ်ပေါင်းအတော်ကြာအောင် ခံရပေဦးမည်။

ယခုအခါ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အရှိန်ယူ ဆောင်ရွက် နေပေပြီ။ ထူးချွန်ထက်မြက်ရုံသာမက၊ နိုင်ငံသားကောင်းဖြစ်ရေးကိုပါ ရည်ရွယ်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီပညာရေးဖြစ်ရပေမည်။ တစ်နည်းဆိုလျှင် လွတ်လပ်သော ပညာရေး၊ အပြိုင်ပညာရေးသို့ သွားရပါမည်။ အသက်ရှင်သန်နေသမျှ သင်ယူခွင့်ရရေး(Live, Long, Learning)၊ ကျောင်းသားဗဟိုပြုသင်ကြား ရေး၊ ကိုယ်တိုင်လေ့လာသင်ကြားခြင်း(Self Study)များဖြင့် ထူးချွန်ထက်မြက် သော နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်အောင် ဆောင်ရွက်ရပေမည်။ အရေးအကြီးဆုံးအချက်မှာ လူငယ်တိုင်း မိမိတို့အနာဂတ်အတွက် မျှော်လင့် ချက်ထားရှိနိုင်ရေးဖြစ်ပါသည်။ ပညာသင်ကြားရေးတွင် နိုင်ငံတော်သည် အဆင့်တစ်ဆင့်အထိ၊ ဥပမာ– မူလတန်းအထိ၊ အလယ်တန်းအထိ စသည်ဖြင့် အခမဲ့ ပညာသင်ကြားခွင့်ရရှိရေးကို တာဝန်ယူရပါမည်။ ထို့နောက်ပိုင်း ပညာရေးခရီးတွင်မူ တစ်ဦးတစ်ယောက်ချင်းစီ၏ ကံ၊ ဉာဏ်၊ ဝီရိယအတိုင်း ဆက်သွားကြရပါလိမ့်မည်။ သို့သော် ပညာလိုလား ကြိုးစားသောသူများအတွက်ဆိုလျှင် တက္ကသိုလ်မှ ဘွဲ့ရသည်အထိ နိုင်ငံ တော်မှ တာဝန်ယူပေးနိုင်ရပါမည်။ လမ်းဖွင့်ပေးထားရပါမည်။

၁၉၆၀ခုနှစ်ကျော်ကာလ ပညာသင်ထောက်ပံ့ကြေး လစဉ် ၇၅ကျပ် ထောက်ပံ့ပါသည်။ နံနက်စာများအပါအဝင် ထမင်းစရိတ်နှင့် အဆောင်ခ က၊ ၅၇ကျပ်ကျသင့်ပါသည်။ ကျောင်းလခက ၁၅ကျပ်ကျပါသည်။ စုစု



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း ၅၂ကျပ်ကျော ၃ကျပ်ပိုပါသေးသည်။ မုန့်ဟင်းခါး အကြော်နှင့်တစ်ပွဲ ၂၅ပြားသာ ကုန်သောကာလဖြစ်၍ ပိုသော သုံးကျပ်မှာ အတော်အသင့် သုံးစွဲနိုင်ပါသေးသည်။ ဆိုရလျှင် တက္ကသိုလ်ပညာသင်ယူနိုင်ရန် နိုင်ငံတော်က လုံလောက်စွာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါသည်။ မိဘက အနည်းအကျဉ်းထောက်ပံ့လျှင် ပြည့်စုံစွာ ကျောင်းတက်နိုင်ပါသည်။ ထိုစဉ်က နိုင်ငံတော်၏ကျေးဇူးဖြင့် ဘွဲ့ရခဲ့သောသူများသည် နိုင်ငံ့တာဝန်ကို ကြီးလေးသော တာဝန်ကြီးများအထိ အရည်အချင်းမီစွာ ထမ်းဆောင်ခဲ့ကြပြီး၊ ယခုအခါ အငြိမ်းစားပင် ယူကုန်ကြပြီဖြစ်ပေသည်။

''ဒီနေ့ကာလမျိုးသာ လူဖြစ်ခဲ့ရရင် တို့တစ်တွေ ဘွဲ့လည်း ရမှာမဟုတ်ဘူး။ အခုလို နိုင်ငံ့တာဝန်ကို မြင့်မြင့်မားမား ထမ်းဆောင်ခွင့်လည်း ရမှာမဟုတ်ဘူး''ဟု အငြိမ်းစား အရာရှိကြီးတစ်ဦးပြောသော စကားသည် ထိုစဉ်ကာလက နိုင်ငံတော်အနေဖြင့် လူငယ်များ၏ အနာဂတ်ကို တာဝန်ယူနိုင်မှု၊ ပညာသင်ကြားရေးစနစ်၏ မယိုယွင်း၊ မပျက်စီးသေးသော အခြေအနေနှင့် ပညာ၏ တန်ဖိုးကို ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ တက္ကသိုလ်ပညာရေးကို စီမံခန့်ခွဲသူများ၊ အကောင်အထည်ဖော်သူများ၊ ကြီးကြပ်လမ်းညွှန်သူများသည် တက္ကသိုလ်ဘွဲ့ရ၊ တက္ကသိုလ်ကျောင်းထွက်များဖြစ်ရန် လိုပါသည်။ သို့မှသာ တက္ကသိုလ်ပညာကို တန်ဖိုးထား၍ တက္ကသိုလ်ကို ချစ်မြတ်နိုးပြီး တက္ကသိုလ်ကျောင်းသားဘဝကို နားလည်နိုင်စွမ်းရှိသူများ ဖြစ်ပါလိမ့်မည်။ အထူးသဖြင့်မှာ ၎င်းတို့သည် အရပ်ဘက်တက္ကသိုလ်များမှ ဘွဲ့ရများဖြစ်ရန် လိုအပ်ပါသည်။

## (၆) စီးပွားရေးပြုပြင်ပြောင်းလဲမှု

စီးပွားရေးလုပ်ငန်းကို အမှန်တကယ်ကျွမ်းကျင်၍ နိုင်ငံတကာအဆင့်မီစွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြသူများသည် ဆိုရှယ်လစ်စနစ်၏

www.burmeseclassic.com



လက်စတုံး ချေမှုန်းမှုကြောင့် မျိုးတုံးပျောက်ကွယ်သွားခဲ့ရပြီဖြစ်ပါသည်။ မင်းကျင့်တရားဆယ်ပါးတွင် ပါဝင်သော 'ပြည့်ဝမ်းကိုလည်း မဖောက်ရာ' ဆိုသည့်အချက်ကို ဖောက်ဖျက်ကျူးလွန်လိုက်ခြင်းဖြင့် မြန်မာပြည်၏ စီးပွားရေးသည် ဖောက်ထိုးမိုးမျှော်ကျဆင်းပြီး ဖွံ့ဖြိုးမှုအနည်းဆုံး တိုင်းပြည် (L.D.C)၊ တစ်နည်းအားဖြင့် အဆင်းရဲဆုံး တိုင်းပြည်အဖြစ် ရောက်ရှိခဲ့ပါသည်။ တိုင်းပြည်ကို နိမ့်ကျစေခဲ့သော စီမံကိန်းစီးပွားရေးအလွန်ကာလတွင် မြန်မာနိုင်ငံ၌ ချမ်းသာကြွယ်ဝမှုအရာ၌ နိုင်ငံတကာနှင့် ယှဉ်နိုင်သော လုပ်ငန်းရှင် ဘီလျံနာသူဌေးကြီးများ ပေါ်ပေါက်လာခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံ စီးပွားရေးလောက၏ ထူးခြားချက်မှာ စီးပွားရေးကို ဦးဆောင်လမ်းညွှန်သော သီအိုရီသမားများက စီးပွားရေးကို အောင်မြင်အောင် မလုပ်တတ်သူများဖြစ်ပြီး စီးပွားရေးအရ အောင်မြင်နေသော လုပ်ငန်းရှင်ကြီးများမှာ စီးပွားရေးကို နားမလည်သော မျှဝေပေါင်းစား သူဌေးများ ကရိုနီ(Crony)များဖြစ်နေခြင်းပင် ဖြစ်ပါသည်။ မူဝါဒများအရ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံထက် နောက်ကျပြီးမှ ပြုပြင်ပြောင်းလဲမှုပြုလုပ်သော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးမှာ တစ်ဟုန်ထိုး အံ့မခန်း အောင်မြင်လာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သီအိုရီအရ ကျွမ်းကျင်မှန်ကန်သော လမ်းညွှန်မှု၊ ခိုင်မာတိကျသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများ၊ ပြတ်သားသော သန္နိဋ္ဌာန်တို့ကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်မူ စမ်းတဝါးဝါးလမ်းညွှန်မှု၊ ပြောင်းလဲမှုများ၍ မရေရာသော လုပ်ထုံးလုပ်နည်း၊ ခိုင်မာတိကျမှုမရှိသော စည်းမျဉ်းစည်းကမ်းများနှင့် လက်ဝါးကြီးအုပ် စီးပွားရေးသမားများ၊ မျှဝေပေါင်းစား စီးပွားရေးသမားများကြောင့် ယနေ့အထိ မြန်မာနိုင်ငံ၏ စီးပွားရေးသည် အကြွေးသံသရာထဲ နစ်မြုပ်နေရဆဲဖြစ်ပါသည်။ ရုန်းထရန် ကြိုးစားနေရဆဲ ကာလဖြစ်ပါသည်။

"ဒီနေ့ခေတ်ကာလက လက်နက်ကိုင်တော်လှန်ရေးတွေ လုပ်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မဟုတ်တော့ဘူး။ တိုင်းပြည်မှာ ရှိတဲ့ လူတိုင်းအားလုံး အိမ်ရှိမယ်၊ ကားရှိမယ်၊ စားစရာ ဝင်ငွေပုံမှန်ရှိမယ်ဆိုရင် ပြီးပြီ။ ဘာစစ်ပွဲမှ မလိုဘူး။ အဓိက,ကတော့ လူတိုင်း ချမ်းသာဖို့ပဲ။ တိုင်းပြည်ချမ်းသာဖို့ပဲ''ဟု ဝါရင့်တိုင်းရင်းသား လက်နက်ကိုင် ခေါင်းဆောင်ကြီးတစ်ဦးက ပြောခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးသည် ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးများနှင့် ဆက်စပ်နေပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ရှိသော လုပ်ငန်းရှင် ဘီလျံနာသူဌေးကြီးများသည် အမှန်စင်စစ်တွင် မှုဝေပေါင်းစား စီးပွားရေးစနစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ပွဲစားလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများကိုသာ လုပ်တတ်ကြသူများဖြစ်ပြီး ခိုင်မာ၍ အရေးပါသော ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်တတ်ကြသူများ မဟုတ်ကြပါ။ တစ်နည်းဆိုရလျှင် ၎င်းတို့သည် ငွေရှာတတ်သူများသာဖြစ်၍ တိုင်းပြည်အတွက် အားထားရသော စီးပွားရေးသမားများ မဟုတ်ကြပါ။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံကို ယှဉ်၍ကြည့်နိုင်ပါသည်။ ရုရှားက ဘာကြောင့် မအောင်မြင်သနည်း။ တရုတ်နိုင်ငံက ဘာကြောင့် အောင်မြင်သနည်း။ ဤအဖြေသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်သော အဖြေဖြစ်နိုင်ပါသည်။ အရေးကြီးသော အကြောင်းအချက်မှာ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသော ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များကို ပြုပြင်ရန်ဖြစ်ပါသည်။ ဝန်ကြီးများသည် မူဝါဒချမှတ်သူများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ထိန်းသိမ်းကြီးကြပ်သူများသာဖြစ်ရန် လိုပါသည်။ ပစ္စည်းရောင်းခြင်း၊ ဈေးရောင်းခြင်းများ လုပ်ဆောင်ရန် မလိုအပ်ပါ။ ယခင်အစိုးရလက်ထက် ဝန်ကြီးများသည် ကိုယ်တိုင်ရောင်းဝယ်သည့်အလုပ်ကို လုပ်ကြပါသည်။ တယ်လီဖုန်း၊ တိုက်ခန်း၊ မြေနေရာ၊ မော်တော်ကား၊ ဘီလပ်မြေ၊ သစ်ခွဲသား၊ ပါကေး၊ သံချောင်း၊ အင်းအိုင်များကို ဝန်ကြီးများ

www.burmeseclassic.com



ကိုယ်တိုင် လက်မှတ်ထိုး ရောင်းချပါသည်။ နေ့တစ်နေ့၏အစ အခြား ဘာအလုပ်မှ မလုပ်ရသေးခင် ဝန်ကြီးများ၏ အလုပ်မှာ ပစ္စည်းလျှောက်ရန်၊ လုပ်ငန်းလုပ်ပိုင်ခွင့်၊ ကန်ထရိုက်၊ လေလံ စသည်တို့ ရရှိရန် စောင့်ဆိုင်းနေသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ လူများကို လက်ခံတွေ့ဆုံကာ လျှောက်လွှာများပေါ်တွင် ဝယ်ယူခွင့်ပြုကြောင်း၊ လုပ်ကိုင်ခွင့်ပြုကြောင်း လက်မှတ်ရေးထိုးပေးခြင်း ဖြစ်ပါသည်။ ဝန်ကြီးများကိုယ်တိုင် မလုပ်သင့်မှန်းသိလျက် လုပ်ဆောင်နေကြပါသည်။ အကြောင်းမှာ အခွင့်အာဏာ၊ အရှိန်အဝါ၊ ဥစ္စာငွေကြေး၊ တံစိုးလက်ဆောင်များနှင့် ဆက်စပ်နေသောကြောင့်လည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မျှဝေပေါင်းစား၊ စီးပွားရေးစနစ်နှင့် ဆက်စပ်နေသောကြောင့်လည်း ဖြစ်ပါသည်။ ကရိုနီကြီးများသည် ဤနည်းအားဖြင့် ချဉ်းကပ်ပေါင်းသင်း ဆောင်ရွက်ကြပါသည်။ ကရိုနီ စီးပွားရေးစနစ်ကို ပယ်ဖျက်နိုင်ရန်အတွက် ဝန်ကြီးဌာနများ၏ ယင်းသို့သော လုပ်ဆောင်ချက်များကို အရင်ဖျက်သိမ်းပြုပြင်ရပါမည်။

## (၇) တရားရေးမဏ္ဍိုင် ဖြောင့်မတ်အားကောင်းရေး

ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် တရားရေးမဏ္ဍိုင် ဖြောင့်မတ်အားကောင်းရေးသည် အဓိကဖြစ်ပါသည်။ ပြည်သူလူထုသည် ၎င်းတို့ကြုံတွေ့ရသော ဘေးအန္တရာယ်များ၊ နစ်နာမှုများအတွက် တရားရုံးများကို အားကိုးတကြီး ဦးတိုက်ကြရပါသည်။ တရားရေးမဏ္ဍိုင်က မဖြောင့်မတ်ဘဲ ခြစားနေလျှင် ပြည်သူလူထုသည် ဘေးအန္တရာယ်အတွင်း၌သာ ကျရောက်နေပေမည်။ ပြည်သူလူထုက ဘေးအန္တရာယ်အတွင်းကျရောက်နေသည် ဆိုခြင်းမှာ တိုင်းပြည်တစ်ပြည်လုံး ဘေးအန္တရာယ်အတွင်း ကျရောက်နေခြင်းဖြစ်ပါသည်။

ယခင်ကာလက ကျင့်သုံးခဲ့သော တရားစီရင်ရေးမှာ တင်ဆင့်ခံ



www.burmeseclassic.com

www.burmeseclassic.com



တရားစီရင်ရေးနှင့် ငွေများ တရားနိုင် တရားစီရင်ရေးများပင် ဖြစ်ပါသည်။ တစ်ဆင့်ခံ တရားစီရင်ရေးတွင် တရားသူကြီးများနှင့် ရုံးအဖွဲ့သည် ရုပ်သေးရုပ်များ၊ စာတော်ဖတ်များသာ ဖြစ်ကြပါသည်။ တရားစွဲအဖွဲ့များ၊ ဥပဒေအရာရှိများ၊ လုံခြုံရေးတပ်ဖွဲ့များ စသည်တို့သည် လက်ကိုင်တုတ်များ ဖြစ်ကြပါသည်။ အမှန်တကယ် တရားစီရင်သူ၊ ဆုံးဖြတ်ချက်ချမှတ်သူမှာ နောက်ကွယ်မှ ချုပ်ကိုင်ကြိုးဆွဲနေသော အုပ်ချုပ်ရေးအာဏာပိုင်များသာ ဖြစ်ပါသည်။ အရေးကြီးသော အမှုကြီးများ၏ တရားရုံးအချိန်များတွင် တရားရုံး၏နောက်၌ အရေးပါသော အဖွဲ့တစ်ဖွဲ့က အနီးကပ် ရုံးထိုင်၍ တရားရုံးကို ကြပ်မတ်ညွှန်ကြားလေ့ရှိပါသည်။ အများအားဖြင့် နိုင်ငံတော်နှင့် ဆက်စပ်နေသော အမှုကြီးများဖြစ်လေ့ရှိပါသည်။ ဤအမှုများတွင် မည်သို့ပင် တရားရုံးထိုင်၍ စီရင်စေကာမူ၊ အမှန်စင်စစ်တွင် တရားရုံး မထိုင်မီကပင် ဆုံးဖြတ်ချက်ချမှတ်ထားပြီးဖြစ်ပါသည်။ နောက်ဆုံးတွင် တရားသူကြီးသည် အာဏာပိုင်များ ချမှတ်ထားသည့် ဆုံးဖြတ်ချက်အတိုင်း စီရင်ချက်ကို ဖတ်ကြားပြီး တရားခံအား ထောင်ချရပါသည်။ ဤကဲ့သို့သော တရားရုံးများတွင် ဖက်ပြိုင်၍ တရားရင်ဆိုင်ရသူများသည် တရားဥပဒေအရ ရသင့်သော ခုခံကာကွယ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝ ရရှိလေ့မရှိကြပါ။

ဤအခြေအနေကို အချို့သော တရားသူကြီးများ၊ ရုံးအဖွဲ့များ၊ တရားစွဲအဖွဲ့များ စသည်တို့က ကျေလည်မှု မရှိကြသော်လည်း၊ ၎င်းတို့သည် အာဏာပိုင်များကို လွန်ဆန်နိုင်ခြင်း မရှိကြပါ။ ၎င်းတို့၏ ဘဝများသည် အာဏာပိုင်များ၏ လက်ခုပ်အတွင်းမှ ရေပင်ဖြစ်ပါသည်။ ဤပုံသဏ္ဌာန်သည် စစ်တပ် တရားစီရင်ရေးမှ ဆင်းသက်လာပုံရပါသည်။ စစ်တပ် တရားစီရင်ရေးတွင် စစ်တရားရုံးအဖွဲ့သည် တရားရုံး မထိုင်မီ အာဏာပိုင်ဖြစ်သော တိုင်းမှူးနှင့် ဝင်ရောက်တွေ့ဆုံပြီး အမိန့်ခံရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရေးကြီးသောအမှုများတွင် တိုင်းမှူးက သတ်မှတ်ပေးလိုက်သော ဘောင်အတွင်း၌သာ စီရင်ချက်ချမှတ်ရလေ့ရှိပါသည်။ ၎င်းတိုင်းမှူးများ ဝန်ကြီးဖြစ်လာသောအခါ ဝန်ထမ်းဌာနများ၌ အမှုအခင်းများဖြစ်ပွားသဖြင့် (P.E), (D.E) စသည့် ဌာနဆိုင်ရာ ခုံရုံးများက မည်သို့ပင် စစ်ဆေးဆုံးဖြတ်ချက်ချစေကာမူ ဝန်ကြီးလုပ်သူက 'ထားမနေနဲ့တော့၊ ဖြုတ်ပစ်လိုက်၊ ထုတ်ပစ်လိုက်တော့'ဟု ဆိုလျှင် ဖြုတ်ပစ်၊ ထုတ်ပစ်လိုက်ရသည်သာ ဖြစ်ပါသည်။

ဝန်ထမ်းများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံမှုနှင့် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းဥပဒေများသည် မှန်ဗီရိုထဲ၌ အလှပြထားသော အသုံးချ၍မရသည့် စာအုပ်များ ဖြစ်သွားပါသည်။ ငွေများ တရားနိုင် တရားစီရင်ကတော့ ရှင်းပါသည်။ ငွေများလျှင် တရားနိုင်မည်၊ ဒါပဲဖြစ်ပါသည်။ ဤသည်မှာ ရှေးကတည်းက ဆိုရိုးစကားဖြစ်သော်လည်း၊ ပြီးခဲ့သည့် ကာလများက တရားစီရင်ရေးတွင် ဂိုဏ်းတစ်ခုကဲ့သို့ ပြတ်သားစွာ လုပ်ဆောင်ခဲ့ကြပါသည်။ အမှုအခင်းဖြစ်သူတစ်ဦးသည် ရဲကိုလည်း ချဉ်းကပ်ရသည်။ ဥပဒေအရာရှိထံလည်း ဝင်/ထွက်ရသည်။ နောက်ဆုံး တရားသူကြီးကိုလည်း ချဉ်းကပ် ဂါရဝပြုရပါသည်။

အမှုကိစ္စတစ်ခုအတွက် မြို့နယ်အဆင့်သို့ သွားသည့်အခါ ကျွန်တော့်အတွက် ဘယ်လောက်၊ တိုင်းအတွက် ဘယ်လောက်၊ စုစုပေါင်း ဘယ်လောက်ပေးခဲ့၊ ဆက်လုပ်လိုက်မယ်ဟု ပြတ်သားစွာ တောင်းခံခဲ့ပါသည်။ ရုံးအဖွဲ့များအတွက်လည်း တောင်းခံလေ့ရှိပါသည်။ နောက်ဆုံး တရားစီရင်ချက်ချသည့်အခါ ငွေမတတ်နိုင်သည့် တရားခံ (သို့မဟုတ်) တရားပြိုင်၏ မျက်ရည်စက်များသည် အမျိုးသမီး တရားကြီးသူအတွက် စိန်နားကပ်များ ဖြစ်သွားပါသည်။ ဤအခြေအနေကို တာဝန်ရှိသူများရော၊ ပြည်သူများပါ သိရှိပြီးဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်မှလည်း စုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးဆွေးနွေးနေပြီဖြစ်ပါသည်။ သိလျက်နှင့် မသိချင်ယောင်မဆောင်ဖို့နှင့် ဟိုငဲ့ သည်ငဲ့လုပ်မနေဘဲ ပြုပြင်ရမည့်ကိစ္စများကို တိကျပြတ်သားစွာ ပြုပြင်ဆောင်ရွက်သွားရန်သာ လိုအပ်ပါသည်။

## (၈) ရွေးချယ်တင်မြှောက်ခြင်းများ

လာမည့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် 'P.R စနစ်ကို ကျင့်သုံးမည်ဟု အသံထွက်လာခြင်းကြောင့် ပါတီအများ ပြင်ဆင်မှုများ ပြုလုပ်နေကြပါသည်။ ဤအတောအတွင်း တိုင်းရင်းသားပါတီများ စုပေါင်း၍ တိုင်းရင်းသားပါတီကြီးတစ်ခုဖြစ်ပေါ်လာခြင်းမှာ များစွာဝမ်းမြောက်ဖို့ ကောင်းပါသည်။ တိုင်းရင်းသားများသည် ဤပါတီကြီးအတွင်း ၎င်းတို့၏ အကျိုးစီးပွား၊ ၎င်းတို့၏ ဆန္ဒများအတွက် တိုင်ပင်ဆွေးနွေး၍ ဘုံသဘောတူညီမှုရရှိပြီး ခိုင်မာအားကောင်းသော တိုင်းရင်းသားပြည်သူတို့၏ သဘောထားနှင့် ဆန္ဒကို ဖော်ထုတ်နိုင်ကြပါလိမ့်မည်။ လက်ရှိအခြေအနေတွင်မူ ဒီမိုကရေစီ မရင့်ကျက်သေးသဖြင့် ပါတီအရေအတွက် များပြားစွာ ပေါ်ပေါက်တိုးပွားနေဆဲပင် ဖြစ်ပါသည်။ ရခိုင်အမျိုးသားပါတီများ၊ မွန်တိုင်းရင်းသားပါတီများ ပူးပေါင်းရန် ဆောင်ရွက်နေခြင်းများသည်လည်း အားရကျေနပ်ဖွယ်ပင် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးစုတစ်ခုအတွင်း၌ပင် အကွဲကွဲအပြားပြား သူတစ်လူငါတစ်မင်းနှင့် စည်းရုံး၍မရလျှင် တိုင်းရင်းသားမျိုးနွယ်စု ရာနှင့်ချီသော ပြည်ထောင်စုကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်တစ်ခုကဲ့သို့ဖြစ်အောင် စည်းရုံးရန် ဖြစ်နိုင်ခြေအလွန်နည်းသွားပါလိမ့်မည်။ ဒီမိုကရေစီရင့်ကျက်ပြီး တိုင်းပြည်နိုင်ငံကြီးများ၌ အဓိကအားဖြင့် အားကောင်းသော ပါတီကြီး သုံးလေးပါတီသာရှိပြီး ယှဉ်ပြိုင်အရွေးခံကြပါသည်။ မြန်မာနိုင်ငံတွင်လည်း မူဝါဒသဘောတရားအရာ၌ ကွဲပြားသော လူမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



အခြေမခံသော ပါတီကြီး သုံးလေးပါတီနှင့် တိုင်းရင်းသားပေါင်းစုံတို့၏ ပါတီကြီးတစ်ခုဆိုလျှင် လုံလောက်ပြီဟု ခန့်မှန်းရပါသည်။ မိမိတို့ကို အုပ်ချုပ်မည့် နိုင်ငံတော်သမ္မတအား ပြည်သူတို့က ကိုယ်တိုင်ရွေးချယ်လိုကြပါသည်။ P.R စနစ်အရ မဲအများဆုံးရသော ပါတီကြီးသုံးခုမှ ဒုသမ္မတလောင်း တစ်ဦးစီ ရွေးချယ်ပြီး၊ ၎င်းသုံးဦးထဲမှ တစ်ဦးကို ပြည်သူက သမ္မတအဖြစ် တိုက်ရိုက်ရွေးချယ်ခြင်း၊ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ခြင်း စသဖြင့် စဉ်းစားဆွေးနွေးမှုများ ရှိလာပါသည်။ အလားတူပင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို ၎င်းဒေသရှိ ပြည်သူလူထု (သို့မဟုတ်) လွှတ်တော်က ရွေးချယ်သည့် နည်းလမ်းကို စဉ်းစားဆောင်ရွက်သင့်ပါသည်။

ဤနေရာ၌ တစ်ခုစဉ်းစားသင့်သည်မှာ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တစ်ခုက ပြည်ထောင်စု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုပင် တိုင်းရင်းသားလူမျိုးများ အလှည့်ကျ တာဝန်ထမ်းဆောင်သင့်ကြောင်း ပြောဆိုခဲ့ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတရာထူးကိုလည်း လူမျိုးစုကြီး ရှစ်ခုမှ အလှည့်ကျ တာဝန်ထမ်းဆောင်သင့်သလား စဉ်းစားရန်ဖြစ်ပါသည်။ ဤသို့ စဉ်းစားလျှင်လည်း ယခုမှ စ,ဆောင်ရွက်မည် (သို့မဟုတ်) ယခင်ဟာတွေပါ ထည့်သွင်းစဉ်းစားမည်ကို ဆုံးဖြတ်ရပါမည်။ ယခင်ဟာတွေပါ ပါသည်ဆိုလျှင် နောက် တက်လာမည့် သမ္မတသည် ဗမာ၊ ရှမ်း၊ ကရင်တိုင်းရင်းသား လူမျိုးစုတို့မှ ဖြစ်ပေါ်ရန် အခွင့်အရေးကုန်ဆုံးသွားပြီ ဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်သည် ပြည်သူကို ဦးထိပ်ထား၍ တိုင်းပြည်အပေါ် သစ္စာစောင့်သိပြီး ရွေးကောက်ပွဲ တရားမျှတ မှန်ကန်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးကို အာမခံ ဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲကော်မရှင်သည် အမိန့်နာခံပြီး လုပ်ရသည့် အဖွဲ့အစည်းမဟုတ်ကြောင်း သဘောပေါက်ခံယူရန် အရေးကြီးပါသည်။ အဂတိတရားလေးပါး



www.burmeseclassic.com

www.burmeseclassic.com



မှ လုံး၀ ကင်းပြတ်ရပါလိမ့်မည်။

၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲတုန်းက ရွေးကောက်ပွဲ၏ အောင်မြင်မှုကို နိမ့်ကျရုပ်ဆိုးစေခဲ့သော ကြိုတင်မဲများကိစ္စသည် မဖြစ်သင့်သောကိစ္စ၊ သင်ခန်းစာယူစရာကိစ္စဖြစ်ပါသည်။ နောင်လာမည့် ရွေးကောက်ပွဲသည် ကမ္ဘာ့အလယ်တွင် ဂုဏ်တင့်စေပြီး မြန်မာလူမျိုးတို့ ဂုဏ်ယူနိုင်သော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ပါသည်။ ပါတီများအားလုံးသည်လည်း ပါတီ၏ အကျိုးစီးပွားထက် တိုင်းပြည်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား ဦးစားပေးရန် လိုအပ်ပါသည်။ 'မဲလိမ်တယ်၊ မဲခိုးတယ်၊ မတရားဘူး၊ မမျှတဘူး' ဆိုသော ပြောဆိုစွပ်စွဲချက်များသည် နိုင်ငံတကာ ရွေးကောက်ပွဲများ၏ ကမ္ဘာနာကြီးပင်ဖြစ်ပါသည်။ အချို့သော ပါတီများက ကြိုတင်ကာကွယ်၊ ကြိုတင်ဖိနှိပ်၊ ကြိုတင်ပစ်ထားသည့်အနေဖြင့် ရွေးကောက်ပွဲကာလအတွင်း၌ပင် စွပ်စွဲမှုများ၊ ပြစ်တင်မှုများ၊ ဝါဒဖြန့်မှုများ ပြုလုပ်လေ့ရှိပါသည်။ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲကာလက 'မဲပြား ပေါ်မှာ ဖယောင်းသုတ်ထားတယ်' ဟူသော ကြိုတင်စွပ်စွဲ ဝါဒဖြန့်မှုသည် သတိထား ဆင်ခြင်စရာ သင်ခန်းစာဖြစ်ပါသည်။ အခန့်မသင့်လျှင် ရွေးကောက်ပွဲပျက်ပြားသည်အထိ ဆူပူမှုများဖြစ်သွားနိုင်ပါသည်။

နောက် အရေးကြီးပြီး ပြည်သူတွေ စိတ်ဝင်စားသည့်ကိစ္စတစ်ရပ်မှာ ၂၀၀၈–ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃)၊ ပုဒ်မ ၅၉(စ)မှာ ပါသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းသတ်မှတ်မှုကိစ္စ ဖြစ်ပါသည်။ လက်ရှိ ဥပဒေအရ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ဖို့ အခွင့်အရေးမရှိသည့်အပေါ် ပြောဆိုဝေဖန်မှုများ ကွဲပြားစွာ ထွက်ပေါ်လာ ပါသည်။ တချို့ကတော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်အောင် ကိုက်ညီသည်အထိ လျှော့ချပြုပြင်ပေးစေလိုကြပါသည်။ တချို့ကလည်း လူတစ်ဦးတစ်ယောက် အခွင့်အရေးမရအောင် ရည်ရွယ်ပြီး ပိတ်ပင်ပြဋ္ဌာန်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



မျိုးမဖြစ်သင့်သလို၊ လူတစ်ဦးတစ်ယောက် အခွင့်အရေးရအောင် ရည်ရွယ်ပြီး ပြင်ပေးရခြင်းမျိုးကိုလည်း လက်မခံဘူးဟု ဆိုကြပါသည်။ နိုင်ငံသားတိုင်း အခွင့်အရေးရသင့်သည်ဟု ပြောသူများလည်း ရှိလာပါသည်။

ဤနေရာတွင် နှစ်ပိုင်းဖြစ်ပါမည်။ တိုင်းရင်းသားများမှနေ၍ မွေးရာပါ အခွင့်အရေးအရ နိုင်ငံသားဖြစ်နေသူများက ပြဿနာမရှိသော်လည်း၊ မူလက နိုင်ငံခြားသားဖြစ်ပြီး ဥပဒေအရ နိုင်ငံသားဖြစ်လာသည့် လူများ အတွက်မှာ စဉ်းစားစရာဖြစ်လာပါသည်။

၁၉၉၀ ခုနှစ်တွင် ပီရူးနိုင်ငံ၌ ဂျပန်လူမျိုး အယ်လ်ဘာတ်တိုဖူဂျီမိုရီ က သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရပါသည်။ နောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှု၊ အာဏာရှင်ဆန်မှုများကြောင့် အရေးယူခံရတော့ အချိန်တွင် သူသည် သူ့မိခင်နိုင်ငံသို့ ပြန်ထွက်ပြေးသွားခဲ့ပါသည်။ သိပ်မကြာသေးခင်ကမှ သူ့ကို ပီရူးနိုင်ငံမှာ အရေးယူဖို့ ပြန်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် တချို့က ထောက်ပြကြသည်မှာ 'နိုင်ငံခြားသားတွေဟာ အားကိုးစရာ မိခင်နိုင်ငံရှိတာကြောင့် သူတို့ဟာ လက်ရှိနိုင်ငံမှာ ပြည်သူလူထု နဲ့အတူ ကောင်းတူဆိုးဖက် အသက်ဆုံးသည်အထိ မနေနိုင်ကြဘူး။ ကြောင်တွေလိုပဲ၊ အိမ်ပူရင် သူတို့ဟာ ထွက်ပြေးမှာပဲ'ဟု ပြောကြပါသည်။

ထိုကိစ္စမှာ အလေးထား စဉ်းစားရမည့်ကိစ္စဖြစ်လာပါသည်။ လာမည့် ရွေးကောက်ပွဲရော၊ အနာဂါတ်ရွေးကောက်ပွဲများအတွက်ပါ စဉ်းစားပါက လက်ရှိအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုသည့်အပေါ် စဉ်းစားရပါလိမ့်မည်။ ထိုသို့ စဉ်းစားချက် များအားလုံးပေါ်မှ ပြည်သူ့ဆန္ဒနှင့် ကိုက်ညီပြီး တိုင်းပြည်အတွက်လည်း ရေရှည် အာမခံချက်ရှိမည့် ပြင်ဆင်မှုမျိုး လုပ်ရပါလိမ့်မည်။ ဤကိစ္စသည် လွှတ်တော်များ၏ စွမ်းရည်ကို ဆန်းစစ်မည့် ကြီးလေးသော တာဝန်တစ်ရပ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအထက်တွင် ဖော်ပြခဲ့သည့်အကြောင်းများမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလအတွင်း စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများမှ ကြားသိတွေ့မြင်နေရသော ပြည်သူတို့၏စကား၊ ပြည်သူတို့၏သဘောထားဆန္ဒများနှင့်အတူ စာရေးသူ၏ အသိအမြင်များကိုပါ ပေါင်းစပ်ပြီး ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ အမြင်မတူသူများ၊ သဘောမတူသူများ ရှိပါလိမ့်မည်။ သဘာဝပင်ဖြစ်၍ အငြင်းပွားရန် အကြောင်းမရှိပါ။ ရှေ့ဆက်ရမည့် ခရီး၊ လုပ်ကိုင်ဆောင်ရွက်ရမည့်အကြောင်းကိစ္စများအတွက် ထည့်သွင်းစဉ်းစားရမည့်၊ စဉ်းစားသင့်သည့်အချက်များကို သိရှိခံစား၍သမျှ ပြန်လည်ဖော်ပြခြင်းသာ ဖြစ်ပါသည်။

*လျှပ်တစ်ပြက်ဂျာနယ် (၂၄-၂-၂၀၁၄)*

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

# နဖူးတွေ့ ဒူးတွေ့ ဒီမိုကရေစီ

(၁) ပြောင်းလဲစ ဒီမိုကရေစီ
(၂) ဒီမိုကရေစီ နွားရိုင်းသွင်းချိန်
(၃) ဒီမိုကရေစီ ရင့်ကျက်ဖို့အတွက်
(၄) ဒီမိုကရေစီ ပညာရေး
(၅) ပြောင်းလဲမှုများနှင့် ပညာရေး
(၆) ဒီမိုကရေစီရဖို့ဆိုလျှင်
(၇) သွေးစည်းကြဖို့ လိုပြီ
(၈) ဒီမိုကရေစီ နိုင်ငံကြီးသားများဖြစ်ဖို့
(၉) ဒီမိုကရေစီနိုင်ငံသစ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



၆

## ပြောင်းလဲစ ဒီမိုကရေစီ

အစိုးရအဖွဲ့သစ်ပေါ်ပြီး သုံးလေးလအကြာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထဲက မိတ်ဆွေတစ်ယောက်ကို အလုပ်လုပ်ရတာ အရင်နဲ့ အခု ဘာကွာသလဲလို့ မေးကြည့်ပါတယ်။ သူကလည်း အားတက်သရောပဲ ပြန်ဖြေပါတယ်။ 'အရင်ကထက်စာရင် အခု အလုပ်လုပ်ရတာက ပိုပြီး ပွင့်လင်းလာတယ်၊ ထင်သာမြင်သာ ရှိလာတယ်၊ ပိုလည်း မြန်လာတယ်' လို့ပါ။ ပြောင်းလဲမှုတွေတော့ စ,နေပြီ၊ အရင်နဲ့ မတူတော့ဘူး ဆိုပြီး စိတ်ကျေနပ်အားရခဲ့ပါတယ်။ နောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှာ အဆိုတင်သွင်းတာတွေ၊ မေးခွန်းမေးမြန်းတာတွေ၊ ဖြေကြားတာတွေ ကြားရ သိရတော့ အားရကျေနပ် ပီတိဖြစ်ရပါတယ်။ နိုင်ငံရေးပုံစံသစ် အခင်းအကျင်းလေးက လက်ခံလောက်ပါတယ်။ လက်ခံကြမှာပါ။ တဖြည်းဖြည်းနဲ့ နိုင်ငံရေးတည်ဆောက်မှုဟာ ပိုမိုတိုးတက်ဖြစ်ထွန်းလာမှာပါလို့လည်း တွေးမိပါတယ်။ နောက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံအောက်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ တွေ့ဆုံမှု၊ ပြည်ထောင်စုဝန်ကြီးတွေနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှု၊ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်၏ စီးပွားရေးဖိုရမ်

www.burmeseclassic.com



တိုးတက်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မှုတွေကို ကြားသိရတော့ တိုးတက်ဖြစ်ပေါ်မှုတွေက အရှိန်အဟုန်မြန်လွန်းလို့ အံ့အားတောင် သင့်ရပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဦးဆောင်မှု၊ အမြော်အမြင်ကြီးမားမှုတွေကို လေးစား အားထားမိပါတယ်။ ဘာပဲဖြစ်ဖြစ် ရပ်ကြည့်မနေကြဘဲ ခြေတစ်လှမ်းစီ ရှေ့တိုးလာကြပါပြီ။ ဘေးက ကြည့်နေတဲ့ ပြည်သူတွေရဲ့ ဝမ်းမြောက်ပျော်ရွှင်မှုဟာ မကြုံစဖူးပါပဲ။

ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကျင်းပနေဆဲမှာပဲ ပြည်သူတွေဆီက အသံတွေ ကြားလာရပါတယ်။ ပြည်သူတွေရော၊ စာနယ်ဇင်းတွေပါ ပြောကြမှာ၊ ရေးကြမှာ၊ ထောက်ပြကြမှာပါ။ မပြောနိုင်၊ မရေးနိုင်ခဲ့တဲ့ ကာလကလည်း ကြာခဲ့တော့ ခုအချိန်မှာ ဆည်ကျိုးသလို အရှိန်ပြင်းပြင်းနဲ့ ပြောနေ၊ ရေးနေကြတာပါ။ ပြောခွင့်၊ ရေးခွင့်ရတာလေးကိုပဲ ကျေနပ်ပြီး ပီတိဖြစ်နေကြတာပါ။ အစိုးရအဖွဲ့အနေနဲ့၊ တာဝန်ရှိတဲ့သူတွေအနေနဲ့ သိဖို့ပါပဲ။ အားလုံးတော့ ချက်ချင်းလုပ်လို့၊ ချက်ချင်းပြင်လို့၊ ချက်ချင်းဖြစ်ချင်လို့ မရဘူးဆိုတာ သိကြပါတယ်။ ယခင်ကလို ခန့်ထားခြင်း ခံရတဲ့သူတွေ၊ ခိုင်းတာလုပ်ရတဲ့သူတွေ မဟုတ်တော့ပါဘူး။ ပြည်သူက အားကိုးလို့ ရွေးချယ်ထားတဲ့သူတွေပါ။ နိုင်ငံရေးအရရင့်ကျက်ဖို့နဲ့၊ နိုင်ငံရေးအမြင်ကျယ်ဖို့ လိုပါတယ်။ ဒါကြောင့် တာဝန်ရှိလို့ ဖြေရ ပြောရတဲ့အခါမှာလည်း မေးခွန်းမေးသူကို ဖြေရတာ မဟုတ်ဘဲ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်က မေးတာမို့ ပြည်သူ့အားလုံးကို ဖြေရတယ်လို့ သဘောထားပြီး ဖြေကြရမှာပါ။ Player အားလုံး အတွေ့အကြုံသစ်တွေနဲ့ လုံးပမ်းကြရတာမို့ စိတ်ရှည်သည်းခံ ပြုံးရွှင်ကြည်သာရှိသင့်ကြပါတယ်။ ဒါမှလည်း ပြည်သူတွေက စိတ်ချမ်းသာကြမှာပါ။

*၂၀၁၁၊ နိုဝင်ဘာ၊ နရသိဒ္ဓိမဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



၆

# ဒီမိုကရေစီ နွားရိုင်းသွင်းချိန်

ဒီမိုကရေစီ ဟစ်ကြွေးသံများ၊ ဒီမိုကရေစီ လက်ခုပ်သံများ ပြိုင်ဆိုင် ဆူပွက်ထနေသည်။ လွတ်လပ်ခွင့်နှင့် လွတ်လပ်ရေးတောင်းဆိုမှုတွေ များလာနေသည်။ ဘာတွေ လွတ်လပ်ချင်မှန်းမသိ၊ မည်မျှ လွတ်လပ်ချင်မှန်း မသိ၊ အထိန်းအသိမ်းတော့ ရှိဖို့လိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ သလို လွတ်လပ်ပြီဆိုပြီး လမ်းမပေါ်တက် ဆေးရိုးလှန်းတာမျိုး မလုပ်သင့် ဘူးဆိုတာတော့ သိကြဖို့ လိုပါသည်။ ဆွမ်းဆန်ထဲ ဒီမိုကရေစီကြွက်ချေး တွေက အတော်ရောနှောလာနေပါသည်။ နေရာတကာ လူ့အခွင့်အရေး ဆိုသော စကားလုံးကြီးနှင့် ကိုင်ပေါက်နေကြသည်။ ညဥ့်နက်သန်းခေါင် လမ်းမပေါ် အော်ဟစ်ပြေးလွှားပြီး ဗျောက်အိုးတွေ တဝုန်းဝုန်း ဖောက်နေ ကြခြင်းမှာ လူ့အခွင့်အရေးမဟုတ်ပါ။ လူခြေတိတ်ချိန် လမ်းမကြီးတွေပေါ် က ယာဥ်ကြောနှစ်ကြောစလုံးမှာ ပြိုင်ကားကိုယ်စီနှင့် ကားပြိုင်မောင်းကြ ခြင်းမှာလည်း လူ့အခွင့်အရေးမဟုတ်ပါ။ ခွင့်ပြုချက်မရှိဘဲ ရုပ်ပုံ၊ စာတ်ပုံတွေ ဖြန့်ဖြူးရောင်းချနေခြင်း၊ ဗွီစီဒီ၊ စီဒီ၊ ဒီဗွီဒီအခွေတွေ ဖြန့်ဖြူးရောင်းချ နေခြင်း၊ လက်သိပ်ထိုး ဖြန့်ဝေနေခြင်းများမှာ ဒီမိုကရေစီအခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ငါတို့အခွေတွေကို လူတွေက ကြိုက်ပါလား၊ အားပေးကြပါလား၊ ငါတို့တော့ အောင်မြင်တာပဲဟု ကျေနပ်မနေသင့်ပါ။ အလိုတူအလိုပါ ဖြစ်သွားပါလိမ့်မည်။ ဥပဒေတစ်ရပ်တည်နေသေးလျှင် မကြိုက်သော်လည်း လိုက်နာနေရပေဦးမည်။ ထို မကြိုက်သော ဥပဒေကို နည်းလမ်းတကျ ပယ်ဖျက်ပြင်ဆင်ရန် ဆောင်ရွက်ရပါမည်။ ဒါမှ လူကြီးလူကောင်း နိုင်ငံကြီးသား ပီသပါမည်။ လွှတ်တော်များလည်း ရှိနေပါပြီ။

လူ့အခွင့်အရေးသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စံနှုန်းချင်းတူမည် မဟုတ်ပါ။ နိုင်ငံခြားသားအကျဉ်းသားတစ်ဦးကို သက်ဆိုင်ရာ သံရုံးက အကျဉ်းထောင်တွင် ထောင်ဝင်စာ လာတွေ့ပါသည်။ ၎င်းအကျဉ်းသားမှာ ခရီးသွားဗီဇာဖြင့် မြန်မာနိုင်ငံသို့လာရင်း နယ်မြို့တစ်မြို့ရှိ ဟိုတယ်တစ်ခု တွင် အသက် (၁၄)နှစ်အရွယ် လူငယ်လေးတစ်ဦးနှင့် လိင်တူဆက်ဆံမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပါသည်။ သံရုံးက လာတွေ့တိုင်းသူ့ကို လွှတ်အောင် မြန်မာအစိုးရထံ တောင်းဆိုပေးပါဟု အမြဲဂျီတတ်ပါသည်။ ဒီတစ်ခါတော့ သူ အားမလိုအားမရဖြစ်ဟန်တူပါသည်။ သူ့အမှုကိစ္စက ဘာမှကြီးကျယ် တာလည်း မဟုတ်ဘူး၊ သူတို့နိုင်ငံမှာဆိုလျှင် ဒီကိစ္စမျိုးက အသေးအဖွဲပဲ ဟု ပြောပါတော့သည်။ ထိုအခါ သံရုံးအဖွဲ့တွင် ပါလာသော မြန်မာအမျိုး သမီး ဝန်ထမ်းက 'ဒီလို ပြောလို့တော့ မရဘူးလေ၊ ဒီကိစ္စမျိုးအပေါ်မှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သဘောထား ဘယ်တူနိုင်မလဲ'ဟု ဝင်ပြောလိုက်ပါ သည်။ ထိုအမျိုးသမီးကို လေးစားသွားခဲ့ရပါသည်။ ဒီကာလလေးအတွင်း သတင်းတစ်ခုကြားရပါသည်။ ဘာ စာရွက်စာတမ်းအထောက်အထားမှ မပါဘဲ စက်သုံးဆီ မှောင်ခိုလုပ်သဖြင့် ပစ္စည်းအသိမ်းခံ၊ လူအရေးယူခံရသော တိုင်းရင်းသားမဟုတ်သည့် လူမျိုးခြားအုပ်စုကလည်း 'ဒီမိုကရေစီခေတ်မှာ ဒါမျိုး မတရားလုပ်လို့ရမလား၊ မတရားရင် မခံဘူး'ဟု လက်သီးလက်မောင်း တန်းကာ ကလိန်စေ့ ငြိမ်းဆင်ပြီး လိပ်စာရှိသမျှ တိုင်စာပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဌာနဆိုင်ရာများ ဖြေရှ ရှင်းရန်နှင့် အလုပ်ရှုပ်ကုန်ပါသည်။ နိုင်ငံတော်သမ္မတရုံး၊ လူ့အခွင့်အရေးကော်မရှင် စသည့် ရုံးများသည်လည်း တစ်နေ့တစ်နေ့ အိတ်ဖွင့်ပေးစာတွေ၊ တိုင်စာ၊ ပစ်စာတွေနှင့်ပင် အချိန်တွေ တစ်ပိုင်းတစ်စကုန်နေရပါသည်။ ယခုကဲ့သို့ နေဝင်ရီတရော၊ နွားရိုင်းသွင်းချိန်၊ ညီအစ်ကိုမသိတသိကာလမျိုးတွင် ဒီမိုကရေစီကြွက်ချေးများ၏ အန္တရာယ်က မသေးလှပါ။ တာဝန်ရှိသူများမှာ လုပ်ရမည့်အလုပ်တွေ မလုပ်ရဘဲ အရှုပ်တွေသာလုပ်နေရလျှင် ရှေ့ဆက်ရမည့်ခရီး နှောင့်နှေးပေလိမ့်မည်။ ဒီမိုကရေစီဘက်တော်သားများ သတိကြီးကြီးထားကြရန် လိုပါသည်။ ဒီမိုကရေစီဆိုသည်မှာ လုပ်ချင်တိုင်းလုပ်၍ရသည်ဟူသော သဘော မဆောင်ပါ။

*၂၀၁၂၊ ဧပြီ၊ နေ့ရေးသိန်း မဂ္ဂဇင်း*

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



# ဒီမိုကရေစီ ရင့်ကျက်ဖို့အတွက်

ဒီမိုကရေစီ မရင့်ကျက်သေးချိန်တွင် ပါတီအများအပြားပေါ်ပေါက်ခြင်းမှာ သဘာဝဟု လက်ခံပါသည်။ သို့သော် ဤသဘာဝ၏ အဓိပ္ပာယ်က ကောင်းသော အဓိပ္ပာယ်မဟုတ်ပါ။ နိုင်ငံရေးအယူအဆများ ကွဲပြားခြင်း၊ နိုင်ငံရေးအင်အားစုများ ညီညွတ်မှုမရှိခြင်း၊ ပါတီခေါင်းဆောင်များ တစ်ဦးအပေါ် တစ်ဦး မယုံကြည်ခြင်း၊ အထင်အမြင်လွဲမှားခြင်း၊ ခေါင်းဆောင်မှုကို အပြိုင်အဆိုင်ရယူလိုခြင်း၊ အများစု တညီတညွတ်တည်း ယုံကြည်ကိုးစားအားထားလောက်သော ခေါင်းဆောင်များ ရှားပါးခြင်းဆိုသည့် အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။ ဤအချက်များသည် ရှေ့ဆက်သွားမည့် ဒီမိုကရေစီခရီးလမ်းအတွက် များစွာနှောင့်နှေးကြန့်ကြာစေမည်ဖြစ်ပါသည်။ ဤသဘာဝတရားကြောင့် နောက်ကြောင်းပြန်လိမ့်ကျခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သဘာဝတရားပင်ဖြစ်သော်လည်း အမြန်ဆုံးကုစားကြဖို့ လိုပါသည်။ ရင့်ကျက်ပြီး ဒီမိုကရေစီနိုင်ငံကြီးများတွင် ပါတီ လေးငါးပါတီခန့်သာ ရှိပါသည်။ ရီပတ်ဘလီကင်၊ ဒီမိုကရက်တစ်၊ လေဘာ၊ ကွန်ဆားဗေးတစ်၊ လစ်ဘရယ် စသည်ဖြင့် ရှိပါသည်။ ၎င်းအထဲမှာမှ အဓိက အင်အားကြီးပါတီ နှစ်ပါတီခန့်သာရှိပါသည်။ ရုံးလုပ်ငန်းမှ စ၍

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ကိုယ့်လုပ်ငန်းအပေါ် နားလည်တတ်ကျွမ်းသော၊ ကိုယ့်လုပ်ငန်းအပေါ် တာဝန်ယူ၊ တာဝန်ခံရဲသော သန္ဓေဝန်ထမ်းများပါဝင်သည့် ခိုင်မာသော အစိုးရယန္တရားလည်းရှိပြီးဖြစ်ရာ မည်သည့်ပါတီတက်လာသည်ဖြစ်စေ နိုင်ငံတော်မူဝါဒမှာ ကြီးမားစွာ ပြောင်းလဲသွားခြင်း မရှိပါ။ အစိုးရပြောင်းလဲမှုကြောင့် နိုင်ငံတော်သည် တုံ့မသွားပါ။ ရပ်မသွားပါ။ အရှိန်မပျက် ရှေ့သို့ ဆက်လက်ချီတက်နိုင်မြဲဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှု မြန်ဆန်ပါသည်။

ပါတီအားလုံး တိုင်းပြည်ချစ်ကြမည်၊ တိုင်းပြည်ကောင်းစားရေးအတွက် လုပ်ချင်ကြမည်၊ ဒီမိုကရေစီကို လိုလားကြမည်ဆိုသည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပါ။ သို့ဆိုလျှင် ဘာကြောင့် မပူးပေါင်းနိုင်ကြသနည်းဟု စဉ်းစားစရာရှိလာပါသည်။ အတ္တ၊ မာန၊ ဒေါသ၊ သံသယ၊ အငြိုးအတေး၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများကြောင့်ဖြစ်သည်ဟု မြင်ပါသည်။ မတူကွဲပြားခြင်းကို ဒီမိုကရေစီက လက်ခံသော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအယူအဆမတူသော ပါတီကြီး သုံးလေးပါတီရှိလျှင် လုံလောက်မည်ထင်ပါသည်။ အတိတ်သမိုင်းသင်ခန်းစာများအရ နိုင်ငံရေးတွင် မည်သူမှန်သည်၊ မည်သူမှားသည်ဆိုခြင်းမှာ လတ်တလော အဆုံးအဖြတ်ပြုနိုင်သည်မဟုတ်ဘဲ၊ သမိုင်းကသာလျှင် အဆုံးအဖြတ်ပြုနိုင်စွမ်းရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပါတီများသည် တိုင်းပြည်အကျိုး ရှေးရှုပြီး မြင့်မြတ်သော သဘောထားကြီးမှုဖြင့် ပူးပေါင်းနိုင်ရန် ဆောင်ရွက်ကြစေချင်ပါသည်။ လူ၊ ပုဂ္ဂိုလ်များ ရင့်ကျက်လျှင် ဒီမိုကရေစီလည်း ရင့်ကျက်လာပါလိမ့်မည်။

၂၀၁၂၊ ဇူလိုင်၊ နေပြည်တော်၊ ……

★★★

www.burmeseclassic.com

www.burmeseclassic.com



# ဒီမိုကရေစီပညာရေး

နိုင်ငံတော်တွင် ယခုအခါ အပြောင်းအလဲများ စတင်ဖြစ်ပေါ်နေပြီ ဖြစ်ပါသည်။ တပ်မတော်အစိုးရမှသည် ပြည်သူမှ ရွေးချယ်တင်မြှောက်သော အရပ်သားအစိုးရအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်ပါသည်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်များ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါသည်။ ပြုပြင်သင့်သော ဥပဒေများကို ပြုပြင်ရေးဆွဲနေပြီး အသစ်ရေးဆွဲသင့်သော ဥပဒေများကို ရေးဆွဲနေပြီဖြစ်ပါသည်။ ပါတီများ ဖွဲ့စည်းတည်ထောင်ခွင့်၊ ယှဉ်ပြိုင်ခွင့်ရကြပြီး ပြည်သူများကလည်း ရွေးချယ်တင်မြှောက်ခွင့်ရနေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရှေးရှုလျှောက်လှမ်းနေပြီဖြစ်ပါသည်။

ဒီမိုကရေစီလမ်းကြောင်းသို့ ရှေးရှုမှုနှင့်အတူ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ စတင်နေပြီဖြစ်သည်။ ဤတွင် မေးမိန်နေသော အကြောင်းတစ်ရပ်မှာ ပညာရေးကိုလည်း ဒီမိုကရေစီပညာရေးသို့ ပြောင်းလဲရမည့်ကိစ္စဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ပြန်သုံးသပ်ရ





မည်မှာ ပညာရေးတွင်လည်း ဒီမိုကရေစီပညာရေးဖြစ်နေပြီလား၊ ပြောင်းလဲဖို့ ဆောင်ရွက်နေပြီလားဆိုခြင်းပင် ဖြစ်ပါသည်။ သို့ဆိုလျှင် ဒီမိုကရေစီပညာရေးဆိုတာ ဘာလဲဟူသော မေးခွန်းပေါ်ပေါက်လာပါသည်။ လက်ရှိပညာရေးကရော ဒီမိုကရေစီပညာရေးနှင့် ကိုက်ညီရဲ့လားဟု **ဆန်းစစ်ရန်**လိုအပ်လာပါသည်။ ကံအားလျော်စွာ အငြိမ်းစားသူငယ်ချင်းတစ်ဦး၏ ကျေးဇူးဖြင့် ဤအဖြေများကို ပေးနိုင်သော စာအုပ်ကောင်းတစ်အုပ်ကို ရလိုက်ပါသည်၊ စာအုပ်မှာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ ၁၉၅၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကျောင်းတွင်း ဒီမိုကရေစီစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်မှာ အင်္ဂလန်နိုင်ငံတွင် စာသင်ကျောင်းများ၌ **ဒီမိုကရေစီနည်း**အရ မည်သို့ကျင့်သုံးလိုက်နာလျက်ရှိသည်၊ လက်တွေ့ **ဒီမိုကရေစီကျင့်စဉ်**များကို မည်ကဲ့သို့ သင်ကြားပို့ချပေးနိုင်သည်တို့ကို ဖွဲ့စည်းတာဝန်ပေးထားသော ကော်မတီတစ်ရပ်မှ ၁၉၄၇ခုနှစ်တွင် စာသင်ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြသော အစီရင်ခံစာဖြစ်ပါသည်၊ ၎င်းအစီရင်ခံစာကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း အကျိုးဆောင်အုပ်ချုပ်မှု အတွင်းရေးမှူး မောင်သန့် (မူရင်းစာအုပ်ပါ အမည်အတိုင်း ဖော်ပြခြင်းဖြစ်ပါသည်)မှ အကျဉ်းချုံးပြီး ဆီလျော်အောင် မြန်မာပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ၎င်းစာအုပ်ကို ဖတ်မိသောအခါများစွာ အံ့သြဝမ်းမြောက်မိရပါသည်။ နှစ်ကာလများစွာကြာပြီဖြစ်သော်လည်း ယနေ့အချိန်အထိ အတွေးအခေါ်နှင့် အယူအဆများ ခေတ်မီဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ၎င်းစာအုပ်မှာ အသစ်တစ်ဖန် ပြန်လည်ရိုက်နှိပ်၍ မြန်မာနိုင်ငံ၏ ပညာရေးနှင့် ပတ်သက်ပြီး တာဝန်ယူရသူများ၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပါသည်၊ ဤစာအုပ်တွင် ပါသော အောက်ပါအချက်များကို မူရင်းသတ်ပုံအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။

**ဒီမိုကရေစီပညာသည်လည်း အစိုးရက တိုင်းသူပြည်သားများအား**

www.burmeseclassic.com



မည်မှာ ပညာရေးတွင်လည်း ဒီမိုကရေစီပညာရေးဖြစ်နေပြီလား၊ ပြောင်းလဲဖို့ ဆောင်ရွက်နေပြီလားဆိုခြင်းပင် ဖြစ်ပါသည်။ သို့ဆိုလျှင် ဒီမိုကရေစီပညာရေးဆိုတာ ဘာလဲဟူသော မေးခွန်းပေါ်ပေါက်လာပါသည်။ လက်ရှိပညာရေးကရော ဒီမိုကရေစီပညာရေးနှင့် ကိုက်ညီရဲ့လားဟု ဆန်းစစ်ရန်လိုအပ်လာပါသည်။ ကံအားလျော်စွာ အငြိမ်းစားသူငယ်ချင်းတစ်ဦး၏ ကျေးဇူးဖြင့် ဤအဖြေများကို ပေးနိုင်သော စာအုပ်ကောင်းတစ်အုပ်ကို ရလိုက်ပါသည်။ စာအုပ်မှာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ ၁၉၅၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကျောင်းတွင်း ဒီမိုကရေစီစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်မှာ အင်္ဂလန်နိုင်ငံတွင် စာသင်ကျောင်းများ၌ ဒီမိုကရေစီနည်းအရ မည်သို့ကျင့်သုံးလိုက်နာလျက်ရှိသည်၊ လက်တွေ့ ဒီမိုကရေစီကျင့်စဉ်များကို မည်ကဲ့သို့ သင်ကြားပို့ချပေးနိုင်သည်တို့ကို ဖွဲ့စည်းတာဝန်ပေးထားသော ကော်မတီတစ်ရပ်မှ ၁၉၄၇ခုနှစ်တွင် စာသင်ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြသော အစီရင်ခံစာဖြစ်ပါသည်။ ၎င်းအစီရင်ခံစာကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း အကျိုးဆောင်အုပ်ချုပ်မှု အတွင်းရေးမှူး မောင်သန့် (မူရင်းစာအုပ်ပါ အမည်အတိုင်း ဖော်ပြခြင်းဖြစ်ပါသည်)မှ အကျဉ်းချုံးပြီး ဆီလျော်အောင် မြန်မာပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ၎င်းစာအုပ်ကို ဖတ်မိသောအခါများစွာ အံ့သြဝမ်းမြောက်မိရပါသည်။ နှစ်ကာလများစွာကြာပြီဖြစ်သော်လည်း ယနေ့အချိန်အထိ အတွေးအခေါ်နှင့် အယူအဆများ ခေတ်မီဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ၎င်းစာအုပ်မှာ အသစ်တစ်ဖန် ပြန်လည်ရိုက်နှိပ်၍ မြန်မာနိုင်ငံ၏ ပညာရေးနှင့် ပတ်သက်ပြီး တာဝန်ယူရသူများ၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါသော အောက်ပါအချက်များကို မူရင်းသတ်ပုံအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။

**ဒီမိုကရေစီပညာသည်လည်း အစိုးရက တိုင်းသူပြည်သားများအား**



www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်း၍ပေးနိုင်သော ပညာမဟုတ်။ ဆရာက တပည့်အား သင်ကြားပို့ချ၍ လုံလောက်သော ပညာမဟုတ်။ ဆရာရော တပည့်ပါ ဒီမိုကရေစီစနစ်အတိုင်း လိုက်နာကျင့်ကြံနေထိုင်မှသာလျှင် တတ်မြောက်နိုင်သည့် ပညာရပ်ဖြစ်သည်။

ကျောင်းမှထွက်သော ကလေးသူငယ်များသည် လွတ်လွတ်လပ်လပ်တွေးတော ကြံဆတတ်သော အလေ့အကျင့်ရှိစေရမည်။ ထိုသို့လွတ်လပ်စွာတွေးတောကြံဆတတ်သော အလေ့အကျင့်သည်ပင်လျှင် တိုးတက်ရေး၏ဗီဇမျိုးစေ့ဖြစ်သည်။ အထက်က ညွှန်ကြားချက်အရ ဤသို့သာ တွေးတောကြံဆရမည်။ ထိုသို့ မတွေးတော၊ မကြံဆရဟူသော ချုပ်ချယ်မှုတို့သည်ဒီမိုကရေစီ၏ ရန်သူများဖြစ်ကြပေသည်။ ဒီမိုကရေစီ၏ အင်္ဂါတစ်ရပ်ကားစိတ်ကူးကိုသော် လည်းကောင်း၊ အပြုအမူကိုသော် လည်းကောင်း၊ ချုပ်ချယ်ခြင်း လုံးဝ ကင်းစင်ခြင်းပင် ဖြစ်သည်။

ဒီမိုကရေစီ၏ အင်္ဂါရပ်များမှာ လွတ်လပ်စွာ စိတ်ကူးနိုင်မှု၊ လွတ်လပ်စွာ ပြောဆိုနိုင်မှု၊ လွတ်လပ်စွာ ရေးသားနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှုအစရှိသော လူ့အခွင့်အရေးများပင်တည်း။

ဒီမိုကရေစီ၏ အခြားအင်္ဂါတစ်ရပ်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အရေးကြီးပုံကို အသိအမှတ်ပြုသည်။ အစိုးရသည် လူပုဂ္ဂိုလ်များအတွက်သာဖြစ်သည်။ လူပုဂ္ဂိုလ်များသည် အစိုးရအတွက်မဟုတ်ဟူသော ဥပဒေကို လက်ကိုင်ပြုသည်။

ဒီမိုကရေစီသည် လူတစ်ဦးနှင့် တစ်ဦး အသိဉာဏ်ပညာချင်းတူအောင်၊ စိတ်နေစိတ်ထားချင်းတူအောင် ညှိ၍မပေး။ ကိုယ်သန်ရာသန်ရာ ပညာရပ်တွင် ထူးချွန်အောင်သာ အားပေးသည်။ စိတ်ကူးအယူအဆချင်း မတူညီသည်ကို တစ်သဘောတည်းဖြစ်အောင် ဒီမိုကရေစီက စုစည်း၍မပေး။ စိတ်ကူးအမျိုးမျိုး၊ အယူအဆအမျိုးမျိုးမှ တိုင်းပြည်အတွက် အကျိုးတန်

www.burmeseclassic.com



ဆုံးသော အကြံဉာဏ်များ ပေါ်ပေါက်လာလိမ့်မည်ဟု ဒီမိုကရေစီသည် အားကိုးယုံကြည်၏။

အများသိရှိပြီးဖြစ်သော ချို့ယွင်းချက်မှာ နှေးကွေးခြင်းပင် ဖြစ်သည်။ တိုင်းပြည်တစ်ပြည်ကို ဖက်ဆစ်နိုင်ငံဖြစ်လာအောင် ငါးနှစ်အတွင်း ဖန်တီးပေး နိုင်ပေသည်။ သို့ရာတွင် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင်မူကား (၁၀)နှစ်ပင် ဖန်တီး၍ မရကောင်းပေ။ တကယ့်ဒီမိုကရေစီနိုင်ငံဖြစ်လာစေရန်အတွက် ပြာသာဒ်ဆောက်သကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် တစ်ထစ်ပြီး တစ်ထစ်သာလျှင် ဖန်တီးပေးနိုင်ပေ၏။

ထို့ကြောင့် ဒီမိုကရေစီကို စိတ်ပျက်၍ အာဏာရှင်စနစ်ကို ကူးပြောင်းရန် လွယ်ကူလှသော်လည်း၊ အာဏာရှင်စနစ်ကို စိတ်ပျက်၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန်မှာ အလွန့်အလွန် ခဲယဉ်းသော လုပ်ငန်းဖြစ်လေသည်။

ဆရာ၊ ဆရာမများ အထူးသတိပြုသင့်သော အချက်တစ်ချက်မှာ ကျောင်းသည် စာသင်ရာ ဌာနမျှသာ မဖြစ်စေသင့်ပေ။ ကျောင်းသည် အသင်းတစ်ခု၊ အစည်းအရုံးတစ်ခု၊ လူ့လောကလေးတစ်ခုဖြစ်စေရမည်။

ထိုလူ့လောက,ကလေးမှ အလေ့အကျင့်များသည် တကယ့်လူ့လောကကြီးတွင် အထောက်အပံ့ဖြစ်စေရမည်။ တတ်နိုင်လျှင် ဆရာက မပြောဘဲနှင့် တာဝန်ဝတ္တရားများကို နားလည်လာကြရန် ဖန်တီးပေးရမည်။ လွတ်လပ်စွာ ပြောဆိုခြင်း၊ လွတ်လပ်စွာ ရေးသားခြင်း စသော လူ့အခွင့်အရေးများသည် အကွပ်အတိန်းမရှိသော ပစ်စလက်ခတ် လွတ်လပ်ခြင်းမျိုးမဟုတ်ဘဲ အကွပ်အတိန်းရှိသော စနစ်တကျ လွတ်လပ်ခြင်းဖြစ်သည်ဟု သိရှိနားလည်လာကြရမည်။

ကျောင်းတွင်း ဒီမိုကရေစီအောင်မြင်မှုအတွက် အရေးကြီးသော အချက်တစ်ရပ်ကို သတိပြုရပေမည်။ ထိုအချက်မှာ အခြားမဟုတ်၊

www.burmeseclassic.com


ကျောင်းတွင်း ဒီမိုကရေစီကျင့်သုံးရမည့်သူများမှာ ဆရာများနှင့် ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြ၏။ ဆရာများမှာ လူဦးရေနည်း၍ ကျောင်းသူ၊ ကျောင်းသားများမှာ လူဦးရေများသော်လည်း ဆရာသည် ကျောင်းသားထက် အသိဉာဏ်ဗဟုသုတ စသည့်အရည်အချင်းများ ပိုမိုပေသည်။ ထိုအချက်ကို သတိပြုလျက် အခြေအနေနှင့် သင့်လျော်အောင် ဒီမိုကရေစီကို ကိုယ်တွေ့ ကျင့်သုံးနိုင်ကြရန် အရေးကြီးလှပေသည်။

ပထမအမျိုးကို "ဖွဲ့စည်းထားသောကျောင်း"ဟုဆိုကြပါစို့။ ထိုကျောင်းများ၏လုပ်ငန်းမှာ ကျောင်းသူ၊ ကျောင်းသားကလေးများကို လက်ခံပြီးလျှင် သတ်မှတ်ထားသော ဘာသာရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပို့ချ၊ စာမေးပွဲများစစ်၍ အတန်းတင်၊ အတန်းကုန်သောအခါ ကျောင်းမှ ထွက်စေ၍ စာကိုသာ ဂရုစိုက်၍ ပို့ချသော ကျောင်းမျိုးဖြစ်လေသည်။ ထိုလုပ်ငန်းသည် ကျောင်း၏ လုပ်ငန်းအကုန်မဟုတ်ပေ။ နေမှုထိုင်မှု၊ ဆက်ဆံမှု စသော လူ့ကိစ္စများကို လျစ်လျူရှုသဖြင့် ကျောင်းသားများသည် ထိုကျောင်းမျိုးကို အလုပ်ရရာရကြောင်း အလုပ်ရုံတစ်မျိုးသဖွယ် သဘောထားတတ်ကြလေသည်။ ထိုကျောင်းမျိုးသည် သူငယ်၊ သူငယ်မများအား အလုပ်ရစေရန် ဖန်တီးပေးနိုင်မည်ဖြစ်သော်လည်း လူ့လောကတွင် မည်ကဲ့သို့ နေထိုင်လုပ်ကိုင်ရမည်ဟု သင်ကြားမပေးကြချေ။

ဒုတိယအမျိုးကို "မိသားစုကျောင်း"ဟု ခေါ်ကြပါစို့။ အဓိက ရည်ရွယ်ချက်မှာ ထိုကျောင်းများတွင် တက်ရောက်သင်ကြားကြသော ကျောင်းသူ၊ ကျောင်းသားများသည် စိတ်ပျော်ရွှင်စွာ မိသားစုတစ်စုကဲ့သို့ ခင်မင်ရင်းနှီးစွာ နေထိုင်ဆက်ဆံနိုင်ကြရန်ဖြစ်ပေသည်။ အချင်းချင်း မိသားစုပမာ ရင်းနှီးအောင် သင်ကြားပေးခြင်း၊ စုစုဝေးဝေး ပျော်ပျော်ရွှင်ရွှင်နေတတ်အောင် သင်ကြားပေးခြင်း စသည်တို့မှာ များစွာလိုလားသော်လည်း ပြည့်စုံသော ကျောင်းတွင်းလောက မဟုတ်သေးပေ။


www.burmeseclassic.com

www.burmeseclassic.com



တတိယအမျိုးအစားဖြစ်သော ကျောင်းများသည် အထက်ပါ ကျောင်းနှစ်မျိုးထက် လုပ်ငန်းပိုမိုကျယ်ဝန်း၏။ ထိုကျောင်းမျိုးကို "ဒီမိုကရေစီကျောင်း" ဟူ၍ ခေါ်ဆိုကြပါသည်။ ထိုကျောင်းမျိုးပေါ်ပေါက်စေရန်မှာလည်း ကျောင်းသားကော်မတီများ၊ ကျောင်းကောင်စီများ၊ မည်မျှပင် ဖွဲ့စည်းထားစေကာမူ၊ တကယ့် ဒီမိုကရေစီစိတ်ထားကို မွေးမြူခြင်းမရှိလျှင် အောင်မြင်မည်မဟုတ်ပေ။

ကျောင်းတွင်း ဒီမိုကရေစီအောင်မြင်စေရန်အတွက် ကျောင်းဆရာကြီးနှင့် လက်ထောက်ဆရာ၊ ဆရာမများ၏ ဆက်ဆံရေးသည် ပြေပြစ်ချောမောရန် အရေးကြီး၏။ အကယ်၍ ဆရာကြီးလုပ်သူသည် အာဏာရှင်ဆန်ဆန် ပြုကျင့်ပါက လက်ထောက်ဆရာ၊ ဆရာမများသည် မိမိတို့ ပြောလိုသော အချက်များကို ဖွင့်ဟ၍ ပြောရဲမည်မဟုတ်ရာ ကျောင်း၏ တိုးတက်ရာ တိုးတက်ကြောင်းသည် များစွာထိခိုက်စရာရှိလေသည်။

ကျောင်းတွင်း ဒီမိုကရေစီဆိုရာ၌ တစ်နည်းအားဖြင့် ကျောင်းတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေးပင်ဖြစ်ပေသည်။

ကျောင်းတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးသည် မည်သည့်နည်းနှင့်မျှ လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးမဖြစ်နိုင်ပေ။ ကျောင်းများတွင် ဖွဲ့စည်းထားသည့် ကျောင်းကောင်စီများ(ဝါ)ကျောင်းလွှတ်တော်များသည် အောက်ပါအချက်များကို ဂရုပြု၍သာလျှင် စခန်းသွားရပေမည်။

(၁) ကျောင်းကိစ္စဟူသမျှတွင် နောက်ဆုံးအာဏာပိုင်သူမှာ ကျောင်းဆရာကြီးသာလျှင်ဖြစ်ရမည်။

(၂) ကျောင်းဆရာနှင့် ကျောင်းသား နှိုင်းယှဉ်ပါက ကျောင်းဆရာသည် ပိုမိုဗဟုသုတရှိသည်၊ ကျွမ်းကျင်သည်ဟူသောအချက်ကို အသိအမှတ်ပြုရမည်။



www.burmeseclassic.com

www.burmeseclassic.com



(၃) ကျောင်းသားများ၏ တာဝန်ဝတ္တရားများကို ၎င်းတို့၏ အသက်အရွယ်၊ အသိဉာဏ်ပညာနှင့် ကိုက်ညီအောင် သတ်မှတ်ပေးရမည်။

(၄) ကျောင်းဆရာကြီး (သို့မဟုတ်) ကျောင်းဆရာများတွင် သီးခြားထမ်းဆောင်ရမည့် တာဝန်ဝတ္တရာများ ရှိနေပေသည်။ ထိုတာဝန်ဝတ္တရားများတွင် တပည့်ဖြစ်သူ ကလေးသူငယ်များက ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိရပေ။

သို့ရာတွင် ကျောင်း၏ ပြေးခုန်ကစားပွဲများ ကျင်းပခြင်း၊ ကျောင်း၏ စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးပြုနည်း၊ စည်းကမ်းသေဝပ်မှုနှင့် ဆိုင်သောကိစ္စများ စသည်တို့သည် ဆရာရော ကျောင်းသားပါ သက်ဆိုင်သောကိစ္စများဖြစ်၍ ကျောင်းကောင်စီများ (ဝါ) ကျောင်းလွှတ်တော်များတွင် တင်ပြဆွေးနွေးသင့်သော ကိစ္စများဖြစ်ပေသည်။

အထက်တန်းကျောင်းများ၌ ကျောင်းကောင်စီများ (ဝါ) ကျောင်းလွှတ်တော်များ ဖွဲ့စည်းရာတွင် အောက်ပါ ရည်ရွယ်ချက်များကို သတ်မှတ်ထားသင့်ပေသည်။

(၁) ကျောင်းတွင်း လောကဖန်တီးရေးတွင် ကျောင်းသူ၊ ကျောင်းသားများသည် တတ်အားသမျှ ပါဝင်ဆင်နွှဲကြရန်။

(၂) ကိစ္စအများတွင် ကျောင်းသူ၊ ကျောင်းသားများ၏ ထင်မြင်ယူဆချက်ကို တင်ပြရန်။

(၃) အကြံသစ် ဉာဏ်သစ်များ ထွက်ပေါ်လာစေရန်။

(၄) တာဝန်ခံအစိုးရ၏ ဗဟုသုတအလေ့အကျင့်များကို ကျောင်းသူကျောင်းသားများအား သင်ကြားပေးရန်။

(၅) ကျောင်းတစ်ကျောင်းလုံးသည် ဆရာရော တပည့်ပါ စုပေါင်းနေထိုင်သော ကျောင်းတွင်းလောက,ကလေးတစ်ခုဖြစ်သည်ဟု အသိဉာဏ်ဝင်စားလာစေရန်။



www.burmeseclassic.com

www.burmeseclassic.com



(၆) ကျောင်းတွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်၊ မည်ကဲ့သို့ စီမံမည် ဟူသောအချက်များကို တစ်ကျောင်းလုံးအား အသိပေးရန်၊

ကျောင်းကောင်စီ (ဝါ) ကျောင်းလွှတ်တော်များကို မည်ကဲ့သို့ ဖွဲ့စည်းရမည်ဟူသော အချက်ကိုမူကား ပုံသေကားချ သတ်မှတ်ပေးရန် ခက်ခဲလှပေသည်။

ကျောင်းကောင်စီများကို တစ်နှစ်လျှင် တစ်ကြိမ် ရွေးကောက်တင်မြှောက်လေ့ရှိကြ၏။ အချို့သောကျောင်းများတွင် အောက်တန်းမှ ကိုယ်စားလှယ်များကို မရွေးချယ်ဘဲ အထက်တန်းများမှသာ ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်လေ့ရှိကြသည်။

ကျောင်းကောင်စီ အစည်းအဝေးများတွင် စဉ်းစား ဆွေးနွေးသော ကိစ္စများမှာလည်း ကျယ်ဝန်းလှပေသည်။ စည်းကမ်းသေဝပ်မှုနှင့် ပတ်သက်သော ပြဿနာများ၊ ကျောင်းတွင်း စာကြည့်တိုက်များ ဖွင့်လှစ်ရေး ကစားခုန်စားပွဲများ ကျင်းပရေး အဝတ်အစားဆင်တူ ဝတ်ဆင်သင့်၊ မသင့်၊ ကျောင်းတွင် ခဲတံ၊ စာအုပ် စသည်တို့ ပျောက်ဆုံးခြင်းပြဿနာများ စသည်တို့ကို စဉ်းစားဆွေးနွေးကြရသည်။

ဒီမိုကရေစီသဘောတရားများကို ကောင်းစွာ ခေါက်မိသော ကျောင်းများတွင် ကျောင်းစည်းကမ်းများကို ရေးသားထားရန် လိုမည်မဟုတ်ပေ။ အချို့သော ကျောင်းများတွင် အောက်ပါ စည်းကမ်းသုံးမျိုးလောက်ကိုသာ ရေးထားသည်ကို တွေ့နိုင်ပေသည်။ (ယဉ်ကျေးပါ၊ ပူးပေါင်းဆောင်ရွက်ပါ၊ စဉ်းစားဉာဏ်ကို သုံးပါ။) အချို့သော ကျောင်းများတွင် (ကိုယ်ချင်းစာပါ) ဟူသော စည်းကမ်းတစ်ရပ်သာ ရေးသားသတ်မှတ်ထားလေသည်။

ကျောင်းတွင်းဒီမိုကရေစီ အောင်မြင်ရေးအတွက် ကျောင်းလောကသည် ပြင်ပလောကနှင့် ဆက်စပ်နိုင်သမျှ ဆက်စပ်ရမည်ဖြစ်၏။ ကျောင်းသူ ကျောင်းသားများသည် ကျောင်းလောက၏ ပြဿနာများကို ရင်ဆိုင်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလောက၏ ပြဿနာရပ်များကိုပါ လေ့လာနိုင်သလောက် လေ့လာရပေမည်။

ဒီမိုကရေစီဖြန့်ဖြူးသော ကျောင်းများမှ ဒီမိုကရေစီဝါဒကို သက်ဝင်ယုံကြည်လာသူများ ထွက်ပေါ်လာမည်ဖြစ်၏။ ထိုကျောင်းထွက်များသည် စာပေပါရဂူကြီးများ၊ သက်မွေးဝမ်းကျောင်းပညာရပ်များတွင် နားလည်ကျွမ်းကျင်သူများသာမက၊ ထို့ထက်ပိုမိုတန်ဖိုးရှိသော လူတော်၊ လူကောင်းများ ထွက်ပေါ်လာမည်မှာ သေချာပေသည်။

ဒီမိုကရေစီစနစ်နှင့် သင်သော ကျောင်းများသာမက၊ ဩဇာအာဏာနှင့် ဖိ၍သင်သော ကျောင်းမျိုးကလည်း အထက်ပါ လူစားမျိုးကို မွေးထုတ်နိုင်ပေသည်။ သို့ရာတွင် ဒီမိုကရေစီစနစ်နှင့် သင်သောကျောင်းမျိုးမှာ အခြားစနစ်နှင့် သင်သောကျောင်းမျိုးထက် သာသောအချက်မှာ အခြားမဟုတ်။ စိတ်ထားမြင့်မြတ်၍ သတ္တိရှိသောသူများကို မွေးထုတ်နိုင်ပေသည်။ ထိုကျောင်းထွက်များသည် သဘောထားကြီးခြင်း၊ ကိုယ်ကျိုးထက် အများအကျိုးကို ကြည့်ခြင်း၊ ရပ်ရွာနယ်ပယ် တိုင်းပြည်ကောင်းစားရေးအတွက် စေတနာရှိခြင်း၊ ရဲရင့်ခြင်း စသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံပေသည်။

ဒီမိုကရေစီကျောင်းထွက်သည် ဝါဒဖြန့်ခြင်းကို မျက်စိမှိတ်ပြီး ယုံကြည်မည့်သူ မဟုတ်ပေ။ ဆန်ခါတွင်တင်၍ အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်ပြီးမှသာလျှင် လက်ခံမည့်လူစားမျိုးဖြစ်ပေသည်။

ဒီမိုကရေစီကျောင်းထွက်တစ်ဦးသည် ဒီမိုကရေစီ၏ နည်းနာနိဿယများကို နားလည်ပြီးဖြစ်ပေသည်။ အစည်းအဝေးကို မည်ကဲ့သို့ ကျင်းပရမည်၊ သဘာပတိကို မည်ကဲ့သို့ရွေးချယ်ရသည်၊ အဆိုကို မည်ကဲ့သို့ တင်သွင်းရသည်၊ ထိုအဆိုကို မည်ကဲ့သို့ မဲခွဲရသည်ဟူသော အချက်များတွင် ကျင့်သားရပြီးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**စာသင်ကျောင်းများ၏ အဓိက ရည်ရွယ်ချက်မှာ ကျောင်းသူ၊ ကျောင်းသားများ စာမေးပွဲအောင်မြင်ရန် မဟုတ်၊ အလုပ်ရရန် မဟုတ်၊ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုကို တတ်ကျွမ်းရန်လည်း မဟုတ်။ ကျောင်းသူကျောင်းသားများသည် သိနားလည်သော တိုင်းသူပြည်သား ကောင်းများဖြစ်လာကြစေရန် ရည်ရွယ်ချက်ထားရှိရပေမည်။ ထိုသို့သော တိုင်းသူပြည်သားကောင်းဆိုသည်မှာလည်း ဒီမိုကရေစီသဘောတရားများ ကို ကောင်းစွာ သဘောပေါက် နားလည်၍၊ ကောင်းစွာ လက်တွေ့ ကျင့်သုံးနိုင်သူများဖြစ်စေရမည်။ ဤကား စာသင်ကျောင်းတိုင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်စေရမည်။**

ဤသည်တို့မှာ ကျောင်းတွင်းဒီမိုကရေစီ စာအုပ်အား အကြမ်းဖျင်း ခြုံငုံသိရှိနိုင်စေရန် ကောက်နုတ်ဖော်ပြချက်အကျဉ်းမျှသာ ဖြစ်ပါသည်။ ဤမျှဆိုလျှင်ပင် ဤစာအုပ်ငယ်၏တန်ဖိုးကို သိရှိနိုင်လောက်ပြီဖြစ်ပါ သည်။ အင်္ဂလန်တွင် ၁၉၄၇ ခုနှစ်က တင်သွင်းခဲ့သော အစီရင်ခံစာဖြစ်၍ ခေတ်ဟောင်းက အတွေးအရေးများဟု ဆိုနိုင်သည့်တိုင် ဒီမိုကရေစီပညာ ရေးနှင့် ပတ်သက်သည့် အခြေခံအတွေးအခေါ်၊ အယူအဆများမှာ ယနေ့ ခေတ်ကာလအထိ ခေတ်မီဆဲ၊ အသုံးချနိုင်ဆဲဖြစ်ကြောင်း တွေ့နိုင်ပါ သည်။ ၁၉၅၆ခုနှစ်က မိမိတက်ခဲ့သော မူလတန်းကျောင်းမှသည် အလယ် တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် ၁၉၆၉ ခုနှစ်က တက်ခဲ့သော ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့အထိ ပညာသင်ကြားခဲ့ရသော အခြေ အနေများကို ဤစာအုပ်ငယ်နှင့် ပြန်လည်ယှဉ်ထိုး သုံးသပ်ကြည့်သော အခါ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့အထိတွင် ဒီမိုကရေစီ ပညာရေး၏ အသွင်အပြင်များ သိသာစွာ ရှိခဲ့သော်လည်း အရွယ်ရောက်၍ အသိဉာဏ်ဖွံ့ဖြိုး ဖြန့်ကျက်စအချိန်တွင် တက်ခဲ့ရသော အထက်တန်း ကျောင်းနှင့် တက္ကသိုလ်တို့တွင် ဒီမိုကရေစီပညာရေး၏ အသွင်အပြင်များ



www.burmeseclassic.com

www.burmeseclassic.com



မေးမိုန်လာခဲ့သည်ကို တွေ့ရပါသည်။ ဤသည်မှာ ၎င်းခေတ်အုပ်ချုပ်သူ အစိုးရများ၏ ကျောင်းသူကျောင်းသားများ ဒီမိုကရေစီအရေးတွင် စိတ်ဝင်စား တက်ကြွလာပြီး ဆန့်ကျင်ဘက် နိုင်ငံရေးအသွင်အပြင်သို့ ကူးပြောင်း ရောက်ရှိသွားမည်ကို အစိုးရိမ်ကြီးခဲ့မှုကြောင့် ဖြစ်ပါသည်။ ဒီမိုကရေစီကို အဆိုးမြင်ရှုထောင့်ဘက်မှ ကြည့်ခဲ့သော အားနည်းချက်ကြောင့်ဖြစ်ပါသည်။

ယနေ့ကာလတွင် ဘက်ပေါင်းစုံမှ ပြောင်းလဲမှုများ စတင်နေပြီဖြစ်ရာ ပညာရေးကိုလည်း ရေရှည်မျှော်တွေး၍ ဒီမိုကရေစီပညာရေးဖြစ်အောင် ပြုပြင်ဆောင်ရွက်သင့်ပေပြီ။ ပညာရေးနှင့် ပတ်သက်ပြီး ယခင်အစိုးရ လက်ထက်မှသည် ယနေ့ကာလအထိ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ပြောဆိုလမ်းညွှန်၊ ဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ ကမ္ဘာတစ်ရလုံး ယှဉ်ပြိုင်မှု ပြင်းထန်ကြီးမားသော ယနေ့ကာလမျိုးတွင် ပညာရေးကို မပြုပြင်၊ မပြောင်းလဲနိုင်လျှင် မည်သို့မျှ တိုးတက်ပြောင်းလဲနိုင်မည် မဟုတ်ကြောင်း တစ်မျိုးသားလုံး၊ ပညာရည်မြင့်မားခြင်းကသာလျှင် အနာဂတ်ကို ရင်ဆိုင် နိုင်မည်ဖြစ်ကြောင်း ပြောခဲ့ကြပါသည်။ Technology ကြောင့် ကမ္ဘာကြီး သည် လျင်မြန်ပြင်းထန်စွာ ပြောင်းလဲဖြစ်ပေါ်နေပြီး ၎င်းပြောင်းလဲမှုများ သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည်များကိုလည်း ရိုက်ခတ်ပြောင်းလဲလျက်ရှိရာ စနစ်ဟောင်း ပညာရေးဖြင့် ဆက်သွားရန် မဖြစ်နိုင်သောကြောင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကြိုးစားခဲ့ကြပါ သည်။ အစိုးရကျောင်းသင်ပညာရေးအပြင် ၎င်းနှင့်အပြိုင် လွတ်လပ်သော ပြင်ပ ပညာသင်ကြားရေးစနစ်ကိုပါ စဉ်းစားပြင်ဆင် ဆောင်ရွက်လာကြပါ သည်။ တက္ကသိုလ်မှ ကျောင်းပြီးလျှင် ပညာသင်ယူမှု ကုန်ပြီဟူသော အတွေးအခေါ်အစား Life Long Learning ရှင်သန်နေသမျှ သင်ယူနေရ မည်ဆိုသော အတွေးအခေါ်ဖြင့် ကူးပြောင်းဆောင်ရွက်ရန် အားထုတ်ခဲ့ကြ ပါသည်။ ကိုယ်တိုင်လေ့လာသင်ယူမှု Self Learning ကို နှိုးဆော်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းခဲ့ကြပါသည်။ ယနေ့ခေတ်ကို Individuallism ခေတ်ဟု သတ်မှတ်ခဲ့ကြပါသည်။ ဆရာဗဟိုပြု သင်ကြားရေးစနစ်အစား ကျောင်းသားကို ဗဟိုပြုသော သင်ကြားရေးစနစ်သို့ ကူးပြောင်းရန် တိုက်တွန်းတောင်းဆိုမှုများ ရှိနေပြီဖြစ်ပါသည်။

သို့ရာတွင် ထိုသို့ပြုပြင်ပြောင်းလဲမှု တွေးခေါ်မှုများ၏ ရည်မှန်းချက်ကို ကြည့်ရှုသည့်အခါ ကမ္ဘာနှင့်အမီ ရင်ဆိုင်ယှဉ်ပြိုင်နိုင်စွမ်းရှိသော အသိပညာ၊ အတတ်ပညာမြင့်မားသော၊ ထူးချွန် ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန်သာဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်နှင့် ကိုက်ညီသော ဒီမိုကရေစီနိုင်ငံသားကောင်းများဖြစ်ပေါ်လာရေး ရည်မှန်းချက်မှာ မှေးမှိန်နေဆဲပင်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ အပြောင်းအလဲတွင် အခြားသော ပြောင်းလဲမှုများနှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်လာစေနိုင်ရန်အတွက် နိုင်ငံတော်၏ ပညာရေးကိုလည်း နောက်ဆုံး ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသော ရေရှည်မျှော်မှန်းထားသော ဒီမိုကရေစီပညာရေးအဖြစ်သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်ပြီဖြစ်ပါသည်။

*ဩဂုတ်၊ ၂၀၁၂၊ နေရသိန်မင်္ဂလာဖင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



# ပြောင်းလဲမှုများနှင့် ပညာရေး

ယနေ့ခေတ်ကာလတွင် ရုပ်ဝတ္ထုပစ္စည်းများ၊ အတတ်ပညာ၊ နည်းပညာများ ပြောင်းလဲတိုးတက်ဖြစ်ပေါ်လျက်ရှိသည်မှာ အံ့မခန်းပင် ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းများ ပြောင်းလဲဖြစ်ပေါ် တိုးတက်မှုများနှင့်အတူ လူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှုပုံစံသစ်များ ဖြစ်ပေါ်လာပါသည်။ မသိမသာ ပြောင်းလဲဖြစ်ပေါ်မှုမှသည် သိသာထင်ရှားသော၊ ပြင်းထန်သော ပြောင်းလဲမှုများအထိ ဖြစ်ပေါ်လာပါသည်။ တစ်နည်းဆိုရလျှင် ရုပ်ပိုင်းဆိုင်ရာများ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာများ တစ်စတစ်စ ချို့ယွင်းပျက်စီးလာသည်ဟု ဆိုနိုင်ပါသည်။

မြန်မာတို့၏ လူမှုဆက်ဆံရေး ပုံစံဟောင်းနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာ ရိုးရာဓလေ့တို့သည် တဖြည်းဖြည်းမှေးမှိန်လာပါသည်။ ကိုယ်ချင်းစာစိတ်ထားများ၊ မြဟ္မစိုရ်တရားလေးပါး၊ မိဘဝတ်၊ သားသမီးဝတ်၊ အဆွေခင်ပွန်းဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ် စသည်တို့ကိုလည်း ကျင့်သုံးလိုက်နာရန်ဝေးစွ၊ သိရှိသူပင် အတော်ရှားပါးလာပါသည်။ 'ဘယ်လိုနည်းနဲ့

နိုင်နိုင် နိုင်ဖို့ အရေးကြီးတယ်၊ ဘယ်လိုနည်းနဲ့ရရ ငွေရဖို့လိုတယ်၊ ချမ်းသာဖို့လိုတယ်' စသော အတွေးအခေါ်များ ကြီးစိုးလာပါသည်။ 'ဖားသားနေကောင်းလား'၊ 'မားသားကြီးကလည်း အုံးစားအောင် လုပ်နေပြန်ပြီ'ဆိုသော လူမှုဆက်ဆံရေးပုံစံသစ်များက ကြောက်စရာကောင်းလှပါသည်။ 'မိန်းမယူတာပဲကွာ၊ ချစ်တာတွေ မေတ္တာတွေ၊ ဘာလူမျိုးလဲဆိုတာတွေ အရေးမကြီးပါဘူး၊ ယောက္ခမ ချမ်းသာဖို့ပဲ လိုတာပါ'ဆိုသော အတွေးအခေါ်သစ်များက မြန်မာတို့၏ တန်ဖိုးထား မြတ်နိုးမှုများကို ဖျက်ဆီးပစ်နေပေပြီ။ အသက်အရွယ်ကြီးရင့်သူ၊ အားနွဲ့သူ၊ ဒုက္ခိတ စသူများကို ဦးစားပေးရန်၊ ကူညီရန် မစဉ်းစားကြတော့ပါ။ ပြည်သူ့နီတိဆိုလျှင် ဘာမှန်းမသိကြတော့ပြီ။

နိုင်ငံတစ်နိုင်ငံ၏ ပျက်စီးပြိုဆင်းမှုသည် မြင်ရသော ရုပ်ဝတ္ထုပစ္စည်းများ ပျက်စီးမှုတစ်ခုတည်းကို ဆိုလိုသည် မဟုတ်ပါ။ စိတ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုသည်လည်း နိုင်ငံပျက်စီးမှုပင် ဖြစ်ပါသည်။ နိုင်ငံကလည်း မြန်မာနိုင်ငံနေသူများကလည်း မြန်မာလူမျိုးများတွေသာဖြစ်သည်။ သို့သော် မြန်မာမှု၊ မြန်မာ့ဟန်တွေမရှိတော့။ မြန်မာလို မတွေးကြတော့။ မြန်မာလို မနေ၊ မြန်မာလို မလုပ်ကြတော့လျှင် မည်သို့ မြန်မာနိုင်ငံဟု ခေါ်ကြတော့မည်နည်း။ တကယ်တော့ မြန်မာနိုင်ငံမဟုတ်တော့။ မြန်မာနိုင်ငံသည် ပျက်စီးသွားခဲ့ပြီဖြစ်၏။ မြန်မာနိုင်ငံသည် သမိုင်းထဲတွင် ကျန်ရစ်ခဲ့ပြီဖြစ်၏။

ဤဘေးအန္တရာယ်ကို ပေါ့ပေါ့တွေး၍မရပါ။ ဤဘေးအန္တရာယ်ဆိုးမှ ကာကွယ်ရန်သည် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ အစိုးရ၊ ရော တိုင်းရင်းသားပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရပေမည်။ အခြေခံသည် ပညာရေးဖြစ်ပါသည်။ အခြေခံမူလတန်း စာသင်ကျောင်းကလေးများမှ စ,ရပေလိမ့်မည်။ မူလတန်းကျောင်းဟုဆိုသည်နှင့် ငယ်စဉ် မူလတန်းတုန်းက သင်ကြားခဲ့ရသော ဆရာကြီး ဦးဘကြည်၏ ပန်းချီပုံများနှင့် ဖူဒွဝင်

www.burmeseclassic.com



သင်ကြားရခြင်းများ၊ ပြည်သူ့နီတိ သင်ခန်းစာများ၊ ကန်တော်မင်ကျောင်း ဆရာတော် ဆုံးမစာ စသည်များတို့ကို သတိရလာသည်။ သို့ဖြစ်ရာ ဤဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန်မှာ မြန်မာ့မူ၊ မြန်မာ့ဟန်နှင့် ကိုက်ညီသော ဒီမိုကရေစီပညာရေးမှတစ်ပါး အခြားမရှိပါဟု ယူဆမိပါကြောင်း။

*၂၀၁၃၊ စက်တင်ဘာ၊ ဘဝသစ် မဂ္ဂဇင်း*

★★★

www.burmeseclassic.com

www.burmeseclassic.com



## ဒီမိုကရေစီ ရဖို့ ဆိုရင်

သနားစရာမြင်ရလျှင် သနားကြပါသည်။ စိတ်မကောင်းစရာ ကြားရလျှင် စိတ်မကောင်းဖြစ်ပါသည်။ ဝမ်းနည်းစရာဖြစ်နေလျှင် ဝမ်းနည်းကြပါသည်။ မတရားတာတွေ့ရလျှင် တရားသည့်ဘက်က နာပါသည်။ သို့သော် . . .

လွတ်လပ်ရေးရပြီဆိုပြီး လမ်းမပေါ် ဆေးရိုးတက်မလှန်းဖို့ ဗိုလ်ချုပ်က ပြောခဲ့ဖူးပါသည်။

''ကျွန်တော်တို့လည်း ငယ်စဉ်တုန်းကတော့ အားလုံး မကောင်းမြင်တာပဲ၊ အားလုံး ဆန့်ကျင်ချင်တာပဲ၊ အခု အသက်အရွယ်လေး ရလာတော့ အုပ်ချုပ်ရေးဘက်က အခက်အခဲကိုလည်း မြင်တတ်လာတယ်''ဟု နိုင်ငံရေး အကျဉ်းသားတစ်ဦးက အကျဉ်းထောင်ထဲတွင် ပြောခဲ့ဖူးပါသည်။

သခင်စိုးကြီးက သူ၏ နိုင်ငံရေးလုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး သူ၏ နောက်ဆုံးကာလတစ်ခု၌ ကျွန်တော်မှားခဲ့တယ်ဟု ပြောခဲ့ပါသည်။

အနည်းငယ်သာ သိခြင်းသည် လုံးဝမသိခြင်းထက် အန္တရာယ်ပိုများသည်ဟု ဆိုစကားရှိပါသည်။

ဒီမိုကရေစီ မရသေးပါ။ ဒီမိုကရေစီရဖို့ စတင်ဆောင်ရွက်နေကြချိန် ဖြစ်ပါသည်။ မတူတာတွေ ခဏထားပြီး တူတာတွေ ပေါင်းလုပ်ရအောင်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရဆဲဖြစ်ပါသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်စုနှင့် တစ်စု ရှေ့နည်းနည်းစီ တိုးကြည့်လာကြပြီး ယုံကြည်မှု တည်ဆောက်ဖို့ ကြိုးစားနေကြဆဲဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံအဖြစ် ချက်ချင်း ပြောင်းလဲ တည်ဆောက်၍ မရပါ။ မည်မျှကြာမည်နည်းဆိုသည်မှာ ဘယ်လောက် သိကြပြီလဲ၊ ဘယ်လောက်မြင်ကြပြီလဲ၊ ဘယ်လောက် ယုံကြည်ကြပြီလဲ ဆိုသည့်အပေါ်တွင် မူတည်နိုင်ပါသည်။

သနားပါ၊ စိတ်မကောင်းဖြစ်ပါ၊ ဝမ်းနည်းပါ၊ သို့သော်. . .ဤမျှနှင့် ဘက်လိုက်၍ မရသေးပါ။ အားပေးအားမြှောက်ပြု၍ မရသေးပါ။ ဘက်စုံ ထောင့်စုံမှ အမှန်အတိုင်း၊ အရှိအတိုင်း မြင်အောင် ကြည့်ရပါလိမ့်မည်။ တစ်ခါတစ်ခါ အချိန်က အမှား၊ အမှန်ကို ဆုံးဖြတ်ပေးပါသည်။ တစ်ခါတစ်ရံ အတွေ့အကြုံက အမှန်တရားကို ဖော်ထုတ်ပေးပါသည်။ ဆန္ဒမစောဖို့ လိုပါသည်။ အမှန်တကယ် ပြည့်ပြည့်စုံစုံသိအောင်လုပ်ဖို့ လိုပါသည်။ သဘောတရားနှင့် လက်တွေ့ နေရာတိုင်း၌ တစ်ထပ်တည်းမကျနိုင်ပါ။ သီအိုရီသမားများ အကောင်အထည်ဖော်မှုအပိုင်းတွင် ပါဝင်မှုနည်းပါသည်။ စီးပွားရေးပညာရှင်များထဲမှ သူဌေးကြီးဖြစ်သွားသူ ရှားပါသည်။

အုပ်ချုပ်ရေးပျက်လျှင် တိုင်းပြည်ပျက်တတ်ပါသည်။ ယခုမှ အစဖြစ် ပါသည်။ အုပ်ချုပ်ရေးအပိုင်းကိုလည်း မြင်အောင် ကြည့်နိုင်ကြဖို့ လိုပါသည်။ ဆရာဝန်တစ်ယောက်မှားလျှင် လူနာတစ်ယောက်သေနိုင်ပါသည်။ အင်ဂျင် နီယာတစ်ယောက်မှားလျှင် မိသားစုလိုက်သေနိုင်ပါသည်။ နိုင်ငံရေးသမား တစ်ယောက်မှားလျှင် စဉ်းစားဆင်ခြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

၂၀၁၃၊ ဖေဖော်ဝါရီ၊ နေရာသိန်မဂ္ဂဇင်း

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



# သွေးစည်းကြဖို့ လိုပြီ

BURMESE CLASSIC

လွတ်လပ်ရေးရပြီးကာစ တိုင်းပြည်တွင် မညီမညွတ်၊ မငြိမ်မသက်ဖြစ်ခဲ့သော အခြေအနေများနှင့် ပတ်သက်ပြီး ဗိုလ်မှူးကြီးဟောင်း တင်မောင် (ဆရာမြတ်ထန်)က 'တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်'ဟု စာအုပ်တစ်အုပ်ရေးသားခဲ့ပါသည်။ ထိုစဉ်က ထန်ခဲ့သော မုန်တိုင်းက အမှန်တကယ်ပြင်းထန်ပါသည်။ နုနုနယ်နယ် လွတ်လပ်ရေးရကာစ တိုင်းပြည်ကလေးအစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်ပါသည်။ အခန့်မသင့်လျှင် ကျွန်ပြန်ဖြစ်သွားနိုင်ပါသည်။ သို့သော် ထိုမုန်တိုင်းကို အစိုးရ၊ ပြည်သူလူထု၊ ပါတီ၊ အဖွဲ့အစည်းများနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုဖြင့် ကြံကြံခံနိုင်ခဲ့ပါသည်။ ရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့ကြပါသည်။ ထိုစဉ်ကာလက တက္ကသိုလ်ကျောင်းသားများပင် တိုင်းပြည် မပြိုကွဲရန်၊ လွတ်လပ်ရေး မဆုံးရှုံးစေရန်တို့အတွက် တပ်မတော်တွင် အင်အားဖြည့်ပါဝင်ပြီး တိုက်ပွဲများ တိုက်ခိုက်ခဲ့ကြပါသည်။ ပြောရလျှင် 'အရေးကြီး၍ သွေးစည်းခဲ့ကြသည်'ဟု ဆိုရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု နုနုနယ်နယ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တိုင်းပြည်၏ လားရာကို ပြောင်းသွားစေနိုင်သော မှန်တိုင်းများက အစဖျူး တိုက်ခတ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အရေး အခင်း၊ ကချင်ပြည်နယ်တိုက်ပွဲများ၊ အလုပ်သမား၊ လယ်သမား ဆန္ဒပြမှု များသည် အချိန်မရွေး ပြင်းထန်သော မုန်တိုင်းများအသွင်သို့ပြောင်းပြီး တိုင်းပြည်၏ ဒီမိုကရေစီလမ်းကြောင်းကို ပျက်စီးသွားစေနိုင်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အရေးအခင်းသည် ဒေသတစ်ခု၏ အရေးအခင်းသာမက၊ တိုင်းပြည်၏ အရေးအခင်းလည်းဖြစ်ပါသည်။ သမိုင်းကြောင်းနှင့် ချီလာခဲ့သောကိစ္စရပ်ဖြစ်၍ အလေးအနက် ဆင်ခြင် သုံးသပ်ဆောင်ရွက်ရပေလိမ့်မည်။ တစ်ဖက်က လူ့အခွင့်အရေးဟုဆိုသော် လည်း တစ်ဖက်က အမျိုးသားရေး၊ နိုင်ငံရေးဖြစ်ပါသည်။ BURMESE CLASSIC

ဤဖြစ်စဉ် ဖြစ်ရပ်များအပေါ် နိုင်ငံတကာအရေးအခင်းသဖွယ် ဖန်တီးဆောင်ရွက်လိုသူများလည်းရှိရာ အန္တရာယ်ကြီးမားလှပါသည်။ နိုင်ငံ ရေးသတိ၊ စစ်ရေးသတိ၊ အမျိုးသားရေးအသိဖြင့် ညီညွတ်စွာ ဆောင်ရွက် ကြရန် လိုအပ်ပါသည်။ ကချင်ပြည်နယ်တိုက်ပွဲများသည် လူမျိုးရေးအသွင် ကိုလည်း ဆောင်ပါသည်။ တိုင်းရင်းသားများ၏ ဗမာလူမျိုးများ မဟာဗမာ လူမျိုးကြီးဝါဒကို ကျင့်သုံးသည်ဟူသော စွပ်စွဲချက်သည် လွတ်လပ်ရေးရစဉ် ကတည်းက ပါရှိခဲ့ပါသည်။ ဤစွပ်စွဲချက်အတွက် စဉ်းစားဆင်ခြင်နိုင်ရန် နှင့် အဖြေရှာရန် လိုအပ်ပါသည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ဆိုသည့်အတွက် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်ချက်များကို ညီညွတ်စွာ ချမှတ်နိုင်ရန် အရေးတကြီးလိုအပ်ပါသည်။

ကချင်ပြည်နယ် စစ်ပွဲများ ကြာလာသည်နှင့်အမျှ ကူးစက်ရောဂါ သဖွယ်ဖြစ်ပွားပြီး တိုင်းပြည်၏ အခြေအနေမှာ ဒုံရင်းသို့ ပြန်ရောက်သွား နိုင်ပါသည်။ အလုပ်သမား၊ လယ်သမားဆန္ဒပြမှုများသည် ညီသည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအချက်များအား အခြေခံ၍ ဖြစ်ပေါ်လာသည်ကို မှန်မှန်ကန်ကန်သိရှိသုံးသပ်၊ ကုစားနိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းအဖွဲ့အစည်းများသာမက၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်ပအစိုးရများ၏ လိုလားမှုအရ ဖြစ်ပေါ်လာသော ပယောဂများလည်း ပါရှိနိုင်ပါသည်။ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှု၊ နယ်မြေလုမှု၊ စားကျက်လုမှုတို့သည် ပြည်တွင်းဆန္ဒဖော်ထုတ်မှုများအပေါ် သက်ရောက်မှုများ ရှိနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။

အချုပ်ဆိုရလျှင် ယနေ့အချိန်ကာလသည် တိုင်းပြည်၏ နုနုနယ်နယ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်များအတွက် အချိန်မရွေး မုန်တိုင်းထန်နိုင်သောကာလဖြစ်ပါသည်။

သို့ပါ၍ ဤကာလအတွက် မြန်မာအမျိုးသား တိုင်းရင်းသားအားလုံးတို့အား နိုင်ငံ့အရေးကို ဦးထိပ်ထားနိုင်ကြရန်အတွက် 'အရေးကြီးပြီ သွေးစည်းကြစို့' ဟု တပ်လှန့် နှိုးဆော်လိုက်ချင်ပါသည်။

၂၀၁၃၊ ဖေဖော်ဝါရီ၊ နရသိန်မဂ္ဂဇင်း

★★★



www.burmeseclassic.com

www.burmeseclassic.com



## ဒီမိုကရေစီ နိုင်ငံကြီးသားများဖြစ်ဖို့

စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ စသည်များသည် အများပြည်သူတို့၏ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် လိုအပ်ချက်အရ ထုတ်ပြန်သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ဤသို့ ထုတ်ပြန်ရာတွင်လည်း အများပြည်သူ အကျိုးစီးပွားအတွက် အဓိကထားပြီး ထုတ်ပြန်ခြင်းဖြစ်ရာ အဆိုပါ ထုတ်ပြန်ထားချက်များကို ပြည်သူအားလုံးက ထိန်းသိမ်းလိုက်နာ ဆောင်ရွက်ရပါသည်။ ဖောက်ဖျက်ကျူးလွန်သူ၊ မလိုက်နာသူသည် ၎င်းတစ်ဦးတည်း တစ်ယောက်တည်းအတွက် အကျိုးရှိသွားသော်လည်း အများပြည်သူအကျိုးကို ထိခိုက်နစ်နာစေသောကြောင့် ‘မိမိလည်း ပြည်သူတစ်ယောက်ဖြစ်၍ မိမိအကျိုးလည်း ပြည်သူ့အကျိုးပဲ’ဟု ပြော၍မရပါ။ ယခု လတ်တလောကာလတွင် ဤဖြစ်ရပ်မျိုး များစွာတွေ့ရပါသည်။ မိမိအိမ်ခြံဝင်းရှေ့ အများပိုင် လမ်းမြေတွင် ဈေးဆိုင်ဆောက်ခြင်း၊ အဖီချ၍နေထိုင်ခြင်း၊ ကားရပ်နေရာ ပြုလုပ်ခြင်း၊ အခိုင်အမာကာရံ၍ ပန်းခြံပြုလုပ်ခြင်း၊ နောက်ဖေးလမ်းကြား မြေနေရာကို ခြံခတ်၍ မိမိပိုင်ပြုလုပ်ခြင်း၊ အဆောက်အအုံ အခိုင်အမာဆောက်လုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို ရန်ကုန်မြို့တွင်းရှိ မြို့နယ်များ၊ လူနေ ရပ်ကွက်များတို့တွင် နေရာအနှံ့ တွေ့နိုင်ပါသည်။ ထိုသို့ပြုလုပ်မှုများကြောင့် ကားများ သွားလာရန်၊ ကျော်တက်ရန် အခက်အခဲရှိခြင်း၊ မီးသတ်ကားများ မဝင်နိုင်ခြင်း၊ အမှိုက်သိမ်းရန် ခက်ခဲခြင်း၊ လေဝင်လေထွက် မကောင်းခြင်း စသည့် ဆိုးကျိုးနှင့် ဘေးအန္တရာယ်များကို အများပြည်သူတို့ ခံစားရပါသည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော လိုင်းကားများ၊ တက္ကစီကားများ၊ ကိုယ်ပိုင်ကားများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများကတော့ ပြော၍ကုန်မည်မဟုတ်ပါ။ အတော်များများလည်း ရေးကြပြောကြပါသည်။ ဒါလည်း ထူးခြားမှုရှိမလာပါ။ မီးနီကို ဖြတ်မောင်းတုန်း၊ လမ်းဘေးချမရပ်ဘဲ လမ်းပေါ်တွင် နှစ်ထပ်ရပ်နေတုန်း၊ ခရီးသည်ကို လူမထင်ဘဲ အပြိုင်မောင်းနေတုန်း၊ ရှေ့က တန်းစီထားသော ကားများကို အားမနာဘဲ၊ ဂရုမစိုက်ဘဲ ဆန့်ကျင်ဘက် ယာဉ်ကြောမှကျော်တက်ပြီး ရှေ့တွင်ဖြတ်၍ ခေါင်းထိုးဝင်တုန်းပင်ဖြစ်ပါသည်။ ကားတိုက်ခံရခြင်းကြောင့် ကျိုးပဲ့သေကြေရသော ပြည်သူများ၊ ယာဉ်တိမ်းမှောက်၍ ဆုံးပါးဒုက္ခရောက်ကြရသော ပြည်သူတွေ များပြားလာပါသည်။ သွားပြီးပြောမိ၊ ကန့်ကွက်မိလျှင် ကားဒရိုင်ဘာ၊ စပယ်ယာသုံးလေးယောက်က သံတုတ်များကိုင်ပြီး ဆင်းလာ၍ ရန်မူပါတော့သည်။ သာမန်ပြည်သူ မပြောနှင့်၊ ရဲတပ်ဖွဲ့ဝင်များပင် အထိုးအကြိတ်ခံရ၊ သံတုတ်နှင့် အရိုက်ခံရသော အခြေအနေဖြစ်သည်။

ဤသို့ ဘာကြောင့် ဖြစ်ပေါ်နေရပါသနည်း။ ပထမဆုံးအချက်မှာ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၏ မှန်ကန်မှုနှင့် သဘာဝကျမှုဖြစ်ပါသည်။ လူအများ သွားနေကျ၊ ဖြတ်လမ်းနေရာ၊ ကျော်ဖြတ်ရန်ကောင်းသောနေရာများတွင် မြက်ခင်းစိုက်ပြီး မြက်ခင်းပေါ် ဖြတ်မလျှောက်ရဟု စည်းကမ်းထုတ်လျှင် လိုက်နာမည့်သူ နည်းပါလိမ့်မည်။ ဖြတ်လျှောက်ကြမည်သာဖြစ်ပါသည်။ လူအများ မလိုက်နာနိုင်သော စည်းမျဉ်းစည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ပြန်ခြင်းသည် လူအများကို စည်းကမ်းဖောက်ဖျက်ရန် အားပေးခြင်းဖြစ်သည်ဟု ဆိုစကားရှိပါသည်။ မြက်ခင်းပေါ် ဖြတ်လျှောက်ခြင်းမှာ ထုတ်ပြန်သော စည်းကမ်းက သဘာဝမကျသောကြောင့် ဖြစ်ပါသည်။ လမ်းမကြီးများပေါ် ကားမရပ်ရဆိုလျှင် ကားရပ်ရန် သင့်လျော်ကောင်းမွန်သော ရပ်နားရန် နေရာပေးရပါမည်။ မသင့်လျော်သော နေရာပေးလျှင် မည်သည့်ကားမှ ရပ်မည်မဟုတ်ပါ။ လမ်းမကြီးပေါ်တွင်သာ ရပ်ပါလိမ့်မည်။

ဒုတိယအချက်မှာ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းဥပဒေများအတွက် ထိန်းသိမ်းကြပ်မတ်မှုနှင့် အရေးယူမှုဖြစ်ပါသည်။ လူသတ်လျှင် သေဒဏ်ကျမည်၊ ကျွန်းကျမည်ဆိုလျှင် လူမသတ်ရဲကြတော့ပါ။ လူသတ်သည်။ သို့ရာတွင် ဖမ်းလည်း မဖမ်း၊ မိလည်း မမိဆိုလျှင် လူသတ်ဖို့ ဝန်လေးကြမည်မဟုတ်ပါ။ အိမ်ရှေ့လမ်း၊ နောက်ဖေးလမ်းကြားကျူးကျော်သည့်ကိစ္စများ စည်ပင်နှင့်ဆိုင်လျှင် စည်ပင်က အရေးယူရမည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိစ္စ ယာဉ်ထိန်းက အရေးယူရပေမည်။ ရာဇဝတ်မှုကိစ္စ နယ်မြေရဲများက အရေးယူရမည်။ အုပ်ချုပ်ရေးအဖွဲ့များက အရေးယူအောင်၊ အရေးယူရဲအောင် စိစစ်ကြပ်မတ်ရမည်။ ဝေဖန်စကားများ ကြားရသည်။ 'ဘယ်ဖမ်းမလဲ။ လူမှန်းခံရမှာပေါ့။ ပိုက်ဆံယူလိုက်တာက အရသာရှိတယ်။ အဆင်ပြေတယ်လေ'ဟု ဖြစ်ပါသည်။ ရင်လေးစရာကောင်းသော စကားဖြစ်ပါသည်။ တတိယအချက်မှာ ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းဖြစ်ပါသည်။ ဤအချက်ကို ဂရုမစိုက်လျှင် အပ်နှင့် ထွင်းရမည့်ကိစ္စ ပေါက်ဆိန်နှင့် ပေါက်ရတတ်ပါသည်။ အောက်က လုပ်လိုက်သည့်ကိစ္စ အထက်က ရှင်းရပါတော့မည်။ (၁၁၅) မိုင် ယာဉ်ရပ်နားစခန်းမှ ဒေသခံ ဈေးရောင်းသည့် ဆိုင်များကိစ္စတွင် ယာဉ်ရပ်နားစခန်းသည် အဝေးပြေးလမ်းမကြီး၏ အင်္ဂါရပ်နှင့်အညီ ပြုလုပ်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မူလကတည်းက feel ကဲ့သို့သော လိုင်စင်ရ ဆိုင်ကြီး လေးငါးဆြောက်ဆိုင်

www.burmeseclassic.com



သာ ဖွင့်ခွင့်၊ ရောင်းခွင့်ပြုထားသည်။ ထို့နောက် ကားရပ်သည့်နေရာများတွင် ဒေသခံများက မုန့်ဆိုင်လေး တစ်ဆိုင်၊ နှစ်ဆိုင် တဲထိုး၍ လာဖွင့်သည်။ နောက် လေး၊ ငါး၊ ဆယ်ဆိုင်ဖြစ်လာသည်။ နောက်ကျတော့ ဆိုင်ပေါင်းရာချီသွားသည်။ ဒီအချိန်ကျမှ ဆိုင်တွေ ဖျက်၊ ဒီနေရာမှာ မရောင်းရတဲ့။ အေးချမ်းစွာ ပြီးပြေသွား၍ တော်သေးသည် ဆိုရပေမည်။ မူလ လေးငါးဆိုင်လောက်ကတည်းက ဘာလို့မရှင်းသလဲ။ မရှိးသားတာလား။ မလုပ်ရဲတာလား။ ဤကိစ္စမှာ ပြဿနာကြီးပေါ်မလာအောင် ကြိုတင်ထိန်းသိမ်းကာကွယ်ရမည့်ကိစ္စဖြစ်ပါသည်။

စတုတ္ထအချက်မှာ ထိရောက်လုံလောက်သော အပြစ်ပေး အရေးယူမှုဖြစ်ပါသည်။ ကားတိုက်၍ လူသေသွားသည့်ကိစ္စတွင် ထောင်ဒဏ် တစ်နှစ်ပဲကျသည်ဆိုလျှင် လုံလောက်သော ပြစ်ဒဏ်ဖြစ်ပါသလားဟု စဉ်းစားသင့်ပါပြီ။ အချို့ ဥပဒေပါ ဒဏ်ငွေတွေက ပြင်ဖို့ကောင်းပါပြီ။ ဒဏ်ငွေ(၂၀၀)ကျပ်၊ ဒဏ်ငွေ (၁၀၀၀)ကျပ်ဆိုသည်မှာ အင်္ဂလိပ်ခေတ်က ဖြစ်ပါသည်။ ထိုစဉ်တုန်းက ရွှေဈေးနှင့်ဆိုလျှင် ရွှေလေးငါးကျပ်သား၊ တစ်ဆယ်သားခန့်တန်ဖိုးရှိသော ငွေပမာဏဖြစ်ပါသည်။

ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံး၍ ဒီမိုကရေစီနိုင်ငံတော်သို့ ရေ့ရှုသွားနေချိန်တွင် ပြည်သူများက ပြည်သူများအတွက် ပြည်သူ့ဆန္ဒနှင့် ကိုက်ညီအောင် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို ထိန်းသိမ်းလိုက်နာ ကျင့်သုံးသွားကြရန် လိုအပ်ပါသည်။ အုပ်ချုပ်သူများမှလည်း ပြည်သူများအတွက် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူအများ လိုက်နာနိုင်သော စည်းမျဉ်း၊ စည်းကမ်းဥပဒေများကိုသာ ထုတ်ပြန်ထိန်းသိမ်း၊ ပြုပြင်ဆောင်ရွက်သွားသင့်ပါကြောင်း။

*၂၀၁၃၊ နိုဝင်ဘာ၊ ဘဝသစ်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



# ဒီမိုကရေစီနိုင်ငံသစ်ဆီသို့

ဒီဇင်ဘာလသည် ကမ္ဘာသုံး ပြက္ခဒိန်နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်း အစုအဖွဲ့၊ တစ်ခုချင်း၊ နိုင်ငံတစ်နိုင်ငံချင်း အနေဖြင့် တစ်နှစ်တာကာလပတ်လုံး လုပ်ဆောင်ခဲ့မှု၊ ဖြစ်ပျက်ခဲ့မှုအခြေအနေ၏ အကြောင်းတရားများပေါ်မှ ရရှိခဲ့သည့်အကျိုးရလဒ်ဖြစ်ပေါ်ခဲ့သည့် အကောင်း၊ အဆိုးတို့ကို စာရင်းချုပ်ရမည့်လ၊ သုံးသပ်ရမည့်လ၊ နောက်နှစ်သစ်အတွက် ပြင်ဆင်ရမည့်လဟု ဆိုနိုင်ပါသည်။

လူတိုင်းလူတိုင်းသည် တစ်နေ့တာကာလပတ်လုံး ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ပြုမူဆောင်ရွက်ချက်များဖြင့် လှုပ်ရှားရုန်းကန်ခဲ့ကြပြီးနောက် ညအိပ်ရာဝင်ခါနီးအချိန်တွင် နဖူးပေါ် လက်တင်၍ တစ်နေ့တာလှုပ်ရှားဆောင်ရွက်ခဲ့မှုများကို သုံးသပ်ဆင်ခြင်ကြရပါသည်။ မိမိ၏ တစ်နေ့တာ ပြုမူဆောင်ရွက်ချက်များကြောင့် ဥစ္စာရခဲ့သလား၊ ပညာရခဲ့သလား၊ ကုသိုလ်ရခဲ့သလားဟု ဆင်ခြင်သုံးသပ်ကြရပါသည်။ ထိုသုံးမျိုး တစ်ခုမှ မရခဲ့ဟုဆိုလျှင် ထိုသူအဖို့ ထိုတစ်နေ့တာ အသက်ရှင်ခဲ့ခြင်းသည် အချည်းနှီး၊ အကျိုးမရှိသော ရှင်သန်ခြင်းသာဖြစ်သည်ဟု သုံးသပ်ကြရသည်။





လူတစ်ဦးတစ်ယောက်အတွက် တစ်နှစ်တာကာလလုံးဆိုလျှင် သုံးသပ်ဆင်ခြင်စရာအကြောင်းအရာ လွန်စွာ များပေတော့မည်။ လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် တစ်နှစ်တာကာလအတွင်း ပြုလုပ်ခဲ့သည့် ကြုံတွေ့ခဲ့ရသည့် ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်အကျိုးရလဒ်၊ အရှုံးအမြတ်၊ ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ပြန်လည်ဆင်ခြင်စဉ်းစားသုံးသပ်ကြရပေမည်။ သို့မှသာ လာမည့် နှစ်သစ်ကို ကောင်းမြတ်သော စိတ်ထား၊ အကြံအစည်ကောင်း၊ အစီအမံကောင်း ထက်သန်တက်ကြွသော လုံ့လ၊ ဝီရိယအင်အားများဖြင့် မင်္ဂလာရှိစွာ ကြိုဆိုနိုင်ပါပေလိမ့်မည်။

လူတစ်ယောက်ချင်းစီအတွက် ဤမျှဆိုလျှင် နိုင်ငံတော်တစ်ရပ်လုံးအတွက်ဆိုလျှင် ပြောဖွယ်ရာ မရှိတော့ပါ။ စဉ်းစားဆင်ခြင် သုံးသပ်စရာအကြောင်းတရား၊ အကျိုးတရားတွေ များပြားစွာရှိပါပေလိမ့်မည်။ ဤနေရာ၌ အရေးကြီးသည်မှာ နိုင်ငံတော်နှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်သုံးသပ်ရာ၌ အရှိအတိုင်း၊ ပကတိအတိုင်းမြင်အောင် အဂတိတရားလေးပါး မပါ၊ ဆန္ဒစွဲကင်းကင်းဖြင့် ရှုမြင်နိုင်ကြရန် လိုအပ်ပါသည်။ အကောင်းမြင်ခြင်း၊ မကောင်းမြင်ခြင်းတို့မှ ကင်းရန်လိုပါသည်။ သို့မှသာ အမှန်တရားကို ရှုမြင်ရရှိနိုင်မည်ဖြစ်ပြီး မှန်ကန်စွာ သုံးသပ် ဆုံးဖြတ်ကာ၊ လာမည့်နှစ်သစ်အတွက် မှန်ကန်သော လုပ်ရပ်များကို ဆောင်ကြဉ်းနိုင်ပါပေလိမ့်မည်။ နိုင်ငံတော်၏ တစ်နှစ်တာကာလအတွင်း အစိုးရအဖွဲ့နှင့် ပြည်သူလူထုတို့၏ တိုးတက်ပြောင်းလဲ ဆောင်ရွက်မှုများ၊ အရွေ့များကို အားမလိုအားမရဖြစ်သူ၊ ဝေဖန်သူတွေ များစွာရှိပါသည်။ ထိုသူတွေကိုလည်း အပြစ်တင်ရန် အကြောင်းမရှိပါ။ ပြုမူဆောင်ရွက်မှုများအပေါ်တွင် ကျေနပ်အားရသူများ၊ မကျေနပ်၊ အားမရသူများ ရှိကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီမဟုတ်သော အုပ်ချုပ်မှုပုံစံတစ်ခုမှ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးသော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးတစ်ယောက်အတွက် တစ်နှစ်တာကာလလုံးဆိုလျှင် သုံးသပ်ဆင်ခြင်စရာအကြောင်းအရာ လွန်စွာ များပေတော့မည်။ လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် တစ်နှစ်တာကာလအတွင်း ပြုလုပ်ခဲ့သည့် ကြုံတွေ့ခဲ့ရသည့် ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်အကျိုးရလဒ်၊ အရှုံးအမြတ်၊ ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ပြန်လည်ဆင်ခြင်စဉ်းစားသုံးသပ်ကြရပေမည်။ သို့မှသာ လာမည့် နှစ်သစ်ကို ကောင်းမြတ်သော စိတ်ထား၊ အကြံအစည်ကောင်း၊ အစီအမံကောင်း ထက်သန်တက်ကြွသော လုံ့လ၊ ဝီရိယအင်အားများဖြင့် မင်္ဂလာရှိစွာ ကြိုဆိုနိုင်ပါပေလိမ့်မည်။

လူတစ်ယောက်ချင်းစီအတွက် ဤမျှဆိုလျှင် နိုင်ငံတော်တစ်ရပ်လုံးအတွက်ဆိုလျှင် ပြောဖွယ်ရာ မရှိတော့ပါ။ စဉ်းစားဆင်ခြင် သုံးသပ်စရာအကြောင်းတရား၊ အကျိုးတရားတွေ များပြားစွာရှိပါပေလိမ့်မည်။ ဤနေရာ၌ အရေးကြီးသည်မှာ နိုင်ငံတော်နှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်သုံးသပ်ရာ၌ အရှိအတိုင်း၊ ပကတိအတိုင်းမြင်အောင် အဂတိတရားလေးပါးမပါ၊ ဆန္ဒစွဲကင်းကင်းဖြင့် ရှုမြင်နိုင်ကြရန် လိုအပ်ပါသည်။ အကောင်းမြင်ခြင်း၊ မကောင်းမြင်ခြင်းတို့မှ ကင်းရန်လိုပါသည်။ သို့မှသာ အမှန်တရားကို ရှုမြင်ရရှိနိုင်မည်ဖြစ်ပြီး မှန်ကန်စွာ သုံးသပ် ဆုံးဖြတ်ကာ၊ လာမည့်နှစ်သစ်အတွက် မှန်ကန်သော လုပ်ရပ်များကို ဆောင်ကြဉ်းနိုင်ပါပေလိမ့်မည်။ နိုင်ငံတော်၏ တစ်နှစ်တာကာလအတွင်း အစိုးရအဖွဲ့နှင့် ပြည်သူလူထုတို့၏ တိုးတက်ပြောင်းလဲ ဆောင်ရွက်မှုများ၊ အရွေ့များကို အားမလိုအားမရဖြစ်သူ၊ ဝေဖန်သူတွေ များစွာရှိပါသည်။ ထိုသူတွေကိုလည်း အပြစ်တင်ရန် အကြောင်းမရှိပါ။ ပြုမူဆောင်ရွက်မှုများအပေါ်တွင် ကျေနပ်အားရသူများ၊ မကျေနပ်၊ အားမရသူများ ရှိကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီမဟုတ်သော အုပ်ချုပ်မှုပုံစံတစ်ခုမှ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးသော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်စုနှစ်နှင့် ချီ၍ ကြာမြင့်နိုင်ကြောင်း၊ နိုင်ငံရေးပညာရှင်တို့က ပြောဆိုခဲ့ကြပြီးဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးမှုကို မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်နိုင်ပြီး ဒီမိုကရေစီ ရင့်ကျက်မှုရှိရန် အချိန်ပေးရပါလိမ့်မည်။ ပြည်သူလူထုအတွင်း အဖွဲ့အစည်းများ အားကောင်းလာရန် လိုအပ်ပါသည်။ ပြည်သူလူထု၏ အသိပညာနှင့် စွမ်းရည်မြင့်မားမှုအတွက် ပညာပေး လေ့ကျင့်တည်ဆောက်မှုများပြုလုပ်ရန် များစွာအရေးကြီးပါသည်။ အဓိကမှာ တစ်ဦးနှင့်တစ်ဦး အပြစ်မြင်ခြင်း၊ အပြစ်တင်ခြင်းမှ ရှောင်ရှားပြီး နိုင်ငံတော်၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်၍ လာမည့်နှစ်သစ်အတွက် ညီညွတ်သော စုပေါင်းစွမ်းအားဖြင့် အားသစ်၊ အင်သစ်၊ စိတ်သစ်၊ လူသစ်၊ ကောင်းသော အစီအမံသစ်များဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ချီတက်မှုလမ်းကြောင်းကို မတိမ်းမစောင်း၊ မများမယွင်း မသွေဖည်ဘဲ မှန်ကန်စွာ ရှေ့ရှု ချီတက်သွားနိုင်ကြရန်ဖြစ်ပါကြောင်း . . .။

*၂၀၁၃၊ ဒီဇင်ဘာ၊ ဘဝသစ်မဂ္ဂဇင်း*

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

# ရေးခဲ့မိသော အတွေးများ

(၁) ပြည်သူ့ကဏ္ဍ ဦးစားပေး
(၂) တိုင်းရင်းသားများအတွက် စီးပွားရေး
(၃) စတုတ္ထမဏ္ဍိုင်
(၄) စည်းလုံးညီညွတ်သော စတုတ္ထမဏ္ဍိုင်
(၅) စတုတ္ထမဏ္ဍိုင်နှင့် ရှုထောင့်
(၆) စတုတ္ထမဏ္ဍိုင်၏ အစွန်းထွက်
(၇) လူတော် လူကောင်း
(၈) ဘယ်ဟာ ဦးစားပေးမလဲ
(၉) ပညာတတ်ဖို့ လိုပါသည်
(၁၀) ကိုယ်ခံအားနည်းနေသော အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ

www.burmeseclassic.com

www.burmeseclassic.com



၄

# ပြည်သူ့ကဏ္ဍာ ဦးစားပေး

တရုတ်ပြည်၊ ယူနန်နယ်သို့ ရောက်စဉ် အများပြည်သူစီးသော ဘတ်စ်ကားများနှင့် ပတ်သက်၍ တစေ့တစောင်း သိခွင့်ရခဲ့ပါသည်။ ဘတ်စ်ကား တစ်စီးလွတ်သွား၍ စိတ်ပူရန် မလိုပါ။ ဆက်တိုက်ဆိုသလိုပင် နောက်တစ်စီး ထပ်ရောက်လာပါသည်။ မိမိစီးသွားသော လက်မှတ်ဖြင့် တစ်နာရီအတွင်း ပြန်စီးခွင့်ရှိပါသည်။ ဖုန်းကတ်ဝယ်သလိုပင် ကားစီးလက်မှတ်ကို မိမိတတ်နိုင်သလောက် ယွမ် (၁၀၀၊ ၁၅၀) စသည်ဖြင့် ဝယ်ယူထား၍လည်း စီးနိုင်ပါသည်။ မိမိစီးသလောက် ဖြတ်တောက်သွားပါသည်။ ကုန်ခါနီးလျှင် ပိုက်ဆံထပ်သွင်းပြီး ဆက်စီးနိုင်ပါသည်။ ဆွစ်ဇာလန်သို့ ရောက်သည့်အခါ တည်းခိုသည့် ဟိုတယ်မှ ရထားလက်မှတ်၊ ကားလက်မှတ်များ ထုတ်ပေးပါသည်။ ၎င်းအတွက် ငွေထပ်ပေးရန်မလိုပါ။ ၎င်းလက်မှတ်ဖြင့် အခမဲ့ စီးခွင့်ရှိပါသည်။ အများပြည်သူသုံးသည့် ယာဉ်ရထားကို သုံးစွဲစေရန် အားပေးခြင်းဖြစ်ပါသည်။

ယနေ့ဖြစ်ပေါ်လာသော အစိုးရအဖွဲ့အသစ်သည် ပြည်သူအများစု၏ မဲဆန္ဒဖြင့် အနိုင်ရခဲ့သော ပါတီမှ ဦးဆောင်ဖွဲ့စည်းခဲ့သော အစိုးရဖြစ်ပါသည်။ မည်သို့ဆိုစေ၊ ပြည်သူလူထုက ပြောင်းလဲဖြစ်ပေါ်လာသော အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပေါ်တွင် များစွာမျှော်လင့် အားထားကြပါသည်။ အစိုးရအဖွဲ့သစ်သည် အုပ်ချုပ်မှုအတွေ့အကြုံရှိပြီးသူများနှင့် လူသစ်များ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် ခိုင်ခိုင်မာမာရပ်တည်ပြီး ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အစိုးရအဖွဲ့ဖြစ်ပါသည်၊ အဟောင်း၊ အသစ် လက်တွဲလုပ်ကိုင်သွားကြရင်း နောင်ငါးနှစ်၊ ငါးနှစ်များတွင် ပိုမိုစနစ်ကျ တိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ရပါသည်။

ပြည်သူအများစု၏ မဲဆန္ဒဖြင့် တက်လာခြင်းဖြစ်၍ အလွှာတစ်ခု၊ အတန်းအစားတစ်ခုထက် ပြည်သူအများစုအကျိုးကို ရှေးရှုဆောင်ရွက်ကြမည်ဟု ယုံကြည်ရပါသည်။ စားသုံးဆီတင်ပို့ခြင်းမျိုးတွင် တစ်စု၊ တစ်ဖွဲ့တည်းကို ခွင့်ပြုထားခြင်းအစား ကုမ္ပဏီနှင့် အစုအဖွဲ့များကို လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းမျိုးမှာ ဝမ်းမြောက်ကြိုဆိုရမည်ဖြစ်ပါသည်။ ပြည်သူအများစုနှင့်ဆိုင်သောကိစ္စရပ်များ၊ ဥပမာ–ပို့ဆောင်ရေးကဏ္ဍမျိုးတွင် မော်တော်ယာဉ်၊ ရထား၊ သင်္ဘော စသည်တို့၌ ပြည်သူများ အဆင့်မီ သက်သာချောင်ချိစွာ သုံးစွဲနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ နိုင်လွန်ကတ္တရာလမ်းမကြီးများပေါ်တွင် ကိုယ်ပိုင် ဇိမ်ခံကားကြီးများ ပြည့်နေခြင်းထက် အများပြည်သူသုံး ယာဉ်၊ ရထားများ အဆက်မပြတ်ရှိနေခြင်းက ပိုမိုလိုအပ်ပါသည်။ ကောင်းသော ပြယုဂ်လည်းဖြစ်ပါသည်။ အစိုးရအဖွဲ့သစ်တွေ့ကြုံနိုင်သော အခက်အခဲမှာ အောက်ခြေမှ အဖြစ်မှန်ကို အပေါ်က မသိအောင် ဖုံးဖိထားခြင်းများ၊ သနပ်ခါးလိမ်းခြင်းများ ဖြစ်ပါသည်။ သို့ဖြစ်ရာ ဝန်ထမ်းများနှင့် ပြည်သူများဘက်ကလည်း အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း အစိုးရအဖွဲ့သစ်နှင့်အတူ ရိုးသားစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

၂၀၁၁၊ ဩဂုတ်၊ နေရသိန်းနိုင်ဇင်း

★★★

www.burmeseclassic.com

www.burmeseclassic.com



## တိုင်းရင်းသားများအတွက် စီးပွားရေး

ငြိမ်းချမ်းရေးရယူထားသော ဝါရင့်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံရာတွင် 'ခုခေတ်က ဘာစနစ်၊ ညာစနစ်တွေ မဟုတ်တော့ဘူးဗျ၊ တော်လှန်ရေးတွေ ဘာတွေလည်း မလိုပါဘူး၊ အဓိက,က စီးပွားရေးပဲ၊ တိုင်းပြည်စီးပွားရေးကောင်းဖို့ပဲ၊ လူတိုင်းကို ချမ်းသာအောင် သူ့အဆင့်နဲ့သူ လုံလောက်တဲ့ ဝင်ငွေနဲ့၊ အိမ်နဲ့ ကားနဲ့ ဒီလိုနေနိုင်အောင်လုပ်ပေးရင် ဒါ တိုင်းပြည်အေးချမ်းမှာပဲ၊ အားလုံးစည်းလုံးညီညွတ်နေမှာပဲ' ဟု ပြောသံ ကြားခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ကို ဟစ်တလာ စတင်တိုက်ခိုက်ခဲ့ခြင်း၊ အမေရိကန်က အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ ယနေ့ တောင်တရုတ် ပင်လယ်မှ စပက်တလေကျွန်းစုများအတွက် တရုတ်နှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား ဘရူးနိုင်းနိုင်ငံများ အငြင်းပွားနေခြင်း စသည်တို့သည် တိုင်းပြည်စီးပွားရေးကြောင့်ဖြစ်ရသော ပြဿနာများပင်ဖြစ်ပါသည်။ ယနေ့ ကာလတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးမှာ စီးပွားရေးပင်ဖြစ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးတည်ငြိမ်မှုသည် စီးပွားရေးပေါ်တွင်လည်း မှီတည်နေပါသည်။ မင်းကျင့်တရား ဆယ်ပါးထဲတွင် 'ပြည့်ဝမ်းကိုလည်း မဖောက်ရာ' ဟူသော ကျင့်ဝတ်တစ်ပါးပါ,ပါသည်။ ပြည့်ဝမ်းနှင့်တူသော သူဌေးကြီးများ၏ ပိုင်ဆိုင်မှုများကို မဖျက်ဆီးရန်၊ မပျက်စီးစေရန်ဖြစ်ပါသည်။ ယနေ့ခေတ် အနေနှင့်ဆိုလျှင် သူဌေးကြီးများသည်လည်း တိုင်းပြည်အတွက် စီးပွားရေး စစ်မျက်နှာတွင် တိုက်ပွဲဝင်နေကြသော စစ်သူကြီးများပင် ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားသူဌေးကြီးများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများကို နိုင်ငံတော်မှမွေးထုတ်ပြီး မြေတောင်မြှောက် ထိန်းကျောင်းသွားရန် လိုအပ် ပါသည်။ ပါမစ်စီးပွားရေးဖြင့် မြေတောင်မြှောက်ခြင်း၊ လက်ဝါးကြီးအုပ် စီးပွားရေးဖြင့် ပံ့ပိုးကူညီခြင်းတို့သည် ရေရှည်ခံနိုင်မည်မဟုတ်ပါ။ စီးပွားရေး ကို အမှန်တကယ် တတ်ကျွမ်းနားလည်ပြီး လုပ်ကိုင်နိုင်သော လုပ်ငန်းရှင် သူဌေးကြီးများဖြစ်ကြရန် လိုပါသည်။

အရေးကြီးသော အချက်တစ်ချက်ရှိပါသည်။ နိုင်ငံတော်ကလည်း ၎င်းအချက်ကို ကြို့မြင်၍ စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် ထည့်သွင်း ထားပါသည်။ ၎င်းဦးတည်ချက်မှာ '**နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံး ကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး**' ဖြစ်ပါသည်။

ယခင်အခါများက ပွဲကြီးလမ်းကြီး အခမ်းအနားကြီးများတွင် အရေးပါ သူများ၏ နံဘေး၌ တိုင်းရင်းသားမဟုတ်သော လုပ်ငန်းရှင်များ၊ သူဌေးကြီး များကို တွေ့ရပါသည်။ အစိုးရဌာနများနှင့် ပတ်သက်သော လုပ်ငန်းလိုင်စင်၊ လုပ်ငန်းကန်ထရိုက်၊ လုပ်ပိုင်ခွင့် စသည်များကိုလည်း ၎င်းတို့ ပါရလေ့၊ လုပ်လေ့ရှိကြပါသည်။ အဆိုပါ တိုင်းရင်းသားမဟုတ်သော စီးပွားရေးသမား များသည် 'ပေးကမ်းခြင်းသည် အောင်မြင်ရာ၏' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုထားကြသူများ ဖြစ်ပါသည်။ အပေးအကမ်းလည်း ရက်ရောကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ၎င်းတို့အတွက်မှာ ငွေကြေးအရ အမြတ်နည်းသော်လည်း လူရာဝင်ခြင်း၊ သူကောင်းပြုခံရခြင်းတို့သည်လည်း ကြီးမားသော အကျိုးအမြတ်များဖြစ်ပါသည်။

တိုင်းရင်းသားခေါင်းဆောင်ကြီး ပြောသည့်အတိုင်း နိုင်ငံတော်အတွက် စီးပွားရေးသည် အရေးကြီးကြောင်း အငြင်းပွားဖွယ်မရှိပါ။ သို့ရာတွင် နိုင်ငံတော်၏ စီးပွားရေးနှင့် ပတ်သက်ပြီး မှန်ကန်သော မူဝါဒလမ်းညွှန်မှု၊ ထိန်းကျောင်းမှုများ လိုအပ်ပါသည်။ ၎င်းတို့သည် အမှန်တကယ် အသက်ဝင်ပြီး အကောင်အထည်ပေါ်ရန်လည်း လိုပါသည်။ ထိပ်ဆုံးအဆင့်မှ အောက်ဆုံးအဆင့်ထိ ပြည်သူလူထုကပါ လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်ပါသည်။

*၂၀၁၁၊ စက်တင်ဘာ၊ နရသိန်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



# စတုတ္ထမဏ္ဍိုင်

'စတုတ္ထမဏ္ဍိုင်'ဟူသောအသံသည် အတော်ကျယ်လောင်လာပါသည်။ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတည်းဟူသော မဏ္ဍိုင်ကြီး သုံးရပ်တည့်မတ်ရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းမဏ္ဍိုင် က တည့်မတ်ပေးရသည်ဟု ဆိုသည်။ ယနေ့ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲ မှုဖြစ်စဉ်တွင် စတုတ္ထမဏ္ဍိုင်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် နေပြီဟုလည်း ဆိုကြသည်။ စတုတ္ထမဏ္ဍိုင်သည် ပြည်သူ့အသံ၊ ပြည်သူ့ ဆန္ဒ၊ ပြည်သူ့သဘောထားပင် ဖြစ်သည်ဟု သတ်မှတ်၍ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ရလိုကြသည်။ စာပေစာနယ်ဇင်း လွတ်လပ်ခွင့်အတွက် တောင်းဆိုမှုများ၊ ရေးသားပြောဆိုမှုများ များပြားလာသည်။

ပြည်ထောင်စုဝန်ကြီးအဆင့်မှပင် စာနယ်ဇင်းလွတ်လပ်ခြင်းသည် ဒီမိုကရေစီပင်ဖြစ်ပြီး စာနယ်ဇင်းလွတ်လပ်ခွင့်မရှိပါက ဒီမိုကရေစီမရှိဟု ဆိုနိုင်ကြောင်း၊ အုပ်ချုပ်သူ အစိုးရပင်ဖြစ်စေကာမူ၊ မဟုတ်တာ လုပ်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်နေလျှင် စာနယ်ဇင်းများမှ ကန့်ကွက်ပြောဆိုနိုင်ခွင့် ရှိသင့်ကြောင်း ပြောနေပြီဖြစ်ပါသည်။ ယခုလိုအချိန်အခါမျိုးတွင် စတုတ္ထမဏ္ဍိုင်၏ တာဝန်ကြီးမားမှုကို အလေးအနက် သတိပြုဆင်ခြင်ကြရပါမည်။ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတည်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်ကို စတုတ္ထမဏ္ဍိုင်က စောင့်ကြည့် တည့်မတ်ပေးရမည်ဟု ဆိုသောအခါ စတုတ္ထမဏ္ဍိုင်၏ တာဝန်ကြီးမားလေးလံမှုက နှိုင်းဆမပြနိုင်လောက်အောင်ဖြစ်ပါသည်။ သို့သော် အချို့စာပေနယ်သားများက တာဝန်ကြီးမားမှု၊ လေးလံမှုကို သတိပြုမိပုံမပေါ်ပါ။ တစ်သက်လုံး မလွတ်လပ်ခဲ့သမျှ ကလောင်ဖွင့်၍ အားပါးတရရေးကြ၊ ပြောနေကြပါသည်။

အမှန်စင်စစ်တွင် တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဟူသော မဏ္ဍိုင်ကြီးသုံးရပ်၌ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေသူများသည် စနစ်တကျဖွဲ့စည်းထားသူများ၊ လေ့ကျင့်ပေးထားသူများ၊ အသိဉာဏ်၊ ပညာမြင့်မားသူများ၊ အတွေ့အကြုံရင့်ကျက်သူများဖြစ်ကြပါသည်။ ဤသည်တို့ကို ထောက်ပြ၊ ဝေဖန်ပြောကြား၊ ရေးသားကြမည့် စတုတ္ထမဏ္ဍိုင်သားများမှာ မိမိတို့၏ အခြေအနေကို အရှိအတိုင်း၊ အမှန်အတိုင်းမြင်အောင် ကြည့်နိုင်ကြဖို့ လိုပါသည်။

ယခုအခါ နိုင်ငံတော်၏ အပြောင်းအလဲနှင့်အတူ ဒီမိုကရေစီ ဒီရေတက်မှု မြင့်မားလျက်ရှိပါသည်။ ဤအခြေအနေမျိုးတွင် စာပေနယ်သည် စာပေနယ်သားစစ်စစ်များဖြင့် စနစ်တကျ၊ စည်းကမ်းတကျ ကျစ်ကျစ်လျစ်လျစ်ရှိရန် လိုပါသည်။ နိုင်ငံချစ်သူများ၊ စိတ်ရင်းစေတနာမှန်သူများ၊ အရည်အချင်းရှိသူများ၊ စည်းစနစ်ရှိသူများ၊ စတုတ္ထမဏ္ဍိုင်၏ တာဝန်ကို အမှန်တကယ်ကျေပွန်စွာ ဆောင်ရွက်လိုသူများဖြစ်ရန်လိုပါသည်။ တာဝန်မှ မထမ်းဆောင်ကြရသေးခင် အခွင့်အရေးအတွက် စကားလက်ခမောင်း၍

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုမှုများ ကြားသိနေရပါသည်။ စာပေ၊ စာနယ်ဇင်းအဝန်းအဝိုင်း အတွင်းသို့ ခါတော်မီ ထိုးဖောက်ရောက်ရှိရန် နည်းမျိုးစုံသုံး၍ ဆောင်ရွက်မှုများလည်း ရှိနေပါသည်။ စတုတ္ထမဏ္ဍိုင်သည် အခြားမဏ္ဍိုင်ကြီးများကို တည့်မတ်ပေးဖို့ ဆောင်ရွက်နေစဉ်မှာပင် မိမိကိုယ်ကိုလည်း ကိုယ်ခံစွမ်းအား ကောင်းအောင် ကြိုးစားကြရပေဦးမည်။

*၂၀၁၂၊ မတ်လ၊ နေပြည်တော်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



# စည်းလုံးညီညွတ်သော စာတွက်ထွာမကျိုင်

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို မြန်မာနိုင်ငံစာရေးဆရာများ အသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများအသင်းဟူ၍ ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရပါသည်။ ပွင့်လင်းလွတ်လပ်စ ခေတ်သစ်၏ ပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာမည့် အဖွဲ့အစည်းများကို ကြိုဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် လူပုဂ္ဂိုလ်တစ်စုကလည်း မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂဟု ဖွဲ့စည်းရန်အတွက် လှုပ်ရှားစိုင်းပြင်းနေသည်ကို ကြားသိနေရပြန်သည်။ ကဗျာဆရာများလည်း အဖွဲ့သတ်သတ် ဖွဲ့စည်းပြီးသွားပြီဟု သိရပါသည်။ စာရေးဆရာများ၊ သတင်းစာဆရာများ၊ ကဗျာဆရာများ၊ နောက်ထပ်အဖွဲ့အစည်း မည်မျှ ပေါ်ပေါက်လာဦးမည် မသိနိုင်သေးပါ။ ဟိုးယခင် ပါလီမန်ဒီမိုကရေစီခေတ်တုန်းကလည်း စာရေးဆရာအသင်း၊ စာရေးဆရာသမဂ္ဂဆိုပြီး ကွဲခဲ့ကြသေးကြောင်း ဖတ်မှတ်ခဲ့ဖူးပါသည်။ ယခုရော အဖွဲ့တွေ မည်မျှကွဲကြဦးမည်



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်သေး။ မည်သူတွေက ကွဲအောင်လုပ်နေသည်နှင့် မည်သည့်အတွက်ကြောင့် လုပ်နေကြသနည်းဟု တွေးမိ၍ စိတ်မကောင်းဖြစ်ရပါသည်။

အမှန်မှာ အဖွဲ့အစည်းတစ်စုံတစ်ခု၊ တစ်ဦးတစ်ယောက်၏ ထိန်းသိမ်းမှုမှ လွတ်လပ်သော စာရေးဆရာများအသင်း၊ သတင်းစာဆရာများအသင်း၊ ကဗျာဆရာများအသင်းရှိသင့်ပါသည်။ ရှိရပါမည်။ စာပေနယ်တွင် ဩဇာတိက္ကမကြီးမားသော ဆရာကြီး၊ ဆရာမကြီးများ၊ လုပ်ကိုင်နိုင်စွမ်းရှိသော၊ စွမ်းရည်ရှိသော၊ သမိုင်းကြောင်းရှိသော ဆရာကြီး၊ ဆရာမကြီးများ ရှိကြပါသေးသည်။ ဦးဆောင်သင့်သူတွေ ဦးဆောင်ရန် နေရာပေးရပါမည်။ ပါသင့်သူတွေ ပါအောင် ဆောင်ရွက်ကြရပါမည်။ စတုတ္ထမဏ္ဍိုင်ကို ညီညွတ်အောင်၊ ခိုင်မာတောင့်တင်းအောင်၊ စွမ်းရည်ရှိအောင်၊ စည်းစနစ်တကျရှိအောင် တည်ဆောက်ရပါလိမ့်မည်။ 'ငါ ရှေ့က ပြေးလျှင် ငါ နေရာရမှာပဲ'ဟူသော အတွေးမျိုးဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ လုပ်ချင်သူတွေက လုပ်ချင်တိုင်း ထ,လုပ်ရန် မသင့်ပါ။ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲတို့ မဝင်ရောက်လာအောင် တားဆီးထိန်းသိမ်းပေးရပါလိမ့်မည်။ အများက ကြည်ညိုလေးစား လက်ခံသော ပုဂ္ဂိုလ်များဖြင့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရပါလိမ့်မည်။ စတုတ္ထမဏ္ဍိုင်ကြီး ညီညွတ်ခိုင်မာ အားကောင်းမှသာလျှင် ပြည်သူ့အကျိုးကို ရှေးရှုလျက် ကျန်သော မဏ္ဍိုင်ကြီးသုံးရပ်ကို အထောက်အကူပြု၍ မှန်ကန်ရိုးသားစွာ သုံးသပ်၊ အကြံဉာဏ်ပြုနိုင်ကြပေလိမ့်မည်။

*၂၀၁၂၊ ဇွန်၊ နရသိန်မဂ္ဂဇင်း*

☆☆☆

www.burmeseclassic.com



၆

## စတုတ္ထမဏ္ဍိုင်နှင့် ရှုထောင့်

ပင်လယ်ကမ်းစပ်တွင် ဒီရေတက်လျှင် ပင်လယ်တွင်းမှ အမှိုက်သရိုက်များ၊ အုန်းလက်များ၊ အုန်းခွံများ၊ ဗေဒါပင်များ၊ ဘူးခွံများ၊ ပုလင်းခွံများ ဒီရေနှင့်အတူ ပါလာတတ်ပါသည်။ ကမ်းစပ်တွင် တင်ကျန်နေတတ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးအပြောင်းအလဲ၊ တစ်နည်းအားဖြင့် နိုင်ငံရေးဒီရေတက်ချိန်ဖြစ်ပါသည်။ ပါတီများ အများအပြားပေါ်ပေါက်လာသည်။ အသင်းအပင်း၊ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၊ သင်းကွဲပုဂ္ဂိုလ်များ စသည်ဖြင့် ပေါ်ပေါက်လာပြီး လှုပ်ရှားမှုများ ပြုလုပ်လာကြသည်။ အသံပေးလာကြသည်။ လေးကင်းဆိုင်းတီး၊ လက်ဝှေ့ရေးပြ၊ ဟန်ရေးပြကြပါသည်။

ပြည်သူလူထုက ပွဲတင်နေတာကြာပြီဖြစ်၍ စင်ပေါ် မည်သူတက်လာ, တက်လာ အားပေးကြပါသည်။ သို့သော် တဖြည်းဖြည်းနှင့် အချိန်သာကုန်လာသည်။ ဇာတ်ရုပ်က ပီပြင်မလာသေးပါ။ မည်သူက မင်းသား၊ မည်သူက လူကြမ်းမှန်းမသိသေးပါ။ တစ်သက်လုံး စိမ်းခဲ့ကြသူတွေက အခု နီကုန်ကြသည်။ တစ်သက်လုံး ပြာခဲ့သူတွေက အခု ဝါကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုက မျက်စိလည်ချင်လာသည်။ ဥဒြုန်နှင့် ကျီး ရုတ်တရက် ခွဲမရဖြစ်နေကြသည်။ မည်သူ့ အားကိုးရမှန်းမသိ ဖြစ်လာပါသည်။ ညီအစ်ကိုမသိတသိ၊ ဒီမိုကရေစီ နွားရိုင်းသွင်းချိန်ဖြစ်ပါသည်။

ဤအချိန်ကာလ ကြာ၍မဖြစ်ပါ။ ဤအချိန်ကာလကြာလေ တိုင်းပြည်နာလေဖြစ်ပါသည်။ အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုး၊ အဖြူနှင့် အမည်း သဲကွဲအောင် စစ်ထုတ်ကြရပါလိမ့်မည်။ စစ်ထုတ်နိုင်အောင်လည်း ပြည်သူလူထုတွင် စံချိန်၊ စံညွှန်းရှိပါသည်။ ပြည်သူလူထုတွင် ပေတံရှိပါသည်။ ပြည်သူလူထုတွင် ဆန်ခါရှိပါသည်။ သို့ဖြစ်၍ ဒီရေတက်ချိန်သည် မကြာခင် ရပ်တန့်ငြိမ်သက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့သော် ညီအစ်ကိုမသိတသိကာလတွင် ထွင်းဖောက်မြင်နိုင်စေရန်အတွက် အားကောင်း၍ ရှင်းလင်းပြတ်သားသော အလင်းတန်းတစ်ခုတော့ လိုပါသည်။ ထိုအလင်းတန်းမှာ လွတ်လပ်၍ အနှောင်အဖွဲ့ကင်းမဲ့သော စာတွေ့ထွမဏ္ဍိုင်မှတစ်ပါး အခြားမဖြစ်နိုင်ပါ။

*၂၀၁၂၊ အောက်တိုဘာ၊ နရသိန်မဂ္ဂဇင်း*

★★★



www.burmeseclassic.com

www.burmeseclassic.com



၆

## စတုတ္ထမဏ္ဍိုင်၏ အခွန်းထွက်

ယနေ့ကာလတွင် သတင်းဂျာနယ်များ၊ နိုင်ငံရေးဂျာနယ်များ၊ စီးပွားရေးဂျာနယ်များ၊ မဂ္ဂဇင်း၊ စာစောင်များ ယခင်ကာလထက် များစွာထွက်ပေါ်နေပါသည်။ နေ့စဉ်ထုတ် ပုဂ္ဂလိက သတင်းစာများလည်း ထုတ်ဝေဖြန့်ချိနေပါသည်။ စာပေစိစစ်ရေးအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်ခဲ့ပြီဖြစ်ရာ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ သတင်းစာများတို့တွင် စာရေးသူများသည် မိမိတို့၏ စိတ်အတွေးနှင့် ယုံကြည်မှုများကို ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်း စသည့် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် လွတ်လပ်စွာ ရေးသားလာခဲ့ကြပါသည်။ သုံးသပ်ဝေဖန်သူများ၊ အကြံပြုချက်များ၊ သင်ခန်းစာဖော်ထုတ်မှုများ၊ သမိုင်းမှတ်တမ်း စသည်များကို လွတ်လပ်စွာ မိမိစိတ်တွင် ရှိသည့်အတိုင်း မိမိရေးသားချင်သလို ရေးသားနေကြပါသည်။ ဝေဖန်သုံးသပ်ကြရာတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးများမှသည် ပုဂ္ဂိုလ်ရေးများအထိ ကဏ္ဍအစုံရေးကြသည်။ ရေးသူများသည် သက်ဆိုင်ရာ ကဏ္ဍများအပေါ်က် မည်မျှတတ်ကျွမ်းသည်ကို မသိသော်လည်း၊ အချို့သော ရေးသားသူတွေက

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သည်။ အစွန်းရောက်သည်။ ငါသိ၊ ငါတတ်သဘောတွေ ပါနေသည်။ စောင့်စည်းသင့်သည့် မူဘောင်၊ ကျင့်ဝတ်များမှ ကင်းလွတ်နေသည်။ ဂုဏဝုတ္တိ၊ ဝရဝုတ္တိတရားတွေ ကင်းလွတ်နေသည်။ အစွဲတွေ ပါနေသည်။ ပုဂ္ဂိုလ်ရေးတွေ ပါနေသည်။ နိုင်ငံတော်သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည် စသည့် ပုဂ္ဂိုလ်ကြီးတွေမှာလည်း ဝေဖန်သူတို့၏ ရေးသံ၊ လေသံ၊ ရေးကွက်များတွင် သူတို့၏ ကစားဖက် ငယ်သူငယ်ချင်းသဘောလောက်ဖြစ်နေပေပြီ။ တချို့ ဝေဖန်ချက်များအရဆိုလျှင် ထိုပုဂ္ဂိုလ်ကြီးများမှာ ဝေဖန်သူ၊ အကြံပြုသူတို့လောက်မှပင် မသိ၊ မတတ်၊ အတွေ့အကြုံမရှိသည့် သဘောဆောင်နေပါသည်။ ဘယ်လိုလူကများ ဒီလိုရေးသားထားပါလိမ့်ဟု လိုက်ကြည့်သည့်အခါ ဘာသာရပ်အလိုက်၊ ကဏ္ဍအလိုက် လက်တွေ့၊ စာတွေ့ ဘာမှ ရေရေရာရာရှိသူ မဟုတ်ပါ။ သူများတွေတောင် ရေးနေ၊ ပြောနေကြသေးတာ၊ ငါလည်း ပြောဦး၊ ရေးဦးမှဆိုသည့်အဆင့်သာရှိသည့် လူမျိုးဖြစ်နေသည်။ တစ်သက်လုံး နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်၊ ဘယ်နေရာမှ အသိအမှတ်ပြု၍ မရနိုင်သူမျိုးက အခုတော့ ကြီးကျယ်မြင့်မားသော ဆောင်းပါးများ၊ ဝေဖန်သုံးသပ်ချက်များ ထ,ရေးလာသည်။ လက်တွေ့နှင့် ကင်းကွာပြီး အကောင်အထည်ဖော်၍ မရနိုင်သော၊ ပြည်သူ့ဘဝနှင့် ကင်းကွာသော စိတ်ကူးယဉ် သုံးသပ်ဝေဖန်ချက်၊ အကြံပြုချက်များ၊ လူပြိန်းကြိုက်များ၊ ပုဂ္ဂိုလ်ရေးဆန်သော ရေးသားချက်များ ဖြစ်နေသည်။ ထိုစာရေးသူများကို လက်တွေ့ တာဝန်ပေးကြည့်လိုက်ချင်သည်။ ဘာတွေဖြစ်လာမည်တော့ မသိပါ။ အကောင်းဘက်ဖြစ်လာဖို့တော့ ရာခိုင်နှုန်းနည်းပါသည်။ အပြောလွယ်သလောက် (အရေးလွယ်သလောက်) လက်တွေ့လုပ်ရတာ ခက်ပါသည်။ တချို့လည်း ငါသိ၊ ငါတတ်ရေးရင်း ကိုယ့်ကိုယ်ကို ဆလိုက်ထိုးရင်း နေရာရပြီး ကောင်းစားသွားကြတာလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူ ပြည်သူလူထုအတွက်ကတော့ တန်ဖိုးရှိသော စာမျက်နှာများ၊ အချိန်များ အလဟဿဖြစ်ကုန်ပါသည်။

လွတ်လပ်စွာ ရေးသားခွင့်ရှိပါသည်။ လွတ်လပ်စွာ ဝေဖန်ခွင့်ရှိပါသည်။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိပါသည်။ ထိုနည်းတူ စောင့်စည်း ထိန်းချုပ်သင့်သည်များ၊ လိုက်နာအပ်သည့် စည်းကမ်းများ၊ ကျင့်ဝတ်များ လည်း ရှိပါသည်။ စာပေနယ်ကို ငွေကြေးအင်အား၊ အုပ်စုအင်အားဖြင့် လွှမ်းမိုးချုပ်ကိုင်၍ လိုရာဘက်သို့ ဆွဲယူနေသော အန္တရာယ်များကလည်း စိမ့်ဝင်ထိုးဖောက်နေပါပြီ။ မိမိဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း စသည်တို့ကို စောင်ရေတိုးအောင်၊ နာမည်ကြီးအောင် အစွန်းရောက် ရေးသားမှုများဖြင့် ဖွ၍ ဆွ၍ ပွဲဆူအောင်လုပ်ခြင်းဖြင့် ထိုဂျာနယ်၊ မဂ္ဂဇင်း၏ ပကတိတန်ဖိုး အစစ်အမှန်နှင့် အရည်အသွေးတို့ကို ရနိုင်မည်မဟုတ်ပါ။ ဤသို့ ပြုကျင့်မှု များသည် စတုတ္ထ မဏ္ဍိုင်၏ ပိုင်းဖြတ်မရနိုင်သော တန်ဖိုးနှင့် ပြည်သူတို့၏ ယုံကြည်မှုကို လျော့နည်းကျဆင်း ပျက်ပြယ်စေနိုင်ပါသည်။ ဤအရေးကိစ္စ အတွက် သက်ဆိုင်ရာ အယ်ဒီတာချုပ်များ၊ သတင်းထောက်ချုပ်များ၊ တာဝန်ခံ အယ်ဒီတာများ စသူတို့မှာ အဓိက တာဝန်ရှိသူများဖြစ်ကြပါသည်။ သို့ဖြစ်ရာ မတည်ငြိမ်သေးသော ယနေ့ကာလတွင် အဆိုပါပုဂ္ဂိုလ်များမှ စာပေသစ္စာဖြင့် အလေးအနက်ထားပြီး စောင့်စည်းကြပ်မတ် ထိန်းသိမ်း၍ မိမိတို့၏ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သင့်ကြပါသည်။

*၂၀၁၃၊ အောက်တိုဘာ၊ ဘဂသစ် မဂ္ဂဇင်း*

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



# လူတော်လူကောင်း

လူတော် လူကောင်း၊ လူကောင်း လူတော်၊ စကားနှစ်လုံးတည်းဖြင့် ကပ်ရှုပ်နေပါသည်။ အမှန်တွင်တော့ ရိုးရိုးသားသား ရှေးကတည်းက သုံးလာသော စကားဖြစ်ပါသည်။ 'လူတော် လူကောင်းဖြစ်အောင် ကြိုးစားကြ'၊ 'တိုင်းပြည်အတွက် လူတော်လူကောင်းတွေ လိုတယ်' ဤသို့ပြောခဲ့၊ သုံးခဲ့ကြပါသည်။ လူတစ်ယောက်သည် တော်လည်း တော်ပြီး၊ ကောင်းလည်း ကောင်းသည်ဟု ရိုးရိုးကလေးဆိုထားခြင်း ဖြစ်ပါသည်။ ဤသို့ ရိုးရိုးကလေးဆိုထားသော စကားကို အတွေ့အကြုံများ၊ သင်ခန်းစာများဖြင့် ချိန်ထိုးကာ အနက်ချဲ့၊ ဦးစားပေးအဆင့် ရွေးလုပ်သောအခါ 'တော်ပြီး မကောင်းရင် အန္တရာယ်ရှိတယ်'၊ 'အဓိက,က ကောင်းဖို့ပဲ'၊ 'ကောင်းတာကို ဦးစားပေးမယ်'၊ 'ကောင်းတဲ့လူကို တော်အောင် လုပ်ပေးလို့ ရတယ်၊ တော်ပြီး မကောင်းတဲ့လူကို ကောင်းအောင်လုပ်ပေးဖို့ ခက်တယ်'ဟု တွေးခေါ်လာခဲ့ကြပါသည်။

ဤသို့ဖြင့် ရှေးကတည်းက သုံးလာသော လူတော်လူကောင်းသည် လူကောင်း လူတော်အဖြစ်သို့ ရွေ့လျောပြောင်းလဲသွားခဲ့ပါသည်။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသောစကားကို မည်သို့အနက်အဓိပ္ပာယ်ကောက်ခဲ့သည် မသိရသော်လည်း ထိုလူကောင်း လူတော်ကာလက တိုင်းပြည်မှ လူတော်အများအပြား ပြင်ပသို့ ရောက်သွားခဲ့ကြပါသည်။ ၎င်းနောက်ပိုင်းကာလများတွင် 'ကောင်းသည်'ဆိုသော စကားရပ်၏ အဓိပ္ပာယ်ကို 'မိမိအပေါ် သစ္စာရှိခြင်း၊ မိမိအတွက် ယုံကြည်စိတ်ချရခြင်း၊ မိမိအပေါ် ကျေးဇူးရှိသေခြင်း၊ မိမိအလိုကို မဆန့်ကျင်ခြင်း'စသည်ဖြင့် ယူဆသတ်မှတ်သော ဆောင်ရွက်၊ ကျင့်သုံးမှုအလေ့အထများ ဖြစ်ပေါ်လာခဲ့ပါသည်။

ဤသို့ဖြင့် လူတော်များကို ဦးစားမပေးဘဲ၊ ယုံကြည်စိတ်ချရသူများကို ဦးစားပေးသော အစဉ်အလာတစ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြပါသည်။ ဤသို့ကျင့်သုံးဆောင်ရွက်မှုသည် အစွန်းသို့ ရောက်သွားသောအခါ တပည့်မွေး၊ ဆရာမွေးသည့် အလေ့အထတစ်ခုသို့ ဦးတည်ရောက်ရှိသွားခဲ့ပါသည်။ အဓိကမှာ 'ကောင်းသည်'ဆိုသော စကားရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု လွဲသွားခြင်းဖြစ်ပါသည်။

စကားရိုးရိုးလေးကို ရိုးရိုးပင် စဉ်းစားစေချင်ပါသည်။ တော်တာရော၊ ကောင်းတာရော၊ ကောင်းတာရော၊ တော်တာရော နှစ်ခုစလုံးရှိနေလျှင် ပြည့်စုံပါပြီ။ လူတော်လူကောင်းဖြစ်စေ၊ လူကောင်းလူတော်ဖြစ်စေ အတူတူပင်ဖြစ်ပါသည်။ ရှေ့နောက် စကားပြောင်းပြီး အဓိပ္ပာယ်ကောက်မလွဲရန်သာ လိုအပ်ပါသည်။

၂၀၁၂၊ နိုဝင်ဘာ၊ နရသိန်မဂ္ဂဇင်း

★★★

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဟာ ဦးစားပေးမလဲ

နိုင်ငံတကာအစည်းအဝေးတစ်ခုကို သွားတက်ပြီး ဆွေးနွေးကြဖို့ ဌာနဆိုင်ရာ (၁၀)ခုလောက်က ကိုယ်စားလှယ်တွေ အကြိုညှိနှိုင်းအစည်းအဝေး လုပ်ပါတယ်။ တခြားနိုင်ငံအဖွဲ့အစည်းက ကိုယ်စားလှယ်တွေနဲ့ အပြန်အလှန် ပြောဆိုဆွေးနွေးရမှာမို့ ကြိုတင်ပြင်ဆင်ညှိနှိုင်းကြတာပါ။ ကြိုတင် ပြင်ဆင် ညှိနှိုင်းမှုအစည်းအဝေးကို လေးကြိမ်လုပ်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ဌာနက အရာရှိ ခရီးလွန်နေတာနဲ့ ဒီ ညှိနှိုင်းအစည်း အဝေးကို သူ့ကိုယ်စား ကျွန်တော်တက်ပေးရပါတယ်။ အစည်းအဝေး နှစ်ကြိမ်လောက် တက်ပြီးကတည်းက ဒီအစည်းအဝေးမှာ လူငါးယောက် ခြောက်ယောက်လောက်က လွှမ်းမိုးနေတာ သတိပြုမိလာပါတယ်။

အဲဒီလူတွေကတော့ နိုင်ငံခြားကို အစည်းအဝေးအမျိုးမျိုး၊ အကြောင်း အရာအမျိုးမျိုးနဲ့ မကြာခဏသွားနေတဲ့ လူတွေပါ။ ပြည်တွင်းနိုင်ငံတကာ အစည်းအဝေးတွေဆိုလည်း သူတို့တွေပဲ ပါနေကျဆိုတာ ကျွန်တော်သိထား ပါတယ်။ မြန်မာတွေချည်းပဲ တက်တဲ့ ဒီအစည်းအဝေးမှာတောင် စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ရင် ဝါကျတစ်ကြောင်းမှာ အင်္ဂလိပ်စကားလုံး သုံးလေးလုံး ညှပ်ပြောကြတာ ပါ။ အများနဲ့ ထိုင်နေတဲ့ ဒီအစည်းအဝေးမှာ သူတို့ချင်းသာ သိနိုင်တဲ့ အတိုကောက် စာလုံးမျိုးတွေ သုံးတာဟာ အကြောင်းအရာနဲ့ စိမ်းတဲ့သူတွေ အဖို့ အတော်ခက်ပါတယ်။ သူတို့က(A.C.C.T)လို့ပြောပါတယ်။ ကျွန်တော် တို့ ဘယ်နားလည်မလဲ။ (ASEAN Covention on Counter Terrorism) ဆိုရင်တော့ နားလည်တာပေါ့။ သူတို့က TIP လို့ ပြောတယ်။ ဘာမှန်း ကျွန်တော်တို့ ဘယ်သိမလဲ။ Trafficking In Person ဆိုရင်တော့ နားလည် တာပေါ့။ အခုတော့ မကြာခဏ ထ,ထ စကားပြောနေတဲ့ သူတို့လေးငါးဦး ပဲ နားလည်မှာပါ။

ပြဿနာက အစည်းအဝေးတက်ဖို့ အဖွဲ့ဖွဲ့စည်းတဲ့အခါမှာ စ,ပါတယ်။ သူတို့အုပ်စုထဲက တစ်ယောက်က ထ,ပြောပါတယ်။

"အစည်းအဝေးသွားတက်ရင်တော့ အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ဆိုနိုင်၊ ပြောတတ်ဆိုတတ်တဲ့လူတွေပဲ ဦးစားပေးရွေးဖို့ လိုမယ် ထင်ပါတယ်။ ဆရာဖြူနဲ့ အစ်မကြီး ဒေါ်နီတို့တော့ မပါမဖြစ်ပါဖို့ ကောင်း ပါတယ်"

ကျွန်တော် အံ့အားသင့်သွားပါတယ်။ သူက ဆက်ပြောပါသေးတယ်။

"အဖွဲ့မှာ မပါတဲ့ ဌာနတွေကတော့ ပြောဆိုဆွေးနွေးရမယ့် အချက် တွေကို ပြည့်ပြည့်စုံစုံ ပြုစုပေးလိုက်ဖို့ လိုပါတယ်။ ဒါမှ ဟိုကျရင် အဖွဲ့က အဲဒီဌာနရဲ့ကိစ္စကို ပြောနိုင်ဆိုနိုင်မှာဖြစ်ပါတယ်"

ကျွန်တော် စိတ်ကို ထိန်းလို့ မရတော့ပါဘူး။ ကျွန်တော် ထ,ပြော လိုက်ပါတယ်။

"ဒီလို အင်္ဂလိပ်စကားကျွမ်းကျင်တဲ့ လူတွေကို ဦးစားပေး ရွေးမယ်ဆို တာတော့ မဖြစ်သင့်ဘူး ထင်ပါတယ်။ တကယ်ဦးစားပေး ရွေးသင့်တာက ပြောဆိုဆွေးနွေးရမယ့် အကြောင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူ့စပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ၊ ဆွေးနွေးရမယ့် အဓိကအကြောင်းအရာနဲ့ ပတ်သက်တဲ့ ဌာနက ကိုယ်စားလှယ်ကို ဦးစားပေး ရွေးသင့်ပါတယ်။ ဒီလို ဌာနက ပြုစုရုံ ပြုစု ပေးလိုက်ရုံပြီး ဟိုကျမှ ဘာမှမသိတဲ့ ဌာနက လူက ဖတ်ပြရုံနဲ့ မဖြစ်ပါဘူး။ တုံ့ပြန်မေးခွန်းတွေ မေးတဲ့အခါ ဖြေနိုင်မှာမဟုတ်ပါဘူး။ ဒီလိုအခြေအနေမျိုး ဆိုရင် ကိုယ့်ဘက်က အရေးနိမ့်သွားနိုင်ပါတယ်။ ဒါကြောင့် အရေးကြီးတဲ့ ဌာနက သူ့အကြောင်းကိစ္စကို ကျွမ်းကျင်နှံ့စပ်တဲ့ လူကို ခေါ်သွားသင့်ပါ တယ်။ အင်္ဂလိပ်စကားမပြောတတ်လည်း ပြောတတ်တဲ့ အဖွဲ့ဝင်က ဘာသာပြန်ပေးပေါ့။ နိုင်ငံခြားရေးရုံးက လူတွေလည်း ပါတာပဲ။ ဒါ သူတို့ ကူညီပေးနိုင်တဲ့ အပိုင်းပါ။ ကျွန်တော့်အယူအဆကတော့ အင်္ဂလိပ် စကားပြောကျွမ်းကျင်တာထက် သက်ဆိုင်ရာအကြောင်းကိစ္စကို ကျွမ်းကျင် နှံ့စပ်ပြီး တိုင်းပြည်ချစ်စိတ်ရှိတဲ့ လူ၊ ယုံကြည်ချက်၊ ခံယူချက်ရှိတဲ့လူကို ဦးစားပေး ရွေးချယ်သင့်ပါတယ်။ အင်္ဂလိပ်စကားမပြောတတ်တာလည်း ရှက်စရာမဟုတ်ပါဘူး။ တရုတ်တို့ ဂျပန်တို့လည်း နိုင်ငံတကာအစည်းအဝေး တွေမှာ သူ့မိခင်ဘာသာစကားနဲ့ပဲ သူပြောကြတာပါ။ အီရန်သမ္မတ အမာဒီနီဂျက်တောင် မိန့်ခွန်းပြောရင် သူ့ဘာသာစကားနဲ့ပဲ သူပြောတာပါ"

ကျွန်တော့်စကားအဆုံးမှာ အစည်းအဝေးခန်းမတစ်ခုလုံး ငြိမ်သွားပါ တယ်။ မျက်လုံးအတော်များများက ကျွန်တော့်ကို တအံ့တသြရဲတွေ့သလို ကြည့်နေကြပါတယ်။

ဒီလိုပြောလိုက်တဲ့အတွက် တချို့က ကျွန်တော့်အပေါ် တစ်မျိုးမြင် သွားနိုင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီငနဲ သူ နိုင်ငံခြားကို အဖွဲ့ဝင်အဖြစ် မလိုက်ရမှာစိုးလို့ပြောတာ။ ဒီကောင် အင်္ဂလိပ်စကား မပြောတတ်လို့ ညစ်တွန်းတွန်းတာပဲ စသည်ဖြင့် ထင်သွားနိုင်ပါတယ်။ မဟုတ်ပါဘူး။ တကယ်က ကျွန်တော် နိုင်ငံခြားမသွားချင်ပါဘူး။ နိုင်ငံခြား ထက်စာရင် မြန်မာပြည်အနှံ့ ကျွန်တော်သွားချင်သေးတယ်။ မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



တွင်းဆိုရင် မြောက်ဖျား ပန်နန်းဒင်မြို့၊ တောင်ဖျားဆိုရင် ကော့သောင်း၊ အရှေ့ဘက်ဆိုရင် တာချီလိတ်၊ အနောက်ဘက်ဆိုရင် မောင်တော၊ အကုန် ကျွန်တော်ရောက်ပါတယ်။ ပြည်တွင်းခရီးအနေနဲ့လည်း သွားနေဆဲပါ။ နောက် အင်္ဂလိပ်စကားလည်း အများသူငါလို Greeting လောက်တော့ ပြောတတ် ပါတယ်။ ၁၉၅၃ ခု၊ ရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်က ဘွဲ့ရလာတာပါ။

နောက်တစ်ချက်ကတော့ ဒီစာအစမှာ၊ ကျွန်တော်ဆိုခဲ့ပါတယ်။ ကျွန်တော်က တက်ရမယ့်သူကိုယ်စား ကျွန်တော်လာတက်တာပါ။ ကျွန်တော် က သူ့ကို သွားစေချင်တာပါ။ ကျွမ်းကျင်နှံ့စပ်ပြီး စွမ်းရည်လည်း ရှိတဲ့ သူပါ။ ပြီးတော့ ဆွေးနွေးကြမယ့် အကြောင်းကိစ္စမှာ ကျွန်တော်တို့ဌာနရဲ့ ကိစ္စက ဗြာဒိုင်နှုန်းလောက်ပါပြီး အရေးလည်း ကြီးပါတယ်။ ဒါကို နိုင်ငံခြားသွားနေကျ အုပ်စုက တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ပို့ ပေးပြီး သမဏေန သမဏောလုပ်ဖို့ လက်ဝါးကြီးအုပ်ဖို့ ကြံတဲ့အပေါက် အမုန်းခံပြီး ထ,ပြောလိုက်တာပါ။

ဒီလိုပြောရတာ ကျွန်တော့်မှာ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ ငယ်ကတည်းက ရန်ကုန်မှာ ကျောင်းတက်တဲ့အခါ ကျောင်းသားဘဝမှာ တောင် စိန့်ကျောင်းတက်တဲ့ ကျောင်းသားအုပ်စုနဲ့ အစိုးရကျောင်းတက်တဲ့ ကျောင်းသားအုပ်စု ကွဲပါတယ်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့လည်း အမြင်မကြည်ကြပါ ဘူး။ ကျွန်တော်တို့က စိန့်ကျောင်းက လူတွေကို 'ဘိုရူး'တွေလို့ ခေါ်ပြီး သူတို့က ကျွန်တော်တို့ကို 'ဘဂဝါ ဟိုက်စကူးကျောင်းသားတွေ'လို့ လှောင်ပါတယ်။ နှိမ့်ချပါတယ်။ စိန့်ကျောင်းဆိုတာက အနောက်နိုင်ငံ သာသနာပြုအဖွဲ့တွေက ဖွင့်တဲ့ မစ်ရှင်ကျောင်းတွေ၊ သာသနာပြုကျောင်း တွေပါ။ အရာရှိကြီး၊ ဝန်ကြီး၊ ဝန်ကလေး၊ မင်းကြီး စတာတွေနဲ့ သူဌေး သူကြွယ်တွေရဲ့ သားသမီးတွေပဲ လူနည်းစု တက်ကြတဲ့ ကျောင်းတွေပါ။ အစိုးရကျောင်းတွေကတော့ သာမန် အရာရှိငယ် လူလတ်တန်းစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသား သားသမီးအများစုနေတဲ့ ကျောင်းတွေပါ။

လူတန်းစားကွဲပြားမှုအရ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အမြင်စောင်းကြပေမယ့် အစိုးရကျောင်းသားတွေဘက်ကတော့ မနာလို ဝန်တိုမှုကြောင့် မဟုတ်ဘူး ဆိုတာ ရဲရဲပြောနိုင်ပါတယ်။ ဒါဖြင့် ဘာကြောင့်လဲဆိုတော့ ကြည့်မရလို့ပါ။ ကြည့်မရဘူးဆိုတာကို 'ဘိုရူး'လို့ ခေါ်တာနဲ့တင် သိလောက်ပါတယ်။ ကြည့်မရတဲ့ အကြောင်းအချက်တွေက များစွာပါပဲ။ ဒီအုပ်စုတွေက နိုင်ငံခြားနဲ့ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးပါတယ်။ ကိုယ့်တိုင်းပြည်နဲ့ လူမျိုးကို အထင်သေးပါတယ်။ အဖက်မလုပ်ချင်၊ အရောမဝင်ချင်ပါဘူး။ နိုင်ငံရေးနိုးကြားမှုနဲ့ နိုင်ငံရေးအသိစိတ်ဓာတ်ခေါင်းပေါင်းပါတယ်။ သာရာ စီးဖို့ အမြဲကြိုးစားပါတယ်။ အခြေခံ လူတန်းစားတွေကို လူလို့ မမြင်ပါဘူး။ သနားစရာ သတ္တဝါတွေလို့ မြင်ပါတယ်။ ဒီအချက်တွေကို အပြုအမူအလေ့ အထ အကျင့်စရိုက်တွေနဲ့ ပုံဖော်ပြောမယ်ဆိုရင် ကျမ်းတစ်စောင်ဖြစ်သွား ပါလိမ့်မယ်။ ခွဲစဉ်းစားရင် ပုံပေါ်ပါလိမ့်မယ်။ အဓိက ပြောချင်တာကတော့ အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ် အားနည်းပါတယ်။ တိကျပြတ်သားတဲ့ ခံယူချက်၊ ယုံကြည်ချက်မရှိပါဘူး။ အားလုံးကို ဆိုလိုတာ မဟုတ်ပါဘူး။ အများစုရဲ့ အနေအထား ယေဘုယျသဘောကို ပြောတာ ပါ။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုသမိုင်းနဲ့ နိုင်ငံရေး ဖြစ်စဉ်တွေမှာ ပြန်ကြည့်ရင် ဒီလူမျိုးတွေက ဘယ်စဉ်ကများ ရှေ့တန်းက ပါခဲ့ဖူးလို့လဲ။ ပါတဲ့ လူနည်းစုလောက်ကလည်း နောက်ပိုင်းမှာ ဖောက်ပြန် သွားကြတာ များပါတယ်။ သာမန်လူတန်းစား သားသမီး၊ တောသူ တောင်သား သားသမီးတွေအများစုပဲ ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား ပေးဆပ် ခြင်းများစွာနဲ့ ရှေ့ဆုံးက လုပ်သွားခဲ့ကြတာပါ။ ဒါပေမယ့်လည်း ခေတ် အဆက်ဆက်မှာ အဲဒီလူအုပ်စုက အခွင့်ထူးခံအဖြစ်နဲ့ ရှိနေတတ်ပါတယ်။ နေရာလည်း ယူတတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်မှာ ဒီရောဂါကြီးကို ဆေးခါးကြီးနဲ့ တတ်ကြမ်းတိုက်ကုပါတယ်။ စိန့်ကျောင်းတွေ၊ မစ်ရှင်ကျောင်းတွေအားလုံး အစိုးရကျောင်းတွေ ဖြစ်ကုန်ပါတယ်။ မြန်မာဖြစ်ရက်နဲ့ ဘိုနာမည်ပေးထားတဲ့ လူတွေကို ဦးစားမပေးပါဘူး။ နိုင်ငံခြားယဉ်ကျေးမှုနဲ့ စရိုက်လက္ခဏာအတွေးအခေါ်တွေကို ဦးနှိမ်ထားပါတယ်။ အဲဒီအခါက ဌာနအတွင်းမှာ ဂျင်မီဘတုတ်တို့ မာဂရက်ဂွက်ထော်တို့ ဆိုတဲ့ နာမည်မျိုးနဲ့ အရာရှိတွေလည်း ရာထူးမတက်မှာစိုးလို့ ကမန်းကတန်း နာမည်ပြောင်းကြပါတယ်။ မောင်ဖြူစင်တို့၊ မစပယ်တို့ ဆိုတာမျိုးပေါ့။ ရယ်တော့ ရယ်ရပါတယ်၊ အဲဒီမှာ ရယ်လို့မရတာတစ်ခုကတော့ အင်္ဂလိပ်စာကို ငါးတန်းကျမှ စ,သင်တော့တာပေါ့။ တက္ကသိုလ်မှာလည်း၊ သင်ကြားမှုအဆင့်ကို လျှော့ချလိုက်ပြီး အထက်တန်းက စ,လို့ ဘာသာအားလုံး မြန်မာစာနဲ့ သင်ခဲ့တာပါပဲ။

တကယ်တော့ လူကြီးတွေလည်း ကမ္ဘာ့အလယ်မှာ ကိုယ့်ဘာသာစကားနဲ့ကိုယ် ရပ်တည်နိုင်အောင် စိတ်ကူးပြီး လုပ်ခဲ့ကြတာ ဖြစ်မှာပါ။ ဒါပေမယ့် အကျိုးရလဒ်ကတော့ အဲဒီကာလမှာ ပညာသင်ခဲ့တဲ့ ကျွန်တော်တို့ မျိုးဆက်တစ်ခုလုံး အင်္ဂလိပ်ဘာသာနဲ့ အင်္ဂလိပ်စကားမှာ အားနည်းသွားတာပါ။ နိုင်ငံတကာရေးရာနဲ့ အသိပညာ၊ အတတ်ပညာဘက်ဆိုင်ရာတွေ လေ့လာဆည်းပူးတဲ့ အခါများစွာ အားနည်းအခက်အခဲတွေ့ခဲ့ကြတာ အားလုံးအသိပါ။

တံခါးလေးပိတ်ပြီး တိတ်တိတ်လေးနေခဲ့ရာက ရုတ်တရက် ကျွန်တော်တို့ တံခါးဖွင့်လိုက်ရပါတယ်။ နိုင်ငံတကာနဲ့ သွားလာကူးသန်းဆက်ဆံမှုတွေ နိုင်ငံတကာ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေ လုပ်ကြရပါပြီ။ ဒီအခါမှာ ရုံးဌာနအဖွဲ့အစည်းအသီးသီးမှာ ရှိနေတဲ့ ဦးစီးခေါင်းဆောင်တွေ၊ အကြီးတန်း အရာရှိတွေက ပညာတတ်တွေဖြစ်သော်လည်း အင်္ဂလိပ်ဘာသာစကား



www.burmeseclassic.com

www.burmeseclassic.com



အားနည်းတဲ့ မျိုးဆက်တွေ ဖြစ်ပါတယ်။ ဒီတော့ အားကိုးရှာရပါတယ်။

မိမိအဖွဲ့အစည်းရုံးဌာနထဲက အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းတဲ့ လူတွေ၊ နိုင်ငံခြားအလေ့အထ ယဉ်ကျေးမှုစရိုက်တွေ သိနားလည်တဲ့ လူတွေကို ခေါ်သွားကြရပါတယ်။ ဦးဆောင်စေလွှတ်ရပါတယ်။ ဦးကကြီးက ခေါ်သွားလည်း ဒီလူတွေပဲ။ ဦးခွေးက အဖော်ပြုသွားရင်လည်း ဒီလူတွေပါပဲ။ ဒီလူတွေဟာ အလိုလိုနေရင်း အရေးပါအရာရောက်လာပါတယ်။ ကြာတော့ ဒီလူတွေဟာ ရုံးဌာနအသီးသီးနဲ့ နိုင်ငံတကာမှာ ရှိနေတဲ့ သူတို့လို မြန်မာတွေအချင်းချင်း ကွန်ယက်ကြီးတစ်ခုလို ချိတ်ဆက်မိသွားကြပါတယ်။ အကြောင်းကိစ္စတစ်ခုခုရှိလာတာနဲ့ ဘယ်သူ့ဆီ သွားလိုက်လေ၊ ဘယ်ဌာနမှာ ဘယ်သူရှိတယ်လေ၊ အဲဒါဆို ဘယ်သူနဲ့မှ သင့်တော်တာပေါ့ စ,တာတွေနဲ့ သူတို့အချင်းချင်းပို့ပေးပြီး နေရာတကာမှာ အုပ်စုလိုက် နေရာယူလာကြပါတယ်။ တစ်ချိန်တုန်းက ငုပ်လျှိုးနေတဲ့ နိုင်ငံခြားနဲ့ နိုင်ငံခြားယဉ်ကျေးမှု ဓလေ့စရိုက်တွေကို အထင်ကြီးတဲ့ အလေ့အထတွေ ပြန်ပေါ်လာပါတယ်။ လူတန်းစားအလွှာတစ်ခုအနေနဲ့ အခွင့်ထူးခံ နေရာတွေမှာ ရောက်လာပါတယ်။

ဌာနတွင်းတာဝန်နဲ့ နိုင်ငံခြားတိုင်းပြည်အချို့မှာ အစည်းအဝေး လေးငါးခါလောက် ကျွန်တော်သွားတက်ဖူးပါတယ်။ အဲဒီမှာ ဒေသခံ UNအဖွဲ့အစည်း၊ INGO အဖွဲ့အစည်းတွေမှာ အလုပ်လုပ်နေတဲ့ မြန်မာအမျိုးသမီး၊ မြန်မာအမျိုးသားများ တွေ့ရပါတယ်။ မြန်မာလို့ကို မထင်မိပါဘူး။ ဖိလစ်ပိုင်လား၊ စင်ကာပူလား၊ ကိုရီးယားလား၊ ဒီလိုထင်မိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေမှာ ပါလာတတ်တဲ့ သူတို့လို လူမျိုးတွေကို လာနှုတ်ဆက်တဲ့အခါကျမှ ဒါ မြန်မာပါလားလို့ သိရပါတယ်။ သူတို့အချင်းချင်းသာ နှုတ်ဆက်ပြီး ကျန်မြန်မာတွေကိုတော့ သိပ်အရေးမလုပ်ပါဘူး။ နိုင်ငံခြားသားတွေကြားထဲမှာ မြန်မာလိုပြောရမှာလည်း ရှက်ပုံရကြပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ စိတ်မကောင်းခြင်းကြီးစွာနဲ့ ကြည့်နေရုံပါပဲ။

အစည်းအဝေးကြီးတွေ၊ အခမ်းအနားကြီးတွေ ပြီးသွားလို့ ဟိုတယ်ကြီးတွေထဲကနေ အဝတ်အစားလဲပြီး သူတို့ လမ်းပေါ် ထွက်သွားကြတဲ့အခါ ဝတ်စားဆင်ယင်မှုကတော့ တကယ့်အပြည်ပြည်ဆိုင်ရာ ပုံစံသစ်ပါပဲ။ ဘာလူမျိုး၊ ဘယ်အဆင့်အတန်းလို့ကို ပြောလို့ မရတော့ပါဘူး။ အဲဒီအုပ်စုထဲက တချို့ဆိုရင် ဝန်ကြီးဌာနကြီးတစ်ခုမှာ အရွေးချယ်ခံတန်း အရာရှိကြီးတွေအဆင့်ထိ လုပ်သွားပြီးမှ ထွက်သွားကြတာလို့ သိရတော့ မအံ့သြတော့ပါဘူး။

ဒါကြောင့် ကျွန်တော်ပြောခဲ့တာပါ။ ပြည်ပအစည်းအဝေးတွေတက်ဖို့ လူရွေးတဲ့အခါ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းမှုထက် အကြောင်းအရာကို ကျွမ်းကျင်နှံ့စပ်တဲ့လူ၊ တိုင်းချစ်ပြည်ချစ်စိတ် မျိုးချစ်စိတ်နဲ့ ခံယူချက်၊ ယုံကြည်ချက်ရှိတဲ့လူကို ဦးစားပေး ရွေးချယ်သင့်တယ်လို့၊ ဒီအချက်တွေနဲ့လည်း ပြည့်စုံပြီး အင်္ဂလိပ်ဘာသာစကားလည်း တတ်ကျွမ်းတယ်ဆိုရင်တော့ ဘာပြောကောင်းမလဲခင်ဗျာ၊ ဒါ့ထက်ကောင်းတာ ဘာရှိသေးလဲလို့ ပြောရတော့မှာပါ။ ဒီအခြေအနေ၊ ဒီအခက်အခဲကိုလည်း နောင်လာမယ့် မျိုးဆက်သစ်တွေက အစားထိုး ဝင်ရောက်ဖြေရှင်းပေးနိုင်မယ်လို့ ကျွန်တော် မျှော်လင့်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု အစိုးရကျောင်းတွေမှာလည်း ဘာသာရပ်အားလုံးကို အင်္ဂလိပ်လို သင်ကြားနေပါပြီ။ ပြီးတော့ ပုဂ္ဂလိကကျောင်းတွေလည်း ရှိနေပါပြီ။

ကျွန်တော့်တူလေးနဲ့ တူမလေး နှစ်ယောက် International မှာ လေးငါးတန်းတွေ တက်နေကြပါတယ်။ သူတို့ကတော့ Grade Four တို့၊ Grade Five တို့ ခေါ်ကြတာပါ။ အိမ်မှာလည်း ဆရာမနဲ့ ခေါ်သင်နေသေးတော့ ကလေးတွေက အိမ်မှာရော၊ ကျောင်းမှာရော အင်္ဂလိပ်လို ပြောနေကြတာပါ။ ကျွန်တော်သိရသလောက်တော့ သူတို့ကျောင်းက ဆရာ၊ ဆရာမတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နိုင်ငံခြားသားတွေ များပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ 'ဩော်…ဒီကလေးတွေ အရွယ်ရောက်ရင်တော့ အားလုံးကောင်းသွားမှာပဲ' လို့ စိတ်ကူးယဉ်မိပါတယ်။

ဒါပေမယ့် တစ်နေ့ ကျွန်တော် သူတို့အိမ်မှာ ရောက်နေတုန်း တူနဲ့ တူမ ကျောင်းက ပြန်လာတော့ အပေါက်ဝက ဝင်လာတာနဲ့ ကျွန်တော့်ကို တွေ့ပြီး 'အန်ကယ်လ်…မင်း ဘယ်တုန်းက ရောက်နေတာလဲ'လို့ ဖိနပ်ကို ကန်ချွတ်ပြီး ကျွန်တော့်ကို နှုတ်ဆက်လိုက်တာမို့ ကျွန်တော် စိတ်ကူးယဉ်နေတာလေး ပြိုပျက်မလိုဖြစ်သွားပါသေးတယ်။ စီးပွားရေးလုပ်ငန်းတွေကြောင့် မအားလပ်လွန်းလို့ သားသမီးကို အနီးကပ် လမ်းမညွှန်နိုင်တဲ့ ကျွန်တော့်ညီကတော့ မျက်နှာပူသွားတယ်နဲ့ တူပါတယ်။ 'ဟေ့ကောင်… အဲဒီလို မပြောရဘူးကွ။ ဘကြီး ဘယ်တုန်းက ရောက်နေလဲလို့ ရိုရိုသေသေ ပြောလေကွာ'လို့ ဝင်ပြောရှာပါတယ်။ ကျွန်တော်ကတော့ သက်ပြင်းသာ ချပြီး 'ကလေးတွေကို မြန်မာစာအုပ်လေးဘာလေး ဖတ်ခိုင်းဦးကွာ'လို့သာ ပြောနိုင်ပါတော့တယ်။ ကဲ…အခုလောလောဆယ် အခြေအနေမှာတော့ ကျွန်တော်တို့ ဘာကို ဦးစားပေး ရွေးချယ်ကြမှာပါလဲ။

*၂၀၁၁၊ ဇက်တင်ဘာ၊ သရုပ် ရသစာပေမဂ္ဂဇင်း*

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



၆

# ပညာတတ်ဖို့ လိုပါသည်

ကျွန်တော်တို့တိုင်းပြည်မှာ ဘဝပေးအခြေအနေအရကို ပညာသင်ခွင့် မရတဲ့သူတွေအမြောက်အများပါ။

တချို့လည်း ငယ်စဉ်ကတည်းက မိဘတွေနဲ့တန်းတူ ရုန်းကန်နေရလို့ တချို့လည်း နယ်မြေဒေသ မအေးချမ်းလို့ စသည်ဖြင့် ပညာမသင်နိုင်တဲ့ အကြောင်းအမျိုးမျိုးနဲ့ ပညာမတတ်တဲ့လူ၊ ပညာတစ်ပိုင်းတစ်စနဲ့ လူတွေ အများအပြားပါပဲ။ ဒါတော့လည်း ဘာမှမတတ်နိုင်ဘူး။ ကျွန်တော်လည်း ဘာမှပြောဖို့ မလိုပါဘူး။

ကျွန်တော်ပြောလိုတာကတော့ ပညာသင်နိုင်တဲ့ အခွင့်အရေးတွေ လည်း ရှိတယ်၊ ဥစ္စာစီးပွားလည်း ပြည့်စုံတယ်၊ ဒေသလည်း ဖွံ့ဖြိုးတိုး တက်တယ်။

ဒါပေမယ့် လူတွေက ပညာကို အထင်မကြီးဘူး။ ပညာတတ်လို့ ဝမ်းမဝဘူး။ အလုပ်လုပ်ရင် ချမ်းသာကြီးပွားတယ်။ ပညာသင်ဖို့ မလိုဘူး။ အချိန်ကုန်တယ်လို့ ယူဆကြတဲ့ ဒေသအချို့၊ လူအချို့ကို ပြောချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝန်ထမ်းဘဝနဲ့ ရောက်ဖူးတဲ့ နာမည်ကြီးမြို့တစ်မြို့မှာ မြို့ရော နယ်ရော ဒီအတွေးအခေါ် လွှမ်းမိုးကြီးစိုးနေတာ ကျွန်တော်တွေ့ခဲ့ရတယ်။

အဲဒီဒေသက ရေလုပ်ငန်းအကြီးအကျယ်လုပ်တဲ့ ဒေသပါ။ အိမ်နီးချင်း နိုင်ငံနဲ့လည်း စက်လှေနဲ့သွားရင် တစ်ညနဲ့ ရောက်ပါတယ်။ မှောင်ခိုခေတ် တုန်းကလည်း နာမည်ကြီးဒေသပါ။ သူဌေးသူကြွယ်တွေလည်း အင်မတန် များပါတယ်။ တချို့သူဌေးတွေဆိုရင် မင်းပေါက်စိုးပေါက်တွေပါ။ ရန်ကုန်မှာ တောင် ခြံကြီးအိမ်ကြီး၊ တိုက်ကြီးတာကြီးနဲ့ နေကြတာပါ။

ဒါပေမယ့် များသောအားဖြင့် ပညာတတ် နည်းကြပါတယ်။ ဘွဲ့ရတဲ့ သူတွေ ရှားပါတယ်။ တချို့ ဆယ်တန်းတောင် မအောင်ကြပါဘူး။ သားသမီးတွေလည်း ပညာဖြစ်ဖြစ်မြောက်မြောက် မသင်စေကြပါဘူး။ အရွယ်ရောက်လာလို့ မိဘလုပ်ငန်းဝင်လုပ်ရင် ပိုသဘောကျကြပါတယ်။

ကျွန်တော့်ဇနီးရဲ့ မိဘများကလည်း အရောင်းအဝယ်လုပ်ကြတော့ အဲဒီမြို့မှာ သူတို့မိတ်ဆွေတွေ ရှိပါတယ်။ သူတို့မိတ်ဆွေတွေရဲ့ အိမ်တွေကို ကျွန်တော်ရောက်သွားပါတယ်။ မြို့လယ်ကောင်မှာ တိုက်ကြီးတွေ ဟည်းလို့ ပါ။ သားသမီးတော့ ၈ယောက်၊ ၉ယောက်လောက် ရှိပါတယ်။ အဲဒီ ၈ယောက်၊ ၉ယောက်လောက်ထဲမှာ တစ်ယောက်ပဲ ဘွဲ့ရပါတယ်။ ကျန်တာတွေက ဆယ်တန်းမအောင်ကြဘူး။

ဒါပေမယ့် အားလုံး ရွှေဆိုင်၊ အထည်ဆိုင်ကြီးတွေနဲ့ပါ။ သားသမီးထဲ က အကြီးဆုံးဟာ ကျွန်တော့်သားတွေနဲ့ ရွယ်တူ သားသမီးတွေရှိပါတယ်။ ကလေးတွေ ပညာရေး မေးမြန်းကြည့်တဲ့အခါ သိပ်အားတက်သရောမရှိ ပါဘူး။ ကလေးတွေကလည်း ကျွန်တော်တို့ မေးလေ့မေးထရှိတဲ့ 'သမီးတို့ သားတို့ ကြီးလာရင် ဘာလုပ်မလဲ'ဆိုတဲ့ မေးခွန်းမျိုးကိုတောင် အလွယ်တကူ မဖြေတတ်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လမ်းကြောင်းပေးတဲ့အနေနဲ့ ဆရာဝန်ကြီး လုပ်မလား၊ ကျောင်းဆရာမကြီး လုပ်မလားလို့ ပြောတဲ့အခါ သူတို့အဖေက ကြားဝင်ပြီး 'ဘာလုပ်မလဲ၊ လစာနည်းနည်းလေးနဲ့ ထမင်းစားဖို့တောင် မလောက်ဘူး' လို့ ပြောပါတယ်။ ကျွန်တော် အတော်အံ့အားသင့်၊ စိတ်မကောင်းဖြစ်သွားရပါတယ်။ လူချင်းလည်း သိပ်မရင်းနှီးတော့ ဘာမှလည်း မပြောဖြစ်ပါဘူး။

နောက် ကျွန်တော် နယ်ဆင်းရင်း ပင်လယ်ထဲက ရွာတွေကို ရောက်ပါတယ်။ ဌာနဆိုင်ရာတွေဆိုတော့ အရေးတယူရှိကြပါတယ်။ ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေးပြုစုကြပါတယ်။

တောရွာတွေဆိုပေမယ့် တစ်ဖက်နိုင်ငံက ပစ္စည်းတွေ အသုံးများကြပါတယ်။ တန်ဖိုးကြီးပစ္စည်းတွေ သုံးကြစွဲကြပေမယ့် ထားသိုသိမ်းဆည်းမှုကတော့ အဆင့်နိမ့်ပါတယ်။ လူတွေရဲ့ စရိုက်နဲ့ ပြောဆိုနေထိုင်မှုတွေကလည်း ခပ်ကြမ်းကြမ်းပါ။

ထူးဆန်းတာက တစ်ရွာလုံး ပိုက်ဆံအရမ်းသုံးကြပါတယ်။

အိမ်ခြေ (၈၀)လောက်ရှိတဲ့ ပင်လယ်ရွာလေးမှာ ဘီယာ၊ ဝီစကီစတဲ့ ယမကာဆိုင်က လေးငါးဆိုင်၊ ဗီဒီယိုရုံက သုံးလေးရုံ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေလည်း ရှိပါတယ်။ လူလည်း တအုန်းအုန်းပါပဲ။ အပျော်အပါးလည်း အင်မတန်များကြပါတယ်။

အဲဒီမှာ ကျွန်တော်တို့တည်းတဲ့အိမ်က အိမ်ရှင်မက ကျွန်တော့်တပည့်ကို မေးပါတယ်။ လစာ ဘယ်လောက်ရသလဲပေါ့။ ကျွန်တော့်တပည့်က ဘွဲ့ရအရာရှိငယ်ပါ။ သူ့လစာပြောပြတဲ့အခါ စုတ်သပ်ပြီး 'ဒီလောက်ပဲရသလား၊ တို့ဆီက တစ်နေ့လုပ်စာတောင် မရှိပါလား'လို့ ပြောပါတယ်။ ပြီးတော့ တစ်ဆက်တည်း၊ ဒါကြောင့် ကလေးတွေကို ဝန်ထမ်းလည်း လုပ်မခိုင်းတော့ဘူး။ ကျောင်းလည်း တော်ရုံပဲထားပြီး အိမ်စီးပွားရေးပဲ ဝိုင်းလုပ်ခိုင်းတယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆရာတပည့်တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ငြိမ်နေလိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော် အဲဒီရွာရဲ့ စီးပွားရေးကို လေ့လာကြည့်ပါတယ်။

လေ့လာဖို့ကလည်း သိပ်မခက်ပါဘူး။ တစ်ရွာလုံးက ငါး၊ ပုစွန်ဖမ်းကြ တာ များပါတယ်။ ရေလုပ်ငန်းလုပ်ကြတာပါ။ ရွာမှာ ပုစွန်ဝယ်တဲ့ ဒိုင်ရှိပါတယ်။ များသောအားဖြင့်တော့ တစ်ရွာလုံးက ညဘက်ဆိုရင် ပင်လယ်ထဲ ထွက်ဖမ်းပြီး မနက်ကျရင် ပုစွန်ဒိုင်ကို လာရောင်းကြတာပါ။ အဲဒီပုစွန်ဒိုင်ကို ကျွန်တော် နှစ်ရက်သွားကြည့်ပါတယ်။

အလယ်အလတ်လောက် လုပ်ကိုင်ပုံရတဲ့ လင်မယားနှစ်ယောက်ကို ကျွန်တော် နှစ်ရက်လေ့လာပါတယ်။ ပထမရက်မှာ သူတို့လင်မယားက ဒိုင်ကို ပုစွန်ကြား ရှစ်ပိဿာသွင်းပါတယ်။ ၄၅၀ကျပ်ဈေးဆိုတော့ ငွေ (၃၆၀၀)ကျပ်ရသွားပါတယ်။ (အဲဒါ ၁၉၉၃ ခုနှစ်က ဈေးပါ။) ဒုတိယရက်မှာ သူတို့လင်မယားပဲ ဒိုင်ကို ပုစွန်ကြား ခြောက်ပိဿာခွဲ သွင်းပါတယ်။ (၂၉၂၅)ကျပ်ဖိုးဖြစ်ပါတယ်။

ကျွန်တော့်စိတ်ထဲ အိမ်ရှင်မက ဒါ့ကြောင့်ပြောတာကိုးလို့ သဘောပေါက် သွားပါတယ်။ အဲဒီတုန်းက ပြည်နယ်အဆင့်အရာရှိ လစာတောင် နှစ်ထောင် ကျော်ပဲ ရတာပါ။

ကျွန်တော်ဆိုလိုချင်တာ ပညာရဲ့တန်ဖိုးကို အလုပ်အကိုင် လစာငွေ လောက်နဲ့ နှိုင်းယှဉ် တန်ဖိုးဖြတ်နေကြတာကိုပါ။

ဒီဘွဲ့ရ ဒီအလုပ်ပဲ ရမှာပဲ၊ ဘာလုပ်ရမှာလဲ၊ ဒါလေးများဆိုတဲ့ အတွေးအခေါ်ကို ပြောချင်တာပါ။ ဒီလိုပညာကို မနှိုင်းအပ် နှိုင်းအပ် နှိုင်းပြီး တန်ဖိုးမထားကြတာ ဒီနယ်၊ ဒီဒေသတစ်ခုတည်း မဟုတ်ပါဘူး။ ငွေရလွယ်တဲ့ စီးပွားရေးကို လုပ်ကိုင်နေကြတဲ့ ဒေသ၊ မြို့နယ်အတော်များများ မှာ ကျွန်တော်ကြုံခဲ့၊ တွေ့ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ကျွန်တော် ဒီစာကို ရေးချင်စိတ်ပေါ်လာတာပါ။

ကျွန်တော်တို့ငယ်ငယ်က လကမ္ဘာကို လူစ,ရောက်တဲ့ သတင်းနဲ့ ပတ်သက်ပြီး အတော်ငြင်းကြခုန်ကြပါတယ်။ ကျွန်တော့်ဆရာတစ်ယောက်က ငြင်းတဲ့ လူတစ်ယောက်ကို အပြစ်ပြောပါတယ်။ 'ဒီလူကွာ၊ ဆိုက်ကားသမားနဲ့ ပြိုင်ငြင်းနေရတယ်လို့။ ဟိုက မမှားဘူး၊ သူပဲ မှားတာ'လို့ ဒီလိုပြောတာပါ။ ပညာအခြေခံနည်းတဲ့ လူကို ပညာရည်မြင့်မှ သိနိုင်မယ့်ကိစ္စ၊ ဘယ်လိုမှ ရှင်းပြ၊ ပြောပြလို့ မရနိုင်ဘူးဆိုတာ ကျွန်တော် အဲဒီကတည်းက သဘောပေါက်ခဲ့ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ ဘယ်နေရာမဆို ကမ္ဘာနဲ့ ရင်ဘောင်တန်းချင်ရင် အမျိုးမြင့်ပြီး တိုင်းပြည်မြင့်ချင်ရင် အများစု ပညာတတ်ဖို့ လိုပါတယ်။ ဖြစ်နိုင်ရင် အားလုံး ပညာတတ်ဖို့ လိုပါတယ်။ ဘွဲ့ရရင်ပိုကောင်းပါတယ်။

ဘွဲ့မရရင်တောင်မှ လေ့လာစရာတွေကို ဆက်ပြီး လေ့လာနိုင်မယ့် အခြေခံ အသိရှိအောင် အခြေခံပညာအထက်တန်းတော့ ရှိသင့်ပါတယ်။ ပဲပြုတ်သည်လည်း ဆယ်တန်းအောင်၊ လယ်သမားလည်း ဘွဲ့ရဆိုရင် အရမ်းကောင်းမှာပါ။

တိုင်းပြည်အတွက် အရေးကြီးတဲ့ ကံကြမ္မာမျိုး ပြောင်းလဲဖန်တီးဖို့ ဉာဏ်ရည်အဆင့်မြင့်မြင့်နဲ့ ဝိုင်းစဉ်းစား ဆုံးဖြတ်နိုင်ကြမှာပါ။

အခုလို ဒီမိုကရေစီစနစ်ကို တောင်းဆိုနေကြတဲ့အချိန်မျိုး၊ ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖို့ ကြိုးစားနေတဲ့အချိန်မျိုးမှာ ကျွန်တော်တို့တစ်တွေ ပညာတတ်ဖို့ ပိုပြီးလိုပါတယ်။

ဒီမိုကရေစီဆိုတာ ဝါဒမှန်းမသိ၊ ကျင့်စဉ်မှန်းမသိ၊ ဝါးစားရတဲ့ မုန့်လိုမျိုး ပဒေသာပင်ကြီးပေါက်လာမယ့် ဂါထာလိုမျိုးထင်နေကြတဲ့အသိ ပညာအတွေးအခေါ်မျိုးနဲ့ ဒီမိုကရေစီကို ကျင့်သုံးဖို့ မအောင်မြင်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က လက်ညှိုးထိုးတဲ့အခါ၊ အားကျတဲ့အခါ ဒီမိုကရေစီဘိုးအေနိုင်ငံတွေကို လက်ညှိုးထိုးတာ အားကျတာ သူတို့နိုင်ငံတွေရဲ့ ပညာရေးက ပျမ်းမျှအထက်တန်းအဆင့်အထက်မှာ ရှိမှာပါ။ ဒီမိုကရေစီဆိုတာကို နားလည်သဘောပေါက် ကျင့်သုံးတတ်ကြပါတယ်။

ပါတီဆိုရင်လည်း ပါတီရဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ကြည့်ပြီး လေ့လာပြီးမှ ရွေးကြတာ။ ပါတီကို ကြိုက်သော်လည်း ပါတီကိုယ်စားလှယ်ကို လေ့လာကြပါသေးတယ်။ ပါတီကိုယ်စားလှယ်ရဲ့ ကိုယ်ရေးရာဇဝင်အချက်အလက်တွေနဲ့ လုပ်ပုံကိုင်ပုံတွေကို မကြိုက်ပြန်ရင်လည်း ဒီကိုယ်စားလှယ်ကို မရွေးကြပြန်ဘူး။ တိုင်းပြည်ရဲ့ ကံကြမ္မာလမ်းကြောင်းကို အဆုံးအဖြတ်ပေးနိုင်တဲ့ အသိပညာရှိဖို့ပါပဲ။

ကျွန်တော်တို့ပြည်သူတွေ ပညာတတ်များလာသည်နှင့်အမျှ တိုင်းပြည်အတွက် လမ်းကြောင်းမှန်ကို စနစ်တကျရွေးချယ်ပေးနိုင်ကြမှာပါ။ ကျွန်တော်တို့ငယ်ငယ်က ကြားဖူးသလို၊ လူလည်အမတ်တွေရဲ့ အလိမ်ခံရမှုလည်း နည်းပါးသွားနိုင်ပါတယ်။

အနိမ့်ဆုံးအဆင့် ပညာတတ် မိခင်၊ ဖခင်ရဲ့ အိမ်တွင်းမိသားစုရေးရာ ထိန်းကျောင်းမှုဟာ ပညာအားနည်းတဲ့ မိဘရဲ့ ထိန်းကျောင်းမှုထက် ပိုအဆင့်မြင့်ပြီး အမြော်အမြင်နဲ့ ပြည့်စုံမှာပါ။

ဒီလိုအိမ်ထောင်စုမျိုးတွေကမှပဲ တိုင်းပြည်အတွက် သားကောင်းတွေ၊ လူရည်ချွန်တွေ၊ နိုင်ငံ့ဂုဏ်ဆောင်တွေ မွေးထုတ်ပေးနိုင်မှာပါ။ ပညာတတ်တစ်ယောက်နဲ့ ပညာမတတ်တဲ့ လူတစ်ယောက် ရုံးပြိုင်ကန္တားသွားတာတောင် မတူပါဘူး။ ပညာရဲ့ရင့် ပွဲလယ်တင့်ပါသတဲ့။

ကိုယ်တွေ့ ကြုံဖူးကြမှာပါ။ နောက်ဆုံး ကျွန်တော်ပြောချင်တာကတော့ ပညာကို ငွေကြေး၊ ရာထူးဌာနန္တရလောက်နဲ့ သိမ်နုပ်စွာ တိုင်းတာလို့ မရပါဘူး။ အမှန်ကတော့ ပညာဆိုတာ ကမ္ဘာလောကကို အလှဆင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှတရားတစ်ခုပါ။ ကမ္ဘာကြီးမပျက်စီးအောင် ထိန်းသိမ်းပေးတဲ့ စွမ်းအား တစ်ခုပါ။

ကျွန်တော်တို့လူမျိုးတွေ ပညာကို တန်ဖိုးထားတတ်ကြပါစေလို့ ကျွန်တော်တိုက်တွန်း နှိုးဆော်ချင်တာပါပဲ။

*၂၀၁၂၊ ဇန်နဝါရီ၊ သရုပါ ရသစာပေ မဂ္ဂဇင်း*

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ခံအားနည်းနေသော အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ

ယနေ့ကာလ လူငယ်များအတွင်း မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာ ဓလေ့စရိုက်တွေ အားနည်း၊ ယိုယွင်းပျက်စီးလာနေသည်ကို တွေ့ရသည်။ တဖြည်းဖြည်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာတွေက ယိုင်နဲ့ကျိုးကြေပြီး အတော်ပင် ကိုယ်ခံအားနည်းလာနေပေပြီ။ မိန်းကလေးများက ပေါင်ပေါ်၊ ဒူးပေါ်၊ ရင်ပေါ်၊ ကျောပေါ်၊ ဖင်ပေါ်၊ ချက်ပေါ်၊ ဝတ်စားနေထိုင်ရခြင်းကို အထူးအဆန်းမဖြစ်ကြတော့ပါ။ ဝတ်ရိုး၊ ဝတ်စဉ်၊ သမားရိုးကျ၊ သာမန်အနေအထားတစ်ရပ်ဟု ထင်မြင်ယူဆ ကျင့်သုံးနေကြပေပြီ။ လူကြီးမိဘတွေကလည်း ပြောဆိုတားမြစ်ခြင်း မပြုကြတော့ပါ။ ပြောဆို၍ မရခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

အသက် (၄၀)ကျော် (၅၀)ဝန်းကျင် မိခင်ဖြစ်သူအချို့လည်း သမီးများနှင့် အပြိုင်ကျဲ၍ ကျောကွဲ၊ ရင်ကွဲ၊ ဖင်ခွဲ၊ တင်ကွဲအဝတ်အစားတွေ ဖြစ်လိုက်ကြပြီ၊ ဆံပင်ပုံစံမျိုးစုံနှင့် ဖြူနီကြောင်ကြား တက်ကနီကာလာအရောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးထားကြပေပြီ။ ဒီလို မိခင်မျိုးတွေ၏သမီးများ ဒီလိုဖြစ်ကုန်ကြသည်က တော့ အထူးအဆန်းမဟုတ်တော့ပါ။

ပြီးခဲ့သည့် သကြန်ကာလအတွင်းက အဆုံးစွန် ပျော်ရွှင်မြူးထူး လွတ်လပ်နေခဲ့ကြသော အမျိုးသမီးငယ်လေးများ၏ ဓာတ်ပုံများ၊ အကြောင်း အရာများကို မြင်ရကြားရသည်မှာ စိတ်မချမ်းမြေ့စရာကောင်းလှသည်။ ယောက်ျားကလေးများလည်း ငယ်ငယ်ရွယ်ရွယ်နှင့် အရက်သမား၊ လောင်း ကစားသမားများ ဖြစ်နေကြသည်။ အပြောအဆို၊ အပြုအမူ၊ အနေအထိုင် တွေ ရိုင်းပျကုန်ကြသည်။ မိဘ၊ ဦးကြီး၊ ဘကြီး၊ ဒေါ်ကြီး၊ ဒေါ်လေး စသည့် လူကြီးသူမများကို အရိုအသေကင်းမဲ့ကုန်ကြသည်။ အလေးမထားကြတော့ ပါ။ အရက်ကြောင်၊ ဆေးကြောင်ပြီး အုပ်စုဖွဲ့ ရန်ဖြစ်သည်။ အုပ်စုဖြင့် လူသတ်သည်။ ရိုက်နှက် ရမ်းကားသည်အထိ ဖြစ်ကုန်ကြပြီ။ အများအား ဖြင့် မြို့ကြီးပြကြီးများရှိ လူငယ်များအတွင်း ဤကဲ့သို့ ဓလေ့စရိုက်များ ဖြစ်ပေါ်နေပေပြီ။

တစ်နိုင်ငံလုံးရှိ လူငယ်အရေးအတွက်နှင့်ယှဉ်လျှင် အနည်းစုဟု ဆိုနိုင် သော်လည်း လျစ်လျူရှုထားရမည့် အခြေအနေမဟုတ်ပါ။ မကြာမီ နှစ်များ အတွင်း တောနယ်များရှိ လူငယ်များသို့ပါ ကူးစက်သွားနိုင်ပါသည်။ စိုးရိမ် စရာကောင်းသော အခြေအနေဖြစ်ပါသည်။ မြန်မာလူငယ် ယောက်ျားလေး၊ မိန်းကလေးများ ယနေ့ကာလတွင် ဤသို့ဖြစ်ကုန်ကြသည်မှာ အဘယ့် ကြောင့်နည်း။ အဖြေရှာကြည့်ရန် လိုပါသည်။

နိုင်ငံကို တံခါးပိတ်ထားခဲ့သော အချိန်ကာလကထက် တံခါးဖွင့်လိုက် သည့် အချိန်ကာလတွင် လူငယ်ထုအတွင်း ပျက်စီးယိုယွင်းမှု ပိုမိုများပြား မြန်ဆန်လာခဲ့ပါသည်။ အဓိကမှာ လူငယ်များအတွက် ကောင်းသော ပတ်ဝန်းကျင်ကို မဖန်တီးပေးနိုင်ဘဲ အမှုမဲ့ အမှတ်မဲ့ သတိလက်လွတ် လုပ်ကြကိုင်ကြရင်းဖြင့် လူငယ်များအတွက် မကောင်းသော ပတ်ဝန်းကျင် ကို ဖန်တီးပေးမိသောကြောင့်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ တက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၀–ဝန်းကျင်ကဆိုလျှင် ရန်ကုန်မြို့၌ ဘီယာဆိုင်ဆို၍ အစိုးရက ဖွင့်သော နန်းသီတာ၊ မြမံလာ၊ မြခြည်ဦး စသည့် ဘီယာဆိုင် သုံးလေးဆိုင်သာ အထင်ကရရှိသည်။ ပုဂ္ဂလိက စားသောက်ဆိုင်ဆို၍လည်း ဟိုက်စွမ်၊ နန်စင်း၊ ဟောင်ကောင် စသည့် အရက်ဘီယာရသည့် ဆိုင်အချို့သာ ရှိပါသည်။ အများအားဖြင့် ပုဂ္ဂလိက စားသောက်ဆိုင်များမှာ လူငယ်များ လက်လှမ်းမမီပါ။ အစိုးရဘီယာဆိုင် တွင်ပင် ဘီယာတစ်ပုလင်း သုံးကျပ်ဝန်းကျင်ရှိပါသည်။ နေ့စားတစ်ဦး လုပ်ခ ၃ကျပ် ၁၅ပြားသာ ရရှိချိန်တွင် ဘီယာတစ်ပုလင်းသောက်ဖို့ဆို သည်မှာ အတော်စဉ်းစားရပါသည်။ သောက်ချင်သူများ ရပ်ကွက်အတွင်းရှိ အစိုးရ ဘီအီးအရက်ဖြူဆိုင်ကိုသာ အားထားရပါသည်။ အစိုးရအရက်ဆိုင် ကလည်း ရပ်ကွက်တိုင်းတွင် မရှိပါ။ အရက်ပုန်းရောင်းချမှုများကိုလည်း ဖိဖိစီးစီး ဖမ်းဆီးနှိပ်ကွပ်ပါသည်။ အရက်ပုန်းများ ဖမ်းဆီးရမိခြင်းသည် သတင်းစာတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြရသော သတင်းထူးဖြစ်ပါသည်။

ဆိုလိုချင်သည်မှာ ထိုကာလက လူငယ်တစ်ဦး အရက်ဘီယာသောက် ဖြစ်ဖို့ မလွယ်ကူခြင်း၊ ခက်ခဲခြင်းကို ပြောလိုခြင်းဖြစ်ပါသည်။ ယနေ့ကာလ တွင်တော့ လက်ညှိုးထိုးလိုက်သည့်အတိုင်း တည့်တည့်လိုက်သွားလိုက် လျှင် တစ်မိုင်မပြည့်မီအတွင်း အရက်ဆိုင်၊ ဘီယာဆိုင်(သို့မဟုတ်) အရက် ဘီယာရသော စားသောက်ဆိုင်၊ KTV စင်တင်တေးဂီတ စားသောက်ဆိုင်၊ အရက်ပုန်းဆိုင်(တရားမဝင် လမ်းဘေးအရက်ဆိုင်)တစ်ဆိုင်မဟုတ် တစ်ဆိုင် မုချတွေ့ပါလိမ့်မည်။ လက်ဖက်ရည်တစ်ခွက်ထက် အရက်တစ်ပိုင်း (ပုလင်း တစ်ပြား)က ပိုဈေးပေါနေချိန်တွင် လူငယ်များ အရက်သမားဖြစ်ကုန်ကြပါ သည်။ မိန်းကလေးများ ဘီယာဆိုင်ထိုင်တတ်လာကြပါသည်။ မိန်းကလေး များ ဧည့်ခံသော KTV ဆိုင်များ၊ စင်တင် စားသောက်ဆိုင်များ၊ နိုက်ကလပ် များ တရားဝင်ဖွင့်ခွင့် မပြုထားသော်လည်း အတော် ပေါပေါများများရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ မှုံးယစ်ဆေး၊ စိတ်ကြွဆေးတွေကလည်း လူငယ်ထုအတွင်း ထိုးဖောက်ဝင်နေသည်။ ဖမ်းဆီးထိန်းသိမ်းနေသည့်ကြားထဲက ဝင်လာမစဲ တသဲသဲပင်။

အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလက္ခဏာများ ကိုယ်ခံအား နည်းနေသည့်ကာလတွင် ထိုးဖောက်ဝင်လာသော နိုင်ငံခြားဇာတ်လမ်းများ ထဲမှ ကျောပေါ်၊ ရင်ပေါ်၊ တင်ပေါ်၊ ချက်ပေါ် ဝတ်စားဆင်ယင်မှုများ၊ ဆိုဂျူး ယဉ်ကျေးမှုများက မိန်းကလေးများကို ဖမ်းစားသွားသည်၊ မေမေကြီး၊ မေမေ လေး အိမ်ထောင်ရေး သရုပ်ပျက်ဇာတ်လမ်းများ၊ အိမ်ထောင်ရှိသူကိုပါ ချစ်ကြိုက်နေသော သုံးပွင့်ဆိုင်ဇာတ်လမ်းများက အလွယ်တကူ ဖောက်ပြန် ကျူးလွန်မှုတွေ ဖြစ်ပေါ်စေတော့သည်။ မြို့စွန်မြို့ဖျား လယ်ကွင်းများကြားရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများအနီးတွင် တည်းခိုခန်းများ၊ နှစ်ယောက် တည်း လွတ်လပ်စွာ ထိုင်လို့ရသည့် အခန်းငယ်၊ အဆောက်အအုံငယ်လေး များဖြင့် စားသောက်ဆိုင်များ ပေါ်ပေါက်လာခဲ့ပါပြီ။ လူငယ်နှင့် တက္ကသိုလ် ကျောင်းများ၏ ဂုဏ်သိက္ခာက ညှိုးနွမ်းနေပါပြီ။

စိတ်ဓာတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားကောင်းခဲ့သော တစ်ချိန်ကာလတုန်း ဆီကလည်း နိုင်ငံခြားယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခဲ့ဖူးပါသည်။ သို့သော်လည်း လူငယ်များ၏ စိတ်ဓာတ်၊ စာရိတ္တ ယိုင်နဲ့မသွားပါ။ မပျက် စီးသွားပါ။ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးဖက်တွယ်ထားမြဲ၊ ကိုယ့်အမျိုးသား ဓလေ့၊ စရိုက်များကို ထိန်းသိမ်းကျင့်သုံးကြမြဲ ဖြစ်ပါသည်။ မူလတန်းမှ တက္ကသိုလ်အထိ သင်ကြားခဲ့ရသော ဘာသာရေးအဆုံးအမများ၊ ပြည်သူ့ နီတိ၊ လောကနီတိ စသည်တို့နှင့် ဆုံးမစာများ၊ နာမည်ကြီး ပုဂ္ဂိုလ်များ၊ စာရေးဆရာများတို့၏ ဟောပြောချက်၊ ပို့ချချက်များ၊ အသင်းအပင်းအဖွဲ့ အစည်းများက ပြုလုပ်သော ဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ ကျမ်း စကားပြောပွဲများ၊ ရသစာပေများ၊ အတ္ထုပ္ပတ္တိစာပေများ၊ တက်ကျမ်းများ



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့က လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံစွမ်းအားကို မြှင့်တင်၍ တောင့်တင်းကြံ့ခိုင်စေခဲ့ပါသည်။

မိန်းကလေး၊ ယောကျ်ားလေး တစ်ဦးဦး အနောက်တိုင်းဟန်ပုံစံ တုပ ဝတ်ဆင်လိုက်သည်နှင့် 'ဘိုရူး'ဟု ရွတ်ချ လှောင်ပြောင်ကြပါလိမ့်မည်။ လူငယ်များ ရန်ပွဲတွင် တစ်ယောက်ကို နှစ်ယောက် သုံးယောက်က ဝိုင်းထိုးလျှင် 'ဟေ့ မတရားမလုပ်နဲ့ကွ။ ယောကျ်ားမဟုတ်ဘူးလား။ တစ်ယောက်ချင်းချပါလား။ သတ္တိမရှိဘူးလား'ဟု ဝိုင်းအော်ကြပေမည်။ သို့မဟုတ်လျှင် အားနည်းသူဘက်မှ ဝင်ကူကြပေလိမ့်မည်။ အရက်သမား ဘိန်းစားများ ကျေးရွာ၊ ရပ်ကွက်အတွင်း၌ နေစရာမရှိပါ။ ပေါ်ပေါ်ထင်ထင် မနေရဲပါ။ အလွန်သိမ်ငယ်ပါသည်။ ဆွေမျိုးမိဘများလည်း မျက်နှာမလှ ဖြစ်ရပါသည်။ မိန်းကလေးများ ဘီယာဆိုင်ထိုင်ဖို့ဝေးစွ၊ လက်ဖက်ရည်ဆိုင်ပင် မထိုင်ရဲကြပါ။ အိမ်ထောင်ရေးဖောက်ပြန်မှုမပြောနှင့်၊ မိန်းကလေးများ ရည်းစားများလျှင်ပင် မိဘမောင်ဘွားများ အရှက်ရကြပါသည်။ မြန်မာလူမှု အဖွဲ့အစည်းက ဤကဲ့သို့အဖွဲ့အစည်းမျိုးဖြစ်ပါသည်။

ထို့ကြောင့် မြန်မာလူငယ်ထုအတွင်း စိတ်ဓာတ်နှင့် စာရိတ္တကိုယ်ခံအား ကောင်းအောင် အမျိုးသားရေးနှင့် ယှဉ်သော ဒီမိုကရေစီပညာရေးဖြင့် ကုစားကြရပါမည်။ အမျိုးသားစာပေကဏ္ဍကို မြှင့်တင်ပေးရပါလိမ့်မည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းလာအောင် ဆောင်ရွက်ပေး ရပါမည်။ ထူးချွန်လူငယ်များ၊ တာဝန်သိသော လူငယ်များ၊ နိုင်ငံသား ကောင်းများ ဖြစ်လာရေးကို အထောက်အကူပြုသော လူရည်ချွန်၊ ဘက်စုံ ထူးချွန်လူငယ်၊ ကင်းထောက်လူငယ် စသည့် ဖွဲ့စည်းလေ့ကျင့် ဆောင်ရွက် မှုများကိုလည်း ကြိုဆိုအပ်ပါသည်။

☆ ☆ ☆



## ငါ့ဝန် ငါထမ်း – စစ်ကိုင်းရောက်ရောက်

(၁) အပြောင်းအလဲနှင့် ဝန်ထမ်းသိက္ခာ
(၂) ခေါင်က မိုးလုံမှ
(၃) ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်
(၄) ဟုတ်ကဲ့ အဘ
(၅) ဆင့်ကဲအုပ်ချုပ်ကွပ်ကဲမှု

www.burmeseclassic.com

www.burmeseclassic.com

## ဦဝန် ငါထမ်း–စစ်ကိုင်းရောက်ရောက်

(၁) အပြောင်းအလဲနှင့် ဝန်ထမ်းသိက္ခာ
(၂) ခေါင်က မိုးလုံမှ
(၃) ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်
(၄) ဟုတ်ကဲ့ အဘ
(၅) ဆင့်ကဲအုပ်ချုပ်ကွပ်ကဲမှု

www.burmeseclassic.com

www.burmeseclassic.com



၈

# အပြောင်းအလဲနှင့် ဝန်ထမ်းသိက္ခာ

၂၀၁၀၊ နိုဝင်ဘာ ရွေးကောက်ပွဲမတိုင်မီ အကြိုကာလက မဲမထည့်ရန်၊ မဲမပေးရန် ရွေးကောက်ပွဲကို ဆန့်ကျင်ရန်၊ သပိတ်မှောက်ရန် စသည်ဖြင့် လှုံ့ဆော်၊ ကန့်ကွက်မှုများကြားမှပင် မဲပေးရန်၊ မဲထည့်ရန် ဆန္ဒပြင်းပြနေသူများစွာကို တွေ့ခဲ့ရပါသည်။ 'ဘာကြောင့် ဒီလောက်တောင် မဲထည့်ချင်နေရတာလဲ၊ စိတ်အားထက်သန်နေရတာလဲ'ဟု မေးကြည့်သောအခါ 'အပြောင်းအလဲကို လိုချင်လို့'၊ 'မသေခင် အပြောင်းအလဲလေးတော့ မြင်သွားချင်လို့'ဟု ဖြေကြပါသည်။ 'အပြောင်းအလဲလေးတော့ ဖြစ်ပါရဲ့၊ ခုထက် ပိုဆိုးသွားတာမျိုးဖြစ်လာရင် ဘယ်လိုလုပ်မလဲ'ဟု ထပ်ဆင့်မေးကြည့်မိပါသည်။ ရလာသောအဖြေက ရှင်းပါသည်။ 'ပြောင်းရင် တော်ပြီဗျာ၊ ပိုဆိုးရင်လည်း ဆိုးပေစေ၊ ခါးစည်းပြီး ခံလိုက်မယ်'ဟု ဖြစ်ပါသည်။ လက်ရှိ အခြေအနေကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အပြောင်းအလဲကို လိုချင်သည်မှာ လူ့သဘာဝပင်ဖြစ်ပါသည်။ နိုင်ငံတကာတွင်အစိုးရအဖွဲ့ သက်တမ်းကို လေးနှစ်၊ ငါးနှစ် စသည်ဖြင့် သတ်မှတ်ထားခြင်းမှာ ဤလူ့သဘာဝကြောင့်ပင်ဖြစ်ပါသည်။

ယခုအခါ အပြောင်းအလဲကို လိုချင်သော ပြည်သူလူထု၏ ထောက်ခံကျေပွန်မှုဖြင့် အစိုးရသစ်က လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစိုးရသစ်သည် စိန်ခေါ်မှုများကြားမှပင် ဖြစ်သင့်ဖြစ်ထိုက်သော အပြောင်းအလဲများကို စတင်ဆောင်ရွက်နေကြောင်း တွေ့မြင်ရပါသည်။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို တိုးမြှင့်ပေးလိုက်သော ဆောင်ရွက်ချက်သည် အရှိန်အဟုန်ပြင်းစွာ ရိုက်ခတ်ခဲ့ပါသည်။ ဝမ်းသာကြည်နူးစွာပြောသော စကားသံများ၊ ပီတိမျက်ရည်များထွက် မုဒိတာပွားမိကြရပါသည်။ အစိုးရအဖွဲ့သစ်အနေဖြင့် ဝန်ထမ်းများအပေါ် အလေးထား၊ တန်ဖိုးထားကြောင်းပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ ဝမ်းမြောက်ပျော်ရွှင်နေသော စကားသံများကြားမှပင် ဝန်ထမ်းများအတွက် ပြောင်းလဲမှုတွေ ဆက်လက်လုပ်ပေးရန်လိုသေးကြောင်း ပြောသံများ ကြားရပါသည်။ အများအားဖြင့် ထက်–အောက်ဆက်ဆံရေးကို အပြောများကြပါသည်။ အစိုးရဝန်ထမ်းများဖြစ်၍ ဂုဏ်သိက္ခာရှိရှိ ဆက်ဆံချင်ကြပါသည်။ ‘စတိုးဆိုင်မှာ ဝင်လုပ်တာ လခပိုရပါတယ်။ ဒါပေမဲ့ ဆက်ဆံရေးကိုတော့ ကျွန်လို ဆက်ဆံချင်တာ။ ဆူတာပြောတာထက် ဆဲတာက ပါသေးတယ်၊ ကိုယ့်မိဘပါခိုက်ပြီး ဆဲလာတော့ မခံနိုင်တော့ဘူး။ လစာနည်းချင်နည်းပစေ၊ ဂုဏ်သိက္ခာရှိတဲ့ အစိုးရအလုပ်ပဲ လုပ်တော့မယ်ဆိုပြီး ဝင်လုပ်တာ၊ ဒါပေမဲ့ ဒီမှာလည်း . . .’ဟု ပြောသူများ ရှိပါသည်။ လူကြီးတွေ သိစေချင်၊ ပြင်ပေးစေချင်ကြပါသည်၊ ရာထူးခန့်အပ်မှုများ၊ ရာထူးတိုးမြှင့်မှုများ၊ အပြောင်းအရွှေ့များတို့တွင် မှန်ကန်သော ထိန်းကျောင်းမှု၊ ကြီးကြပ်မှုတစ်ရပ်ရှိစေချင်ကြပါသည်။ ဝန်ထမ်းတစ်ဦး၏ ဘဝကို သက်ဦးဆံပိုင်တစ်ဦးလက်ထဲ အပ်ထားရသလိုမျိုး မဖြစ်စေချင်ကြပါ။ ဝန်ထမ်းများနှင့်ပတ်သက်၍ အလေးထားသော အစိုးရအဖွဲ့သစ်သည် ဝန်ထမ်းများအတွက်လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပြုပြင်ဆောင်ရွက်ပေးသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် ရှိကြပါသည်။

*၂၀၁၁၊ အောက်တိုဘာ၊ နရသိန်မျှင်း*

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



# ခေါင်က မိုးလုံမှ

ဝန်ထမ်းလောကတွင် မည်သို့သောနည်းမျိုးဖြင့်ဖြစ်စေ၊ ကိုယ့်အတွက် များများရအောင်ရှာပြီး မိမိအား ချီးမြှောက် မြှင့်တင်ပေးနိုင်သောသူ၊ ကောင်းကျိုး, ဆိုးကျိုးပေးနိုင်သောသူအား များများပံ့ပိုးနိုင်၊ ပေးနိုင်သူကို လူတော်ဟု ပြောကြ၊ သတ်မှတ်ကြသော အချိန်ကာလတစ်ခု ရှိခဲ့ပါသည်။ ကြောက်စရာကောင်းသော အတွေးအခေါ်ဖြစ်ပါသည်။ ဝန်ထမ်းလောကကို ပျက်စီးစေခဲ့သော အတွေးအခေါ်လည်းဖြစ်ပါသည်။

ဝန်ထမ်းများလောကတွင် မည်မျှရိုးသားသူဖြစ်ပါစေ၊ ငွေကြေးဥစ္စာနေ မပြည့်စုံလျှင် အထက်ကရော အောက်ကပါ အထင်မကြီးပါ။ အရာမသွင်းပါ။ မည်သို့ပင် ဖောက်ပြန်သူဖြစ်စေကာမူ ငွေကြေးဥစ္စာနေ ပြည့်စုံကြွယ်ဝလျှင် အားလုံးက အထင်ကြီးပါသည်။ နေရာပေးချင်ကြ၊ အရောဝင်ချင်ကြသည်။ သို့ဖြင့် ကျန်သော ဝန်ထမ်းများကို အောင်မြင်ချင်လျှင် သူ့လိုလုပ်ကြဟု လမ်းညွှန်သလိုဖြစ်ခဲ့သည်။ ဖြတ်သန်းခဲ့ပြီဟု ဆိုနိုင်သော်လည်း

www.burmeseclassic.com



ဝန်ထမ်းလောကတွင် ဤအတွေးအခေါ်သည် နှိပ်စက် ဖျက်ဆီးနေဆဲဖြစ်ပါသည်။

နိုင်ငံတော်သစ်ကို စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်တို့ဖြင့် သွားကြရပါမည်။ နိုင်ငံတော်တွင် Clean Government, Good Governance ဟု လမ်းညွှန် ကြွေးကြော်၍ ချီတက်နေကြပါပြီ။ ယခင်ကတည်းက 'တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး'ဟု လူမှုရေးဦးတည်ချက်တစ်ရပ်ထည့်သွင်းခဲ့သော်လည်း အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ နိုင်ငံတော်သစ်ကို ပင်ကိုယ် စာရိတ္တကောင်းသော ဝန်ထမ်းများ၊ နိုင်ငံသားများ၊ မျိုးဆက်သစ်များဖြင့် တည်ဆောက်ကြရပါမည်။ ပင်ကိုယ်စာရိတ္တဆိုသည်မှာ လူတစ်ဦးချင်း (သို့) လူမျိုးတစ်မျိုးတွင် ရှိမည့် ထူးခြားသော အရည်အချင်းများ၊ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများကို စုပေါင်း၍ အကြမ်းဖျင်း ဖော်ပြချက်ဖြစ်သည်ဟု ချိမ်းဘားအဘိဓာန်တွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံမှ ခေါင်းဆောင်ကြီး ရာဒါခရစ်ရှုနန်က အောက်ပါအတိုင်း ပြောဆိုခဲ့ပါသည်။

'ပင်ကိုယ်စာရိတ္တသည် ကံကြမ္မာကို ဖန်တီးလေသည်၊ လူမျိုးတစ်မျိုး၏ ကံကြမ္မာသည် ထိုတိုင်းပြည်တွင်ရှိသည့် ပြည်သူပြည်သားအားလုံး၏ ကိုယ်ပိုင် စာရိတ္တအရည်အသွေးပေါ်တွင် မူတည်၍ တည်ဆောက်ရသည်။ ကိုယ်ပိုင်အရည်အသွေးညံ့သော တိုင်းသူပြည်သားများဖြင့် ထိပ်တန်းနိုင်ငံကြီးတစ်ခုကို တည်ဆောက်၍ မရနိုင်ချေ။ ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံ တည်ဆောက်လိုလျှင် ကျွန်ုပ်တို့သည် လူငယ်လူရွယ်များအား ပင်ကိုယ်စာရိတ္တနှင့် ပြည့်စုံအောင် သင်ကြားလေ့ကျင့်ပေးရမည်'

ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းပါသည်။ အတွေးအခေါ်နှင့် အမူအကျင့်များ ပြောင်းဖို့ လိုပါသည်။ ပင်ကိုယ် စာရိတ္တကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လူရွယ်များဖြင့် ဝန်ထမ်းလောကကို ပြုပြင်တိုးမြှင့် တည်ဆောက်ရပါမည်။ ခေါင်းက မိုးလုံသော စံနမူနာပြ အကြီးအကဲများ ဦးဆောင်သော ဝန်ထမ်းဌာန၊ ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ရန် လိုအပ်ပါသည်။

၂၀၁၂၊ ဇန်နဝါရီ၊ နရသိန်မဂ္ဂဇင်း

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



## ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် (၂၆)နှစ်အတွင်း တိုင်းပြည်၌ အထွေထွေဆုတ်ယုတ်မှု၊ ကျဆင်းမှု၊ ပျက်စီး ချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ဆုတ်ယုတ်ပျက်စီးမှု၊ ကျဆင်းမှုများအထဲတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်ပျက်စီးမှုမှာ နှမြောစရာအကောင်းဆုံးနှင့် စိုးရိမ်စရာအကောင်းဆုံးဖြစ်ပါသည်။ ယနေ့ သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်(Good Governance)ဟု ကြွေးကြော် ပြင်ဆင်လုပ်ကိုင်နေရခြင်းသည် ထိုစိတ်ဓာတ်ပျက်စီးမှု၏ အခြေခံအကြောင်းကြောင့်ဖြစ်ပါသည်။ ပျက်စီးခဲ့သော ကာလကြာပြီဖြစ်၍ ပြင်ဆင်တည်ဆောက်ရမည့် ကာလလည်း တိုတောင်းလိမ့်မည် မဟုတ်ပါ။ ‘ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်’ဟု စပြီး ရွတ်ဆိုလိုက်လျှင် ဆက်ပြီး အတော်ရှည်ရှည်ရွတ်ရပါလိမ့်ဦးမည်။ နောက်ဆုံးကျမှ ‘ငါ့ဝမ်းပူဆာ မနေသာ၊ အစာရှာလို့ ကိုက်ရတယ်’နှင့် အဆုံးသတ်နိုင်ပါလိမ့်မည်။ ပျက်စီးခဲ့သောအဆင့်၊ ပျက်စီးခဲ့သော အချိန်ကာလ များပြားကြာညောင်းခဲ့ပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့် ဝန်ထမ်းကို ဖြုတ်ပစ်၊ ထုတ်ပစ်၊ ထောင်ချပစ်ရုံနှင့် ဤရောဂါဆိုးကြီးကို ကုစားနိုင်မည်မဟုတ်ပါ။ ဝန်ထမ်းများ၏ စိတ်ဓာတ်ပျက်စီးမှုတွင် အပိုင်းနှစ်ပိုင်းဖြစ်နိုင်ပါသည်။ တစ်ပိုင်းမှာ တံစိုးလက်ဆောင်၊ လာဘ်လာဘယူခြင်းဖြစ်ပြီး နောက်တစ်ပိုင်းမှာ အထက်နှင့် ပြည်သူကို လိမ်ညာခြင်းဖြစ်ပါသည်။

၎င်းနှစ်ခုမှာ အပြန်အလှန်အားဖြင့်လည်း ဆက်စပ်မှုရှိပါသည်။ ၎င်းရောဂါဆိုးကို ကုစားနိုင်ရန်မှာ အခြေခံအကြောင်းတရားကို မှန်ကန်စွာရှာနိုင်ဖို့ လိုပါသည်။ အောက်က လူတွေကြောင့် အထက်မှာ လာပြီး နာမည်ပျက်ရတာဟု လူကြီးကြိုက် အဖြေမျိုးထုတ်လျှင် အမှန်တရားနှင့် မနီးစပ်နိုင်ပါ။ ပထမ ဖြစ်နိုင်ဖွယ်သော အကြောင်းတစ်ချက်မှာ ငါ့ဝမ်းပူဆာဆိုသော အချက်ဖြစ်ပါသည်။ အူမ, မတောင့်သဖြင့် သီလမစောင့်နိုင်သော ဒုက္ခဟုလည်း ပြောခဲ့ကြဖူးပါသည်။ ဤသည်မှာ အခြေခံအကြောင်းတစ်ခုဟု မြင်ပါသည်။ ဤအခြေခံအကြောင်းကို ဆင်ခြင်ရာတွင် ငါ့ဝမ်းဟူသောစကားနှင့် အူမ,မတောင့်ဟူသော စကားကို သတိကြီးစွာထား၍ ဆင်ခြင်ရန် လိုအပ်ပါသည်။

စပါးကြီးမြွေသည် သားကောင်ကို မျိုပြီးလျှင် ငြိမ်သက်စွာ ရစ်ခွေနေပါသည်။ ကြွေ့မရ၊ လှုပ်လှုပ်ရှားရှားလုပ် မနေတော့ပါ။ ကျား၊ ခြင်္သေ့၊ ကျားသစ် စသည့် သားရဲများသည်လည်း အစာစားပြီး အစာဝလျှင် ငြိမ်သက်ကြွေ့ရစွာ ဝပ်တွား လဲလျောင်းနေတတ်ကြပါသည်။ ပြေးပြေးလွှားလွှား၊ လှုပ်လှုပ်ရှားရှား၊ ဟိုချောင်းဒီချောင်းမလုပ်ကြတော့ပါ။

သို့ရာတွင် လူများမှာတော့ ထိုသို့မဟုတ်ပါ။ အစာဝသော်လည်း လူသည် ကြွေ့မရပါ။ ငြိမ်သက်မနေပါ။ ဟိုချောင်းဒီချောင်းနှင့် ရရာရကြောင်းချောင်းနေတုန်းပင်ဖြစ်ပါသည်။ ဘယ်သူတွေ ကြွေ့မရဖြစ်သနည်း၊ ဘယ်သူတွေ ချောင်းနေသနည်း၊ အဖြေရှာကြည့်ရန်လိုပါသည်။ 'င' ငလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဆိုသော ဆောင်ပုဒ်တစ်ခု ပေါ်ထွက်ခဲ့ဖူးပါသည်။ ၎င်းဆောင်ပုဒ်မှာ အောက်ခြေ ဝန်ထမ်းများ၏ ရုံးများတွင် ကပ်ရန်မလိုပါ။ အောက်ခြေ ဝန်ထမ်းများမှာ ထမင်းစားဖို့ ဆေးကုဖို့ သားသမီး ကျောင်းထားဖို့ စသော အခြေခံ လိုအပ်ချက်များအတွက်ပင် မနည်းရုန်းကန်နေရသူများဖြစ်ပါသည်။

ဤတွင် ဆက်စပ်လျက်ရှိသော နောက် ဖြစ်နိုင်ဖွယ်အခြေခံအကြောင်း တစ်ချက်မှာ 'ခေါင်က မိုးမလုံ'ဟူသောအချက်ဖြစ်ပါသည်။ အဖွဲ့အစည်းများ၊ တပ်ဖွဲ့များ၊ ရုံး၊ ဌာနများ၏ အောင်မြင်မှု၊ ရှုံးနိမ့်မှုများအတွက် ပြောဆိုသုံးသပ်ကြသည့်အခါ 'တွေ့တယ်မဟုတ်လား၊ ခေါင်းဆောင်ပဲကွ၊ ခေါင်းဆောင်ပေါ် မူတည်တာပဲ'ဟု ပြောလေ့ရှိပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ ကမ္ဘာသိ တိုးတက်ပြောင်းလဲ အောင်မြင်မှုများသည် နိုင်ငံ့ခေါင်းဆောင်၊ လူထုခေါင်းဆောင်တို့ကြောင့်ဟုဆိုလျှင် မည်သူမှ ငြင်းနိုင်မည်မထင်ပါ။ ခေါင်းဆောင်သည် ခေါင်က မိုးလုံရန် လိုပါသည်။ ဝမ်းလည်း ဝပြီ၊ အူမလည်း တောင့်ပြီဖြစ်ပါလျက် ခေါင်းဆောင်က မကျေနပ်သေးဘဲ ဝိသမလောဘဖြင့် မြေရှိသမျှ လက်ညှိုးထိုး လိုချင်နေသေးလျှင်၊ ကားရှိသမျှ လက်ညှိုးထိုး၊ အိမ်တွေ့သမျှ လက်ညှိုးထိုး လိုချင်နေသေးလျှင် ထိုခေါင်းဆောင်ရှိသော အဖွဲ့အစည်း၊ ရုံး၊ ဌာနမှ ဝန်ထမ်းများ မည်သို့မျှ ကောင်းရန် အကြောင်းမရှိပါ။ ရှေ့ဆောင် နွားလား၊ ဖြောင့်ဖြောင့်သွားမှ နောက်နွားစဉ်စိုက် ဖြောင့်ဖြောင့်လိုက်ပါသည်။

၂၀၁၂၊ ဒီဇင်ဘာ၊ နရသိန်

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



၄

# ဟုတ်ကဲ့အဘ

၁၉၈၅ ခုနှစ်ခန့်မှစ၍ ဝန်ထမ်းလောကသို့ 'အဘ'ဆိုသော အခေါ် အဝေါ် စတင်ဝင်ရောက်လာခဲ့ပါသည်။ အမှန်တော့ အဘဆိုသော အခေါ်မှာ တောနယ်များတွင် သားသမီးများက ဖခင်ဖြစ်သူကို ခေါ်သော အခေါ်၊ မိဘအရွယ် လူကြီးများကို ရိုသေသမှုနှင့် ခေါ်သောအခေါ် ဖြစ်ပါသည်။ တောသူတောင်သားတို့၏ ရိုးသားသောအခေါ်၊ နှစ်သက်ဖွယ် အခေါ်ဖြစ်ပါသည်။ ဤကဲ့သို့ ရိုးသား နှစ်သက်ဖွယ်ကောင်းသော အခေါ်ကို လူလည်၊ လူနပ်အချို့က ဝန်ထမ်းလောကတွင် စတင် အလွဲသုံးစားပြုလုပ်ကြပါသည်။ အထက်အကြီးအကဲ၊ အထက်အရာရှိများကို ကိုယ့်ထက် အသက်မည်မျှကွာသည်၊ မကွာသည် မကြည့်တော့ဘဲ 'အဘ'ဟု ခေါ်လာကြခြင်းဖြစ်ပါသည်။ မိဘကဲ့သို့ ချစ်ခင်ရိုသေ လေးစားအားထားပါသည် ဆိုသော သဘောဖြစ်ပါသည်။ ပထမဦးဆုံး စတင်အခေါ်ခံရသူဆိုလျှင် 'ဩော်... ဒီအရာရှိလေး လိမ္မာယဉ်ကျေးလိုက်တာ၊ ရိုသေလေးစားတတ်လိုက်တာ'ဟု သဘောပိုက်မိသွားပါလိမ့်မည်။ ဒီ 'အဘ'ပြဿနာက အသေးအဖွဲမဟုတ်ပါ။ ခေါ်သူနှင့် အခေါ်ခံရသူကြားတွင် အဂတိတရားဝင်လာပါသည်။ ထည့်ချင်းဖြစ်သည်၊ သားတပည့်ဖြစ်သည်ဆိုတာတွေ ဖြစ်လာပါသည်၊ ရာထူး

www.burmeseclassic.com



တိုးမြှင့်ပေးခြင်း၊ အပြောင်းအရွှေ့၊ ဌာနတွင်းအခွင့်အလမ်း စသည်တို့တွင် လက်ရင်းတပည့်၊ သားတပည့်နှင့် ရိုးရိုးတပည့်တို့ မည်သို့မျှ မတူနိုင်တော့ပါ။

အမှန်တော့ တပ်မတော်မှစ၍ ဝန်ကြီးဌာနများတို့တွင် ရာထူး၊ အဆင့်အလိုက် မည်သို့ခေါ်ရမည်ဟု တရားဝင် သတ်မှတ်ထားမှုများ ရှိပြီးဖြစ်ပါသည်။ ယခုတော့ အားလုံးနီးပါး အဘဖြစ်ကုန်ကြပါပြီ။ ဝန်ထမ်းတစ်ဦးက ဆိုလျှင် 'သူများ 'အဘ'ဆိုတော့လည်း လိုက်,ဘ ရတာပါပဲ၊ အဲလိုမှ လိုက်မ,ဘရင် ကိုယ်က မယဉ်ကျေးတဲ့လူ ဖြစ်သွားမှာပေါ့။ မကောင်းဘူးလေ'ဟု ပြောခဲ့ရှာပါသည်။ ထိုသို့ မယဉ်ကျေးမိသော ဝန်ထမ်းများလည်း ဝေဒနာမျိုးစုံ ခံစားခဲ့ကြရပါသည်၊ ပြောရလျှင် ထိုအဘဆိုသော အခေါ်သည် ဝန်ထမ်းလောက၏ စိတ်ဓာတ်ကို အတော်ယိုင်နဲ့ ကျိုးကြေစေခဲ့ပါသည်။ ထိုနောက်ပိုင်း 'အဘ'သည် ဝန်ထမ်းလောကတွင်သာမကဘဲ စီးပွားရေးလောကသို့ပါ ကူးစက်သွားခဲ့ပါသည်။ စီးပွားရေးလောကတွင်တော့ ထို 'အဘ'ကို အသုံးပြုပုံမှာ ပို၍အဆင့်မြင့်သွားခဲ့ပါသည်။ တစ်ခါတစ်ရံ ထိုအဘနှင့်တွဲလျက် လက်အုပ်လေးများပင် ချီလိုက်ပါသေးသည်။ ထို့ကြောင့် စီးပွားရေးလောကတွင် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်၊ ယခုအချိန်အထိ မည်ကဲ့သို့ ဆက်လက်ဖြစ်ပျက်နေသေးသည်တို့မှာ အထူးရေးသားဖော်ပြရန် မလိုတော့ပါ။

ယခုအခါ 'အဘ'မှသည် 'အစ်မ' 'အစ်မ'သို့ ပြောင်းလာပြီဟု ပြောကြ၊ ကြားကြရပါသည်၊ 'အဘ'ဖြစ်စေ၊ 'အစ်မ'ဖြစ်စေ အမှန်တကယ် ချစ်ခင်နှစ်သက်၊ ကြည်ညိုလေးစား၍ခေါ်လျှင် မည်သို့မျှ ပြောရန် အကြောင်းမရှိပါ။ မင်္ဂလာရှိသော နှစ်သက်ဖွယ်အခေါ်များ ဖြစ်ပါသည်။ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်သော၊ အဂတိတရားလေးပါးကင်းသော ခေါ်ဝေါ်မှုများသာဖြစ်စေချင်ပါသည်။

၂၀၁၃၊ မတ်လ၊ နေရသိန်းမဂ္ဂဇင်း

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



၆

## ဆင့်ကဲအုပ်ချုပ်ကွပ်ကဲမှု

အစိုးရရုံးဌာနများ၌ ဖြစ်စေ၊ ပြင်ပပုဂ္ဂလိက ကုမ္ပဏီများ၊ ရုံးဌာနများတွင် ဖြစ်စေ၊ ဌာနတွင်း အုပ်ချုပ်မှု၌ အထက်အောက် ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ကွပ်ကဲမှုစနစ်(Chain of Command)သည် အရေးပါသော အဓိက အချက်တစ်ချက်ပင် ဖြစ်ပါသည်။ ရုံး၊ ဌာနများ၊ အလုပ်ရုံ၊ စက်ရုံများ စသည်တို့တွင် အထက်မှ အောက်သို့လည်းကောင်း၊ အောက်မှ အထက်သို့လည်းကောင်း စုန်ဆန်၍ လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် သာမန်အားဖြင့် ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ကွပ်ကဲမှုစနစ်ဖြင့်သာ သွားရမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေကြောင့်ဖြစ်စေ၊ အချိန်မရ၊ အချိန်မပေးနိုင်သော အခြေအနေတွင် ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ရာ၌ အထက်အရာရှိသည် လက်အောက်သို့ နှစ်ဆင့်သုံးဆင့်ကျော်လွှန်၍ လုပ်ကောင်းလုပ်ပေလိမ့်မည်။ သို့ရာတွင် အခြေအနေပေးသည်နှင့် ကျော်လွှန်ခဲ့ရသော ကြား



www.burmeseclassic.com

www.burmeseclassic.com



အဆင့်များကို ချက်ချင်း အသိပေးပြီး အမြန်ဆုံး ပုံမှန်ပြန်လည်ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက်စေရပါမည်။ လက်အောက်မှလည်း အလားတူ အခြေအနေမျိုးများနှင့် ကြုံရသဖြင့် အဆုံးအဖြတ် ချက်ချင်းရယူသင့်သောအခါ၊ အကူအပံ့များ ချက်ချင်းရရှိရန် လိုအပ်သောအခါများတွင် အထက်သို့ နှစ်ဆင့် သုံးဆင့်ကျော်လွန်၍ ဆက်သွယ်တင်ပြ ဆောင်ရွက်မှုများ ရှိနိုင်ပါလိမ့်မည်။ သို့ရာတွင် ဖြစ်နိုင်လျှင် မိမိအထက် ကြားအဆင့်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အသိပေး တင်ပြသင့်သည်။ သို့မဟုတ် မြန်နိုင်သမျှ အမြန်ဆုံး ၎င်းတို့အား အသိပေး တင်ပြရပါမည်။ သို့မှသာ အရေးပေါ် အခြေအနေကို ကျော်လွန်သည့်အခါ ပုံမှန် ဆင့်ကဲအုပ်ချုပ်မှုစနစ်ဖြင့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်လိမ့်မည်။

ဤနေရာတွင် ယခင်က အရာရှိများအတွက် ညွှန်ကြားချက်တစ်ရပ် ပေါ်ပေါက်ခဲ့ဖူးပါသည်။ ၎င်းမှာ အရာရှိတစ်ဦးသည် လိုအပ်လျှင် အချိန်မရွေး အထက်သို့ နှစ်ဆင့်တက်၍ လုပ်ကိုင်နိုင်ရမည်။ အောက်သို့လည်း နှစ်ဆင့်ဆင်း၍ လုပ်ကိုင်နိုင်ရမည်ဟူ၍ ဖြစ်ပါသည်။ အထက်နှင့် အောက်၏ လုပ်ငန်းတာဝန်များကို သိရှိအောင် ကြိုတင်လေ့လာထားပြီး လိုအပ်မှသာ အထက်-အောက် နှစ်ဆင့်သို့ဝင်၍ လုပ်ကိုင်နိုင်ရမည်ဟူ၍ဖြစ်ပါသည်။ မလိုအပ်ဘဲ ဝင်၍လုပ်ရမည်မဟုတ်ပါ။ သို့ရာတွင် အချို့သော အရာရှိများက သဘောပေါက်လွဲ၍ လည်းကောင်း၊ အချို့က အခွင့်အရေးယူ၍ လည်းကောင်း၊ လက်အောက်သို့ အဆင့်များကျော်ပြီး တိုက်ရိုက်လုပ်ကိုင်ကြပါတော့သည်။ အများအားဖြင့် ဤသို့လုပ်ကိုင်ကြရာတွင် ၎င်းတို့ ဝင်ရောက်လုပ်ကိုင်သော ရာထူး၊ နေရာ၊ ဌာနများသည် လာဘ်လာဘရွှင်သော နေရာ၊ ငွေကြေးအကျိုးစီးပွားအတွက် ဖန်တီးရယူနိုင်သော နေရာများ ဖြစ်လေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် ဌာနအကြီးအကဲသည် ဒုတိယအကြီးအကဲ၊ ညွှန်မှူး၊ ဌာနမှူး၊ အထွေထွေမန်နေဂျာ၊ တိုင်းဦးစီးမှူး၊ ဒုတိယစက်ရုံမှူး၊ စက်ရုံမှူး စသည်တို့ကို ကျော်လွန်ပြီး လက်ထောက်ညွှန်မှူး၊ ဦးစီးအရာရှိ၊ မန်နေဂျာ၊ ငွေကိုင်အရာရှိ၊ စီမံကိန်းတာဝန်ခံ၊ ပစ္စည်းထိန်းအရာရှိ၊ လုပ်ငန်းခွင် အင်ဂျင်နီယာ စသည်တို့နှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံကာ ကြားအဆင့်များကို အသိမပေးတော့ဘဲ အမိန့်ပေး ညွှန်ကြားပြီး လုပ်ကိုင်ခြင်းမျိုးဖြစ်ပါသည်။ ဤသို့အားဖြင့် ဆင့်ကဲအုပ်ချုပ်ကွပ်ကဲမှုစနစ် ပျက်စီးသွား၏။ ၎င်း ရုံး၊ ဌာန၊ အလုပ်ရုံ၊ စက်ရုံ၏ လုပ်ငန်းစဉ်များ မမှန်မကန် ဖောက်ပြန်ပျက်စီးခြင်းများ ဖြစ်ပေါ်လာပါသည်။ သာမန်အခြေအနေတွင်ပင် အထက်ကို ကျော်လွန်၍ ဆက်ဆံသည့် အလေ့အထများ၊ ရှင်ဘုရင်နှင့် ရင်းနှီးသဖြင့် မှူးကြီး၊ မတ်ကြီးကို မထေမဲ့မြင်ပြုသကဲ့သို့သော အလေ့အထများ၊ တပည့်မွေး၊ ဆရာမွေးမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ၊ အထက်နှင့် အောက် ပူးပေါင်း၍ ခြစားမှုများ ဖြစ်ပေါ်လာပါသည်။

မိမိတို့ကို ကျော်လွန်ဆောင်ရွက်ခြင်းခံရသော ကြားအဆင့် အရာရှိဝန်ထမ်းများတွင်လည်း နာကြည်းခံပြင်းမှုများ၊ သိမ်ငယ် ဝမ်းနည်းမှုများ၊ ရှက်ရွံ့ဒေါသဖြစ်မှုများ ခံစားရကာ အငြိုးအတေးများ၊ တုံ့ပြန်လိုမှုများဖြင့် ဝန်ထမ်းထုအတွင်း စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေပါတော့သည်။

ဤအကြောင်းကိစ္စသည် အသေးအဖွဲမဟုတ်ပါ။ Clean Government ဖြစ်ပေါ်စေရန်အတွက် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေခြင်း၊ မြန်မာနိုင်ငံကို လာဘ်ပေးလာဘ်ယူမှုအများဆုံးနိုင်ငံများ စာရင်းဝင်အဖြစ် ရောက်စေခြင်း၊ ဌာနအတွက် ဘတ်ဂျက် ရန်ပုံငွေ ခြစားမှုများ ဖြစ်ပေါ်စေခြင်း၊ အထက်က ရွှေ့သော်လည်း အောက်က မရွှေ့သေးဘူးဟု ဝေဖန်ပြောဆိုခံနေရခြင်း စသည်များအတွက် ဆင့်ကဲအုပ်ချုပ်ကွပ်ကဲမှုစနစ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားနေခြင်းသည် အဓိက အကြောင်းအချက် တစ်ချက်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသော ပုဂ္ဂိုလ်မှန်သမျှသည် ဆင့်ကဲ အုပ်ချုပ်ကွပ်ကဲမှုစနစ်ကို အလေးထား ထိန်းသိမ်းဆောင်ရွက်သင့်ကြပါပေသည်။

၂၀၁၂၊ မေ၊ နရသိန်မဂ္ဂဇင်း

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## ထောင် ... ထောင် ... ထောင်တဲ့ဗျ

(၁) မရှိမကောင်း ရှိမကောင်း

(၂) အကျဉ်းထောင်များ ပြောင်းလဲမှု

(၃) အကျဉ်းထောင်များသို့ လာကြည့်သူများ

(၄) အကျဉ်းထောင်များ၏ ပြုပြင်မှု

(၅) ဘဝသစ်သို့ ပြောင်းလဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



## မရှိမကောင်း ရှိမကောင်း

နိုင်ငံတော်အစိုးရက နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်၊ ရက်စွဲပါ အမိန့်အမှတ် (၄၉/၂၀၁၁)ဖြင့် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် စည်းကမ်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်လာသော အကျဉ်းသား (၆၃၅၉)ဦး၏ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။ အကျဉ်းထောင်များမှ လွတ်မြောက်လာသော အကျဉ်းသားများနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမ၊ ဇနီး၊ သားသမီးတို့၏ အပြုံးမျက်နှာများကို မြင်ရသည်မှာ ဝမ်းသာကြည်နူးစရာကောင်းလှပါသည်။ ထိုနေ့၊ ထိုရက်ကတော့ အကျဉ်းထောင်များ၏ မျက်နှာစာတွင် အပြုံးပန်းခင်းကြီးများ ဝေဆာစွာ ဖူးပွင့်နေသလို တွေ့မြင်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြုံးပျော်နေသည့်အထဲတွင် အကျဉ်းထောင် ဝန်ထမ်းများလည်း ကြည်နူးပျော်ရွှင် စိတ်ချမ်းမြေ့နေကြပါသည်။ အကျဉ်းထောင်ဝန်ထမ်းများ လွှတ်ပေးရသည်က ခိုကလေး၊ စာကလေး စသည့် ငှက်ကလေးများမှမဟုတ်ပေဘဲ၊ မျိုးတူ၊ ဇာတ်တူ လူသားများကို အကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်အတွင်းမှ လွှတ်ပေးရခြင်းဖြစ်ပါသည်။ အကျဉ်းထောင်ဝန်ထမ်းများက လူသားအချင်းချင်း အကျဉ်းသားများကို တာဝန်အရ ထိန်းသိမ်းနေရသည့်အခါ မပျော်နိုင်ကြပါ။ စိတ်ပင်ပန်း၊ လူပင်ပန်းနှင့် ဖိစီးမှုဒဏ်ကို များစွာခံစားကြရပါသည်။ နံနက်မိုးလင်းကတည်းက ကျက်သရေမင်္ဂလာမရှိသော မှိုင်းညို့နေသည့် အကျဉ်းထောင် အုတ်ရိုးကြီးကို နေ့စဉ် မြင်တွေ့နေရသော ဝန်ထမ်းများဘဝကို စာနာစိတ်ဖြင့် တွေးကြည့်လျှင် သိနိုင်ကြပါလိမ့်မည်။ ဝန်ထမ်းများဘဝတွင် ရှားရှားပါးပါး ပျော်စရာကောင်းသော နေ့ရက်များမှာ ယခုကဲ့သို့ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဖြင့် စေလွှတ်ပေးရသော နေ့ရက်များသာဖြစ်ပါသည်။

မင်္ဂလာမရှိသော အုတ်ရိုးကြီးများဖြင့် ဖွဲ့စည်းထားသော အကျဉ်းထောင်များသည် လူ့အဖွဲ့အစည်းအတွင်း လိုအပ်ချက်အရ မရှိမဖြစ်ရှိနေရခြင်းဖြစ်ပါသည်။ မရှိမကောင်း၊ ရှိမကောင်းဟုဆိုရမည့် ဌာန၊ အဆောက်အအုံများ ဖြစ်ပါသည်။ အုပ်ချုပ်မှု ယန္တရားအတွက် အရေးပါ၍ အရေးလည်း ကြီးပါသည်။ တစ်နည်းအားဖြင့် တိုင်းပြည်၏ အခြေအနေအရပ်ရပ်တို့ သိသာမြင်သာစေသော အင်ဒီကေတာ Indicator များဟု ဆိုနိုင်ပါသည်။ အကျဉ်းထောင်အတွင်း လူသိထင်ရှား စီးပွားရေးသမားမြောက်မြားစွာရောက်နေပြီဆိုလျှင် စီးပွားရေးလောကအတွင်း ကမောက်ကမတစ်စုံတစ်ခုဖြစ်နေပြီး စီးပွားရေးမူဝါဒ တစ်စုံတစ်ခုပြောင်းလဲမှုရှိနေပြီဟု သိရနိုင်ပါသည်။ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးဘက်မှ တာဝန်ယူ လုပ်ဆောင်နေသူများ ထူးခြားစွာ၊ အရေအတွက်များစွာ အကျဉ်းထောင်ထဲရောက်နေပြီဆိုလျှင် ဝန်ထမ်းလောကအတွင်း မှားယွင်းမှု၊ ချို့ယွင်းမှုကြီးကြီးမားမားဖြစ်နေရှိပြီဟု သိနိုင်ပါသည်။ အောက်ခြေ ဆင်းရဲသားများ၊ လက်လုပ်လက်စားများ၊ အရေအတွက်များစွာ ထောင်ထဲ ရောက်လာနေကြပြီဆိုလျှင် ရပ်ရွာအေးချမ်းသာယာရေးအတွက် စိတ်မချရသော အခြေအနေဟု



သိနိုင်ပါသည်။ နိုင်ငံရေးနှင့် ဆက်နွယ်သူအများအပြား အကျဉ်းထောင်အတွင်းရောက်ကြပြီဆိုလျှင် တိုင်းပြည်တွင် နိုင်ငံရေးအခြေအနေတည်ငြိမ်မှုမရှိ၊ နိုင်ငံရေးအင်အားစု ညီညွတ်မှုမရှိဟု သိနိုင်ပါသည်။

အကျဉ်းထောင်သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စသည်တို့အတွက် အညွှန်းပြရာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့်ပတ်သက်ပြီး တာဝန်ရှိသော အုပ်ချုပ်သူများသည် မင်္ဂလာမရှိသော နေရာပင်ဖြစ်လင့်ကစား၊ အကျဉ်းထောင်များအပေါ် မျက်ခြေမပြတ် စိတ်ဝင်စားအပ်၊ ကြည့်ရှုအပ်ပါသည်။ ‘မင်းတို့ထောင်တွေထဲ ဝင်မကြည့်ချင်ပါဘူးကွာ၊ တော်ကြာ ဘုန်းနိမ့်ကုန်ပါဦးမယ်’ ဟု ပြောသော ပုဂ္ဂိုလ်တစ်ဦးတွေ့ခဲ့ဖူးပါသည်။ များစွာဝမ်းနည်းစရာကောင်းပါသည်။ အကျဉ်းထောင်ကို စိတ်မဝင်စားလျှင် နိုင်ငံတကာနှင့်ရော ပြည်သူလူထုနှင့်ပါ ကင်းကွာသွားနိုင်သည်ကို သတိပြုအပ်ပါသည်။

*၂၀၁၁၊ ဒီဇင်ဘာ၊ နရသိန်မဂ္ဂဇင်း*

☆☆☆

www.burmeseclassic.com



သိနိုင်ပါသည်။ နိုင်ငံရေးနှင့် ဆက်နွယ်သူအများအပြား အကျဉ်းထောင်အတွင်းရောက်ကြပြီဆိုလျှင် တိုင်းပြည်တွင် နိုင်ငံရေးအခြေအနေတည်ငြိမ်မှုမရှိ၊ နိုင်ငံရေးအင်အားစု ညီညွတ်မှုမရှိဟု သိနိုင်ပါသည်။

အကျဉ်းထောင်သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စသည်တို့အတွက် အညွှန်းပြရာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့်ပတ်သက်ပြီး တာဝန်ရှိသော အုပ်ချုပ်သူများသည် မင်္ဂလာမရှိသော နေရာပင်ဖြစ်လင့်ကစား၊ အကျဉ်းထောင်များအပေါ် မျက်ခြေမပြတ်စိတ်ဝင်စားအပ်၊ ကြည့်ရှုအပ်ပါသည်။ 'မင်းတို့ထောင်တွေထဲ ဝင်မကြည့်ချင်ပါဘူးကွာ၊ တော်ကြာ ဘုန်းနိမ့်ကုန်ပါဦးမယ်'ဟု ပြောသော ပုဂ္ဂိုလ်တစ်ဦးတွေ့ခဲ့ဖူးပါသည်။ များစွာဝမ်းနည်းစရာကောင်းပါသည်။ အကျဉ်းထောင်ကို စိတ်မဝင်စားလျှင် နိုင်ငံတကာနှင့်ရော ပြည်သူလူထုနှင့်ပါ ကင်းကွာသွားနိုင်သည်ကို သတိပြုအပ်ပါသည်။

၂၀၁၁၊ ဒီဇင်ဘာ၊ နရသိန်မဂ္ဂဇင်း

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းထောင်များ ပြောင်းလဲမှု

ယနေ့ခေတ်ကာလ မြန်မာနိုင်ငံ အကျဉ်းထောင်များသည် အကျဉ်းထောင်အာဏာပိုင်များ၏ ဦးဆောင်မှု ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ အားပေးကူညီမှုတို့ဖြင့် အရိပ်မည်းများ ဖုံးလွှမ်းနေသော အမှောင်ထုအတွင်းမှ လွတ်မြောက်စ ပြုနေပြီဖြစ်ပါသည်။ တစ်ချိန်က နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော အင်းစိန်ထောင်ကြီးသည်လည်း နာမည်ဆိုးမှ လွတ်ကင်းစပြုပြီဖြစ်ပါသည်။

ဤသည်ကို အကျဉ်းထောင်မှ လွတ်မြောက်လာသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရသည့် အကျဉ်းသားဆိုသူများ၏ မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သော စကားများက သက်သေပြုခဲ့ကြပါသည်။

တစ်ချိန်တွင်တော့ အကျဉ်းထောင်များသည် ပြတိုက်များ ဖြစ်ကြရလိမ့်မည်ဟု စိတ်ကူးကြည့်ခဲ့ဖူးပါသည်။ သို့သော် လက်ရှိအခြေအနေတွင် ဤသည်မှာ စိတ်ကူးယဉ်မှုတစ်ရပ်သာဖြစ်ပါသည်။ ယနေ့ ကမ္ဘာတွင် အကျဉ်းထောင်၊ အချုပ်ထောင်မရှိသောနိုင်ငံ မရှိသေးပါ။ လူသည် လူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၍ လောဘ၊ ဒေါသ၊ မောဟရှိပါသည်။ လောဘ၊ ဒေါသ၊ မောဟကြောင့် ပြဿနာဖြစ်သည်။ ပြစ်မှုကျူးလွန်ကြသည်။ ထို့ကြောင့် သူတို့အတွက် ထောင်ဆိုသည်မှာ ရှိလာရခြင်းဖြစ်ပါသည်။ သို့သော် ယနေ့ မြန်မာနိုင်ငံ အကျဉ်းထောင်များသည် ကိုလိုနီခေတ်ကလို 'ထောင်ဆိုတာ ငရဲခန်း' ဆိုသော ပုံရိပ်များမဟုတ်တော့ပါ။ တိုင်းပြည်၏ ခေတ်၊ စနစ်များ ပြောင်းလဲမှုနှင့်အတူ အကျဉ်းထောင်များသည်လည်း ရွေ့လျောပြောင်းလဲမှုဖြစ်စဉ် အရ အဆင့်ဆင့်ပြောင်းလဲနေခဲ့ပြီဖြစ်ပါသည်။

အကျဉ်းထောင်ကို အုပ်ချုပ်နေရသူများသည် ဝန်ထမ်းများဖြစ်ပါသည်။ အကျဉ်းထောင်လက်စွဲဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် အလုပ်လုပ်ကြရပါသည်။ အကျဉ်းထောင်သည် သူ့အုပ်ချုပ်မှု နှင့် သူရှိနေလျှင် ဆိုးသည်၊ ကောင်းသည်ဟူ၍ မရှိနိုင်ပါ။ သူ့သဘော သူဆောင်၍သာ ရှိနေပါလိမ့်မည်။ အကျဉ်းထောင်ကို မည်သူက မည်ကဲ့သို့ အသုံးပြုသည်ဆိုခြင်းမှာ အဓိကဖြစ်ပါသည်။

နယ်ချဲ့အစိုးရက အကျဉ်းထောင်များကို မြန်မာမျိုးချစ်များအား ဖိနှိပ်ကွပ်မျက်သော ကိရိယာများအဖြစ် အသုံးပြုခဲ့ပါသည်။ အကျဉ်းထောင်များ ကောင်းသည်၊ ဆိုးသည်ဆိုခြင်းမှာ အကျဉ်းထောင်ကို မည်ကဲ့သို့ အသုံးပြုသည်ဆိုခြင်းနှင့်လည်း သက်ဆိုင်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အချို့သော နိုင်ငံများက အကျဉ်းဌာနကို ပြည်တွင်းရေးရာ လုံခြုံရေး၊ ပြည်တွင်းလုံခြုံမှု၊ ပြည်ထဲရေး စသည့်ဌာန များအောက်တွင် ထားရှိကြပြီး၊ အချို့နိုင်ငံများက တရားရေးဌာန၊ တရားရေးဝန်ကြီးဌာန၊ တရားရေးရုံးချုပ် စသည့် ဌာနများအောက်တွင် ထားရှိကြပါသည်။ ကိုယ့်နိုင်ငံအခြေအနေနှင့် ကိုယ်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်မှာ အကျဉ်းထောင်၏ အုပ်ချုပ်မှုအတွင်း မသက်ဆိုင်သော ဌာန၊ အဖွဲ့အစည်းများ ဝင်ရောက်စွက်ဖက် လွှမ်းမိုးချုပ်ကိုင်ခြင်းမှ ရှောင်ရှားရန်ပင်ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ အခြားသော ပြောင်းလဲမှုများနှင့်အတူ အကျဉ်းဦးစီးဌာနကိုလည်း ဟန်ချက်ညီစွာ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်ရပါလိမ့်ဦးမည်။

၂၀၁၂၊ စက်တင်ဘာ၊ နရသိန်မဂ္ဂဇင်း

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းထောင်များသို့ လာကြည့်သူများ

နိုင်ငံတော်အစိုးရ၏ သဘောတူညီမှုဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ(ICRC) သည် မြန်မာနိုင်ငံ အကျဉ်းထောင်များသို့ ပြန်လည်ဝင်ရောက်ပြီး လုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ICRC သည် ယခင်က မြန်မာနိုင်ငံအကျဉ်းထောင်များသို့ ဝင်ရောက်ပြီး လုပ်ငန်းများ ဆောင်ရွက်နေရာမှ အခြေခံသဘောထား မတူညီမှုကြောင့် မြန်မာနိုင်ငံအကျဉ်းထောင်များသို့ မဝင်ရောက်ခဲ့သည်မှာ နှစ်နှင့် ချီ၍ ကြာခဲ့ပြီဖြစ်ပါသည်။

အကျဉ်းဦးစီးဌာနနှင့် ထိတွေ့ဆက်ဆံမှုများရှိခဲ့သည် ဆိုသော်လည်း ယခုတစ်ဖန်ပြန်လည်ဝင်ရောက်မှုသည် နှစ်ဖက်သော ဝန်ထမ်းများအတွက် အသစ်တစ်ဖန် ပြန်လည်တွေ့ဆုံမှုသဖွယ်ဖြစ်နိုင်ပြီး နှစ်ဖက်ယှဉ်ကြည့်မှု အတွက် တစ်က ပြန်စ,ရသည့်အခြေအနေမျိုးဖြစ်ပါသည်။ ICRC အနေဖြင့် အကျဉ်းထောင်များအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင် မှန်ကန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အကျဉ်းဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနဝန်ထမ်း များအပေါ် အရှိအတိုင်း မှန်ကန်စွာ သိမြင်သဘောပေါက် ထားရှိရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံး အချက်ဖြစ်ပါသည်။ ICRC သည် ယခင်က အကျဉ်းထောင်များအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုနိုင်သော်လည်း အရာရာတွင် ပြည့်စုံစွာ မှန်ကန်ခဲ့သည်မဟုတ်ပါ။

အထူးသဖြင့် အကျဉ်းဦးစီးဌာနအရာရှိနှင့် ဝန်ထမ်းများအပေါ် ICRC ၏ ထင်မြင်ယူဆမှုနှင့် သုံးသပ်မှုသည် များစွာလွဲမှားခဲ့ပါသည်။ ပွင့်လင်းစွာ ဆိုရလျှင် ICRC က အကျဉ်းဦးစီးဌာနအရာရှိနှင့် ဝန်ထမ်းများအပေါ် အထင်အမြင်လွဲမှားမှုနှင့် အထင်အမြင်သေးမှုများ ရှိခဲ့ပါသည်။ သာမန် အားဖြင့် ယခင်အခြေအနေတွင် အကျဉ်းဦးစီးဌာနဝန်ထမ်းများသည် ICRC အကျဉ်းထောင်အတွင်းသို့ဝင်ပြီး လုပ်ငန်းများ လုပ်ဆောင်မည်ကို စိုးရိမ်ကြပြီး မလိုလားကြပါ။ အဘယ်ကြောင့်ဆိုသော် ICRC ၏ အစီရင်ခံစာ (သို့မဟုတ်) သတင်းပေးပို့ချက်အရ ICRC ထောင်တစ်ထောင်သို့ ဝင်သွားပြီးလျှင် ထိုထောင်မှ ထောင်ပိုင်၊ ထောင်မှူး စသူတို့နှင့် အချို့အောက်ခြေ ဝန်ထမ်းများ ဖြုတ်ပစ်၊ ထုတ်ပစ်ခံရခြင်း၊ ရာထူးအဆင့် လျှော့ချခံရခြင်း၊ ဝေးလံသော အရပ်ဒေသများသို့ ပြောင်းရွှေ့ခံရခြင်းများ ကြုံတွေ့ရတတ် သောကြောင့်ဖြစ်ပါသည်။

ထိုအချိန်အခါက တာဝန်ရှိသူများသည် နိုင်ငံတကာမြင်ကွင်းအတွက် ICRC ၏ သတင်းပေးပို့ချက်ကို အလေးထားပြီး နိုင်ငံရေးအကျိုးအမြတ်ကို ဦးစားပေး၍ ဝန်ထမ်းများအပေါ် ထိရောက်စွာ အရေးယူခဲ့ပါသည်။

ယခုအခါ အကျဉ်းဦးစီးဌာနသည် အကျဉ်းထောင်ဥပဒေကို ပြင်ဆင် ရေးဆွဲခြင်းမှစ၍ များစွာသော ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ပါ သည်။ လုပ်ဆောင်နေဆဲလည်းဖြစ်ပါသည်။ အချို့သော ပြုပြင်ပြောင်းလဲမှု များသည် ပြီးပြည့်စုံမှုမရှိဘဲ ရုပ်ပြသဘောမျိုးဖြစ်နေသည်ဟု ဆိုနိုင်သော် လည်း ပြုပြင်ပြောင်းလဲမှု လုပ်နေသည်၊ ပြုပြင်ပြောင်းလဲလိုသော ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



များ ရှိနေသည်ဆိုခြင်းကိုမူ လက်ခံရမည်ဖြစ်ပါသည်။ ထို့ပြင် အကျဉ်းဦးစီးဌာနအရာရှိနှင့် ဝန်ထမ်းများအား ရာထူးအဆင့်နှင့် လျော်ညီစွာ သိမြင်ပြီး တွေးခေါ်တတ်၊ လုပ်ကိုင်နိုင်တတ်စေရန်အတွက် သင်တန်းအမျိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပို့ချပြီး စွမ်းရည်မြင့်မားစေရန် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ICRC အနေဖြင့် အကျဉ်းထောင်များသို့ ယခုတစ်ကြိမ် ပြန်ဝင်ရာတွင် ယခင်နှင့် မတူသော ပြောင်းလဲမှုများကို စတင်ကြုံတွေ့နိုင်ပါလိမ့်မည်။ အကျဉ်းဦးစီးဌာနနှင့် အကျဉ်းထောင်များဘက်မှ ပြုပြင်လိုစိတ်ဖြင့် တတ်နိုင်သမျှ ပြောင်းလဲမှုများ ဆောင်ရွက်ထားသည့်အပေါ် အခြေခံ၍ ICRC သည် လုပ်ငန်းများကို စတင်ဆောင်ရွက်ရပေမည်။ ဤအခြေခံများပေါ်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ ICRC အနေဖြင့် ကြိုတင်သိမြင်သဘောပေါက်ထားသင့်သော အကြောင်းအချက်များစွာရှိပါသည်။

ပြီးခဲ့သော ကာလက မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်းမှ ပြဿနာအရပ်ရပ်ကို ICRC က နိုင်ငံတကာအဆင့်၊ နိုင်ငံတကာအမြင်ဖြင့် ရှုမြင်သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံအကျဉ်းထောင်များဘက်ကမူ နိုင်ငံတကာအဆင့်သို့ ရောက်ရှိရန် ယခုမှ စတင်ဆောင်ရွက်နေရဆဲဖြစ်ပါသည်။ အကျဉ်းထောင်တွင် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေရမှုအခြေအနေသည် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေပေါ်တွင် များစွာမူတည်ပါသည်။

အကျဉ်းထောင်အာဏာပိုင်များသည် အချို့သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အကျဉ်းထောင်ဥပဒေက မည်သို့ပင် ဆိုထားသည်ဖြစ်စေ၊ အလှူရှင်များထံမှ အလှူခံ၍ ဆောင်ရွက်ရလျက် ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်အရာရှိ၊ ဝန်ထမ်းများနှင့် ပတ်သက်ပြီး ICRC က ကြိုတင်သိမြင် သဘောပေါက်ထားသင့်သော အခြေအနေနှင့် အကြောင်းအရာများစွာရှိပါသည်။ ဝန်ထမ်းများ၏ အခြေအနေများကို မြန်ဆန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သိမြင်လာခြင်းဖြင့် ICRC ၏ လုပ်ငန်းများသည် မှန်ကန်စွာ အောင်မြင်လာနိုင်ပါသည်။

အကြောင်းအချက်များက မည်သို့ ဖွင့်ဆိုဖော်ပြသည်ဖြစ်စေ၊ မြန်မာနိုင်ငံအကျဉ်းထောင်များနှင့် ဝန်ထမ်းများဘက်ကမူ ICRC နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် သတိနှင့် ယှဉ်၍ ပြင်ဆင်ကြိုဆို ဆောင်ရွက်သွားကြရမည်သာဖြစ်ပါသည်။

၂၀၁၃၊ မေ၊ နုရသိန်မဂ္ဂဇင်း

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



၄

# အကျဉ်းထောင်များ၏ ပြုပြင်မှု

မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသော အကျဉ်းသူ၊ အကျဉ်းသားများ၏ (၇၀)ရာခိုင်နှုန်းခန့်သည် ကျောင်းပညာ မသင်ကြားခဲ့ကြရသူများ၊ ကျောင်းပညာ အားနည်းသူ၊ အဆင့်နိမ့်သူများ၊ မူလတန်းအဆင့်ပင် မအောင်ခဲ့ကြသူများ ဖြစ်ကြပါသည်။ အလိမ္မာ စာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ စသည့် ဆိုစကားများ ရှိပါသည်။ စာပေမတတ်သော အကျဉ်းသားများမှာ မိတ်ဆွေကောင်းလည်း မရှိနိုင်ပါ။ အလိမ္မာလည်းမရှိတော့ပါ။ သို့ဖြစ်ရာ ထိုအကျဉ်းသားများသည် စိတ်ပိုက်၊ စိတ်ရိုင်းများဖြင့် အော်ဟစ်ဆူပူသောင်းကျန်း၊ ထိုးခုတ်၊ ရိုက်နှက်၊ သတ်ဖြတ်စသည့် ရာဇဝတ်မှုများကို အလွယ်တကူ ကျူးလွန်သူများ ဖြစ်လာကြပါသည်။

အသိဉာဏ်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားနည်းပါးသဖြင့် မဖြစ်သင့်၊ မဖြစ်ထိုက်၊ မလုပ်သင့်၊ မလုပ်ထိုက်သော ရာဇဝတ်မှုများကို ကျူးလွန်မိကြကာ ပြစ်ဒဏ်ခံနေကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ထိုအကျဉ်းသားများအား လိမ္မာယဉ်ကျေးသူများ ဖြစ်လာစေရန်၊ အတွေးအခေါ်မှန်ကန်လာစေရန် ဆင်ခြင်တုံတရား တိုးတက်မြင့်မားလာစေရန် အကျဉ်းထောင်များအတွင်း၌ နည်းလမ်းမျိုးစုံဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

တရားပွဲများ၊ တရားစခန်းများ စသည့် ဘာသာရေးနည်းလမ်းများ၊ အသိဉာဏ်၊ ဗဟုသုတတိုးစေရန် ဟောပြောခြင်း နည်းလမ်းများ၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ပေးခြင်း၊ အခြေခံ 'အ'သုံးလုံးမှသည် အကျဉ်းထောင်အတွင်း စာသင်ကျောင်းများမှ အတန်းပညာသင်ကြားပေးခြင်း စသည့် နည်းလမ်းများကို အသုံးပြုကာ အကျဉ်းထောင်မှ လွတ်သည့်အခါ လူကောင်းသူကောင်းများအဖြစ် မူလပတ်ဝန်းကျင်လောကသို့ အံဝင်ခွင်ကျပြန်လည်ဝင်ရောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စမ်းသပ်ဆောင်ရွက်လျက်ရှိသော အင်းစိန်အကျဉ်းထောင်တွင်း စာသင်ကျောင်းသည် အထိုက်အလျောက် အောင်မြင်မှုရှိလာခဲ့ပြီး၊ ယခုနှစ်ဆိုလျှင် အကျဉ်းထောင်အတွင်း စာသင်ကျောင်းမှ ဆယ်တန်းဖြေဆိုသူ (၄)ဦး ရှိလာပြီဖြစ်ပါသည်။ အကျဉ်းထောင်အားလုံး ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသော 'အ'သုံးလုံးသင်တန်းများမှာလည်း အောင်မြင်မှုရရှိကာ စာဖတ်တတ်သော ဦးရေများပြားလာခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် စာဖတ်တတ်လာသူများ ရှေ့ဆက် တိုးတက်လေ့လာနိုင်ရန်အခွင့်အရေးမှာ နည်းပါးလျက်ရှိပါသည်။ အကြောင်းမှာ အကျဉ်းထောင်၊ အကျဉ်းစခန်းများရှိ စာကြည့်တိုက်များမှာ သေနေသော စာကြည့်တိုက်များဖြစ်နေခြင်းကြောင့်ဖြစ်ပါသည်။

အကျဉ်းထောင်တွင်း စာကြည့်တိုက်များ ထားရှိခြင်းနှင့် ပတ်သက်၍ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်လက်စွဲဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားသည်။ ၎င်းပြဋ္ဌာန်းချက်အရ ဝယ်ယူသော၊ လှူဒါန်းသော အင်္ဂလိပ်၊

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေ၊ စာအုပ်များဖြင့် အကျဉ်းထောင်တိုင်း၌ စာကြည့်တိုက်တစ်ခု ထားပေးရပါမည်။ အကျဉ်းသားများအား စာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းအသုံးပြုခွင့်ပေးရပါမည်။ စာမဖတ်တတ်သော အကျဉ်းသားများကို စာဖတ်တတ်သော အကျဉ်းသားက ဖတ်ပြစေနိုင်ပါသည်။

ဥပဒေတွင် ရှိပြီးဖြစ်သော်လည်း အကျောင်အထည်ဖော်မှု အားနည်းချက်မှာ စာကြည့်တိုက်များ ရှင်သန်အောင် ပြုလုပ်ပေးရေးပင် ဖြစ်ပါသည်။ စာကြည့်တိုက်များ ရှင်သန်အောင် ပြုလုပ်ခြင်းမှာ ရေရှည်လုပ်ငန်းဖြစ်၍ ပြင်ပရှိ စာကြည့်တိုက်များပင် ရေရှည် ရှင်သန်ရပ်တည်နိုင်ဖို့ မည်မျှခက်ခဲသည်ကို သိကြပြီးဖြစ်ပါသည်။ ပြင်ပတွင်မူ ဤစာကြည့်တိုက်တွင် ဖတ်လိုသော စာအုပ်မရှိလျှင် (သို့မဟုတ်) ဤစာကြည့်တိုက်ပိတ်လျှင် အခြားရနိုင်သော နေရာ၊ ဌာန၊ စာကြည့်တိုက်များမှ ရှာဖွေဖတ်ရှုရန် အခွင့်အလမ်းရှိပါသည်။ အကျဉ်းထောင်တွင်မူ ဤစာကြည့်တိုက်တစ်ခုသာ အားကိုးရာရှိသဖြင့် ဤစာကြည့်တိုက်ကိုပင် အသက်ဝင်အောင် မဖြစ်မနေလုပ်ရပါလိမ့်မည်။

ဤကိစ္စနှင့် ပတ်သက်၍ အကျဉ်းထောင်တာဝန်ခံ အရာရှိများ၏ စိတ်ပါဝင်စားမှုနှင့် စည်းရုံးရေးသည် များစွာအရေးကြီးပါသည်။ စာကြည့်တိုက်များ ရှင်သန်နေစေရန်အတွက် လစဉ် စာအုပ်များ ရရှိဖြည့်တင်းနိုင်ရန် မဖြစ်မနေ လိုအပ်ပါသည်။

ဤလိုအပ်ချက်အတွက် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မျှော်လင့်အားထားနေရုံမျှဖြင့် မအောင်မြင်နိုင်ပါ။ အကျဉ်းထောင်ဥပဒေ၌ပင် ရပ်မိရပ်ဖနှင့် ဒေ့သည်တော်များက အကျဉ်းထောင် စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် စာဖတ်ရန် ပစ္စည်းများ ပေးလှူဖို့ စိတ်ဝင်စားလာအောင် ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင် စာကြည့်တိုက်များ အစဉ်ရှင်သန်နေစေရေးအတွက် ပြဿနာ၏ အခြေခံအကြောင်းတရားမှာ ဤအချက်ပင်ဖြစ်ပါသည်။ အကျဉ်းထောင်တာဝန်ရှိသူများဘက်မှ အကျဉ်းထောင် စာကြည့်တိုက်များအား ပြည်သူလူထု စိတ်ဝင်စားအောင် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ရန် လိုအပ်သလို ပညာဉာဏ်၊ အသိဉာဏ်နည်းပါး၍ အမှားများ၊ ပြစ်မှုများအား ထပ်ဖန်တလဲလဲ ကျူးလွန်နေမိသော အကျဉ်းသားများအား ပြည်သူလူထုမှလည်း စာနာ နားလည် ကူညီသင့်လှပါပေသည်။

သို့ဖြစ်ရာ အကျဉ်းထောင် စာကြည့်တိုက်များအတွက် အဟောင်းဖြစ်စေကာမူ စာကောင်းပေကောင်းများနှင့် စာဖတ်ရန် ပစ္စည်းများ ပေးအပ်လှူဒါန်းသင့်ပါကြောင်း နှိုးဆော် တိုက်တွန်းအပ်ပါသည်။

၂၀၁၃၊ ဇွန်၊ ဘဝသစ်မဂ္ဂဇင်း

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



၄

## ဘဝသစ်သို့ ပြောင်းလဲခြင်း

ဘဝသစ်ဆိုလျှင် ဘဝဟောင်းတစ်ခုမှ နောက်ဘဝတစ်ခု (သို့မဟုတ်) ဘဝအခြေအနေတစ်ခုမှ နောက်ဘဝအခြေအနေတစ်ခုသို့ ကူးပြောင်းခြင်း၊ ပြောင်းလဲသွားခြင်းဟု သဘောပေါက်ကြပါသည်။ လူ့ဘုံနှင့် ကောင်းကင်ဘုံ၊ ငရဲဘုံမျှသာ ရှိသည်ဟု ယုံကြည်ကြသော ဘာသာဝင်များအဖို့ ဘဝသစ်ဆိုသည်မှာ ယခုလက်ရှိ လူ့ဘဝတွင်ပင် ဘဝအခြေအနေပြောင်းသွားခြင်းမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။ စာရေးလေးဘဝမှ အရာရှိကြီးဖြစ်သွားခြင်း၊ ဆင်းရဲသားဘဝမှ ထီပေါက်ပြီး သူဌေးကြီးဖြစ်သွားခြင်း၊ ကုမ္ပဏီပိုင်ရှင်ကြီးဘဝမှ ဒေဝါလီခံရပြီး လူမွဲဖြစ်သွားခြင်း၊ သူဌေးသားဘဝမှ ဘိန်းစားသူတောင်းစားဘဝရောက်သွားခြင်း စသည်များဖြစ်ပါသည်။

နိဗ္ဗာန်သို့ မရောက်မချင်း အပယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ စသည့် (၃၁)ဘုံ၌ ကျင်လည်ရသည်ဟု ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များအဖို့ ဘဝသစ်ဆိုသည်မှာ ယခုလက်ရှိ လူ့ဘဝတွင် အခြေအနေပြောင်းသွားခြင်းသာမက၊ သေလွန်ပြီးသည့်နောက် ခွေး၊ ဝက်၊ ငှက်၊ ပိုးလောက်

www.burmeseclassic.com

www.burmeseclassic.com



စသည့် တိရစ္ဆာန်ဖြစ်ရခြင်း၊ ပြိတ္တာဖြစ်ရခြင်း၊ ငရဲကျခံရသူဖြစ်ရခြင်း၊ နတ်ဖြစ်ရခြင်း၊ ဗြဟ္မာဖြစ်ရခြင်း စသည်များမှာလည်း ဘဝသစ်များသို့ ရောက်ရှိကူးပြောင်းသွားခြင်းများပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဘဝသစ်တိုင်း မကောင်း၊ ဘဝသစ်တိုင်း လက်ရှိအခြေအနေထက် မသာလွန်ဘဲ လက်ရှိ အခြေအနေထက် နိမ့်ကျဆိုးယုတ်သွားနိုင်သည်ဟုလည်း သိမြင်နိုင်ပါသည်။

အသိပညာ၊ အတတ်ပညာနည်းပါး၍ ဆင်ခြင်တုံတရား နည်းပါး၍ ဝမ်းစာမပြည့်စုံ၊ မဖူလုံ၊ ဆင်းရဲဒုက္ခရောက်ကြရ၍ ခိုးဆိုးလုယက် စသော ရာဇဝတ်ပြစ်မှုများကို ကျူးလွန်မိပြီး အကျဉ်းကျခံနေရသော ရာဇဝတ် အကျဉ်းသားများအား အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ လက်ရှိ ဘဝအခြေအနေထက် သာလွန်ကောင်းမွန်သော ဘဝသစ်သို့ ကူးပြောင်း ရောက်ရှိနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနသည် ရည်မှန်းချက်များ ချမှတ်ပြီး တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းထောင်/ စခန်းများတွင် ဘာသာရေးနည်းလမ်းများ၊ စာပေ သင်ကြားခြင်း၊ စည်းရုံးဟောပြောဆွေးနွေးခြင်းများ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်သမားပညာ၊ စက်ချုပ်၊ ဇာထိုး ပန်းထိုး၊ ကွန်ပျူတာ၊ အလှပြင်၊ နိုင်ငံခြားဘာသာစကား၊ ပန်းချီ၊ ပန်းပု စသည့် ပညာရပ်များကို အခြေအနေပေးသည်နှင့်အမျှ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်တန်းပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အကျဉ်းဦးစီးဌာနသည် ဘဏ္ဍာငွေကြေး၊ ကျွမ်းကျင်သူများ၊ နည်းပြများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်တန်း ကျောင်းများ စသည့် ဖွဲ့စည်းပုံဆိုင်ရာ အခက်အခဲများနှင့် မပြည့်စုံမှုများ ကြားမှ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေကြရခြင်းဖြစ်ရာ အပြည့် အားပြည့် ကွက်လပ်မကျန် ဖြည့်ဆည်းသင်ကြား လေ့ကျင့်ပေးနိုင်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ချက်များ ရှိနေပါသေးသည်။ အကျဉ်းထောင်စခန်းများတွင် ထိုသို့ဆောင်ရွက်နေသည့်အပြင် အကျဉ်းသားများ ထောင်မှလွတ်သည့်အခါ ကောင်းသော ဘဝသစ်သို့ ရောက်ရှိနိုင်ရေးအတွက် ရည်ရွယ်ချက် (၆)ချက် ချမှတ်ပြီး ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းများ တည်ဆောက်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်နေရာ ရည်ရွယ်ချက် (၆)ချက်တွင် ပါဝင်သော အောက်ပါ ရည်ရွယ်ချက် (၂)ချက်ကို ကြည့်ခြင်းဖြင့် အကျဉ်းသားများအတွက် ဘဝသစ်ရည်မှန်းချက်ကို သိရှိနိုင်ပါသည်။

အိုးမဲ့အိမ်မဲ့၊ အလုပ်လက်မဲ့၊ လယ်ယာမြေမဲ့ အကျဉ်းသားများကို အပြစ်ဒဏ်ကျခံနေစဉ်ကာလအတွင်းနှင့် ပြစ်ဒဏ်ကာလကုန်ဆုံးပြီးနောက် အိုးပိုင်အိမ်ပိုင်၊ လယ်မြေပိုင်ဆိုင်ပြီး ဘဝသစ်တစ်ခုအဖြစ် အတည်တကျနေထိုင်လုပ်ကိုင် စားသောက်နိုင်ရန်။

BURMESE CLASSIC .com

အကျဉ်းသားများ နောက်တစ်ကြိမ် ထပ်မံပြစ်မှုကျူးလွန်လိုသောစိတ်ပ,ပျောက်ပြီး လူကောင်းသူကောင်းများဖြစ်လာကြစေရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

အကျဉ်းကျခံနေရသော အကျဉ်းသားများ၏ ကောင်းသော ဘဝသစ်အတွက် အကျဉ်းဦးစီးဌာနမှ ဤသို့ကြိုးပမ်းဆောင်ရွက်နေရုံမျှဖြင့် အကျဉ်းသားများ ထောင်မှလ[illegible]သည့်အခါ ကောင်းသော ဘဝသစ်များသို့ ရောက်ရှိသွားကြခဲ့ပြီလားဟု သုတေသနပြု ဆန်းစစ်ချက် ထုတ်ကြည့်ပါလျှင် အောင်မြင်မှုအနေဖြင့် အင်မတန့်. . . .အင်မတန်သေးငယ်သော ကိန်းဂဏန်းတစ်ခုကိုသာ တွေ့ကြရမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် အကျဉ်းသားများ ကောင်းသော ဘဝသစ်သို့ ရောက်ရှိရန်မှာ ကာယကံရှင် အကျဉ်းသားကိုယ်တိုင်၏ လိုလားပြင်းပြသော ဆန္ဒရှိဖို့ လိုအပ်ခြင်းနှင့် ပတ်ဝန်းကျင်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်ဖြင့် စနစ်တကျပံ့ပိုးကူညီမှု လိုအပ်ခြင်း စသည့် အချက်နှစ်ချက်ကြောင့် ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤနေရာတွင် ကာယကံရှင် အကျဉ်းသားများအနေဖြင့် အခြေအနေပေး၊ အခွင့်အရေးပေးလျှင် ကောင်းမွန်သော ဘဝသစ်တွင် လူကောင်းသူကောင်းများအဖြစ် နေထိုင်လိုသော ဆန္ဒရှိကြသည်ဆိုခြင်းမှာ အငြင်းပွားရမည့်အချက်မဟုတ်ပါ။ အခွင့်အရေးမရရှိ၊ အခြေအနေမပေးသဖြင့်သာ ဒုံရင်း ဒုံရင်းဘဝများသို့ ပြန်လည်ဆင်းသက် နစ်မျောနေကြရခြင်းဖြစ်ပါသည်။ အခြေအနေနှင့် အခွင့်အရေးပေးပါလျက် တစ်သက်လုံး ပြည့်တန်ဆာဘဝနှင့် နေလိုသူ၊ သူခိုး၊ ဓားပြ၊ လူလိမ်ဘဝဖြင့် နေလိုသူ အလွန့်အလွန်ရှားပါးပါလိမ့်မည်။ ဝါသနာဗီဇကြောင့်သာ အနည်းအကျဉ်းရှိနိုင်ပါသည်။

BURMESE CLASSIC

သို့ဖြစ်ရာ အကျဉ်းသားများ ထောင်မှလွတ်သည့်အခါ ကောင်းမွန်သော ဘဝသို့ ကူးပြောင်းရောက်ရှိရေးမှာ ပတ်ဝန်းကျင်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်ဖြင့် စနစ်တကျ ပံ့ပိုးကူညီစောင့်ရှောက်မှုသည် များစွာအရေးပါကြောင်း သိသာထင်ရှားပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် **လွတ်လူအကျဉ်းသားများ စောင့်ရှောက်ရေး**ပင် ဖြစ်ပါသည်။ အကျဉ်းသားများနှင့် အနီးကပ်နေရ၍ ဤအချက်ကို ကောင်းစွာ သဘောပေါက်သော အကျဉ်းဌာနဝန်ထမ်းအရာရှိများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဤအကြောင်းကိစ္စနှင့်ပတ်သက် ဆက်စပ်၊ တိုက်ဆိုင်၊ ဆုံဆည်းသမျှ ပြော၊ ဟော၊ ရေးသားလှုံ့ဆော်ခဲ့ကြသော်လည်း ကိုယ်တိုင် အကောင်အထည်ဖော်ရန်မှာမူ အခွင့်အာဏာနှင့် လုပ်ကိုင်ခွင့်ဘောင် ကျဉ်းမြောင်းမှုကြောင့် မဆောင်ရွက်နိုင်ခဲ့ကြပါ။

ယခုအခါ နိုင်ငံရေးအကျဉ်းသားများအတွက် ကူညီပံ့ပိုးစောင့်ရှောက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ဆောင်ရွက်နေကြပြီဖြစ်ရာ၊ တိုးတက်မှုတစ်ရပ်ဖြစ်၍ ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း သာမန် ရာဇဝတ်အကျဉ်းသားများ

www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီစောင့်ရှောက်ရန်၊ အထူးသဖြင့် လွတ်လူအကျဉ်းသားများ စောင့်ရှောက်ရန်(After care)အတွက် အရေးတယူ၊ ဂရုတစိုက်၊ မစဉ်းစား မဆောင်ရွက်ကြသေးသည်မှာ များစွာ ဝမ်းနည်းစရာကောင်းလှပါသည်။

အနောက်နိုင်ငံများတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တစ်ကျော့ပြန် သံသရာလည်နေသော လူဆိုးလူမိုက်များ လျော့ပါးရေးအတွက် လွတ်လူအကျဉ်းသားများစောင့်ရှောက်ရေး၏ အရေးပါပုံကို သိရှိပြီး နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများ ပေါင်းစပ်ကာ ဆောင်ရွက်ခဲ့ကြပါသည်။

ဒေသ၊ မြို့နယ်အလိုက် အကျဉ်းဌာနထောင်ပိုင်များ၊ ရဲအရာရှိများ၊ ရပ်ရွာမျက်နှာဖုံးလူကြီးများ၊ လုပ်ငန်းရှင်များ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ လူမှုရေးစိတ်ဝင်စားသူများဖြင့် ဖွဲ့စည်းကာ တစ်နယ်နှင့် တစ်နယ်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြောင်းကြားဆက်သွယ်ကာ ဆောင်ရွက်ကြပါသည်၊ အကျဉ်းသား လွတ်မည့်ထောင်မှ ထောင်ပိုင်သည် အကျဉ်းသား မလွတ်မီကပင် အကျဉ်းသားပြန်ရမည့် ဒေသရှိ အဖွဲ့နှင့် ဆက်သွယ်ကာ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၏ အခြေအနေ၊ တတ်မြောက်သွားသော အတန်းပညာနှင့် အသက်မွေးမှုလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည်များကို အသိပေး အကြောင်းကြားပါသည်။

အကျဉ်းထောင်ရှိသည့် ဒေသခံအဖွဲ့အစည်းမှလည်း အကျဉ်းသား နေရပ်ပြန်ရန်အတွက် ခရီးသွားလာမှု၊ စားသောက်မှုတို့ အဆင်ပြေရန် ကူညီဆောင်ရွက်ပေးပါသည်၊ အကျဉ်းသား၏ နေရပ်တွင်ရှိသော အဖွဲ့အစည်းသည် အကျဉ်းသားမရောက်မီ ကြိုတင်ပြင်ဆင်သင့်သည်များ ကြိုတင်ပြင်ဆင်ထားပေးခြင်း၊ အကျဉ်းသား တတ်မြောက်လာသော အသက်မွေးဝမ်းကျောင်းပညာဖြင့် အလုပ်အကိုင်လုပ်ကိုင်နိုင်ရန် ကူညီပေးခြင်း၊ လူဆိုးလူမိုက်အဆက်အသွယ်ဟောင်းများမှ ပြန်လည် မဆက်သွယ်နိုင်ရန် ကာကွယ်ပေးခြင်း၊ မိသားစုနှင့် ပတ်ဝန်းကျင်မှ မှန်ကန် လှယ်ကူစွာ

www.burmeseclassic.com



နားလည်လက်ခံရန်အတွက် စည်းရုံး၊ ပညာပေးခြင်း စသည်များ ဆောင်ရွက်ပါသည်။ အသေးစိတ်အနေဖြင့်မူ လုပ်ငန်းများမှာ များစွာကျယ်ဝန်းပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူ့ဘောင်၊ လူ့လောက၊ လူ့အဖွဲ့အစည်းတစ်ရပ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် ရာဇဝတ်အကျဉ်းသားများအား ပစ်ပယ်မထားရန်နှင့် အကျဉ်းသားလွတ်လူများကို စောင့်ရှောက် ကူညီရန် မလွဲမသွေလိုအပ်ပါသည်။ မုချလုပ်ရမည့်အလုပ်လည်းဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံ့အရေးနှင့် လူမှုရေးတို့တွင် စိတ်ပါဝင်စားသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး လွတ်လူအကျဉ်းသားများ စောင့်ရှောက်ရေးကို ဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၂၀၁၃၊ ဩဂုတ်၊ ဘဝသစ်မဂ္ဂဇင်း

☆☆☆



www.burmeseclassic.com